ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ (18-3-2015) (၈၁၄၈)

**ယာဝဇီဝမ္ပိစေဗာလော၊ ပဏ္ဍိတံပယိရုပါသတိ။**
**နသောဓမ္မံဝိဇာနာတိ၊ ဒဗ္ဗီသူပရသံယထာ။**

ယောက်မသည် ဟင်း၏ အရသာကို မသိသကဲ့သို့ လူမိုက်သည် အသက်ရှည်သမျှ ကာလပတ်လုံး ပညာရှိကို ဆည်းကပ်စေကာမူ သူတော်ကောင်းတရားကို မသိနိုင်။

(ဓမ္မပဒ)

**ထူးခြားသည့် နေ့အပူချိန်များ**
ချောက်
၄၂ ဒီဂရီစင်တီဂရိတ်
ဘော်လခဲ
၄၂ ဒီဂရီစင်တီဂရိတ်
မကွေး
၄၁ ဒီဂရီစင်တီဂရိတ်
အောင်လံ
၄၁ ဒီဂရီစင်တီဂရိတ်
ဂန့်ဂေါ
၄၁ ဒီဂရီစင်တီဂရိတ်

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ရွေးကောက်ပွဲကော်မရှင်မှ တောင်းခံထားသည့် ဧည့်ခံကျွေးမွေးစရိတ် ကျပ်သန်း ၅၇၀၀ ကျော် များပြားလွန်းကြောင်း လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်း၏ ဆွေးနွေးချက်အပေါ် ၂၀၁၅ ရွေးကောက်ပွဲတွင် မဲရုံ ၄၆၄၇၉ မှ မဲရုံအဖွဲ့ဝင်များအတွက် ကျွေးမွေးစရိတ်ငွေကျပ် ၄၆၀၂ ဒသမ ၄၁၁ သန်းပါဝင်ကြောင်း ရွေးကောက်ပွဲကော်မရှင်က ရှင်းလင်းတင်ပြ



ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

**နေပြည်တော် မတ် ၁၇**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၂၈)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ မူနှင့်အခြေခံသဘောအပါအဝင် ရငွေသုံးငွေများ ဆွေးနွေးခြင်းအပေါ် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်**က ရှင်းလင်းရာတွင် လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်က ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းသည် ငွေကျပ်(၆)ဘီလီယံ အမြတ်ရှိသည်ဟု ဝန်ကြီးဌာနမှရှင်းလင်းသွားပါကြောင်း၊ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✳**

**ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ဝင်ငွေများအနက် အထွေထွေဝင်ငွေသည် နှစ်စဉ် ကျပ်သန်း(၁၀၀)ကျော်သာဖြစ်ပြီး အများစုမှာ သတင်းစာ ရောင်းရငွေနှင့် ကြော်ငြာဝင်ငွေတို့ဖြစ်။**

# (၇)ကြိမ်မြောက် တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ်(မူကြမ်း) ဆွေးနွေးပွဲ ပြန်လည်စတင်

**ရန်ကုန် မတ် ၁၇**

ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT)တို့၏ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ်(Nationwide Ceasefire Agreement-NCA)အတွက် သတ္တမအကြိမ်မြောက် အစည်းအဝေးကို ၂၀၁၅ ခုနှစ် မတ် ၁၇ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာန(MPC)၌ ပြန်လည်ကျင်းပခဲ့သည်။**(ယာပုံ)**

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ○**



အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လေ့လာသုံးသပ်ခြင်း(၂)

စာမျက်နှာ » ၆၊ ၇

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၌ ဆက်လက်ကြားနာ

စာမျက်နှာ » ၇



**ကြေးမုံ စာတည်းရှုထောင့်** ၁၈-၃-၂၀၁၅၊ ဗုဒ္ဓဟူးနေ့

## စာဖတ်ရှိန်မြင့်မားရေး ဝိုင်းဝန်းပေး

အခြေခံစာ အရေးအဖတ်မတတ်ခြင်းသည် မျက်စိအမြင်ကောင်းနေပါလျက် တိမ်သလ္လာဖုံး အမှောင်လွှမ်းနေသည်နှင့်တူသည်။ မျက်စိအမြင်ကား မျက်တောင်တစ်ဆုံးသာ မြင်နိုင်စွမ်းသည်။ စာပေဗဟုသုတနှင့် နွယ်သော ပညာမျက်စိမူကား အရာအားလုံးအတွင်းအပြင်မရှိ ထိုးဖောက်မြင်နိုင်စွမ်းသည့် အလင်းဓာတ်တစ်မျိုးဟုဆိုနိုင်ပါသည်။

၂၁ ရာစုကို ပညာခေတ်ဟု ညွှန်းဆိုထားရာ လေ့လာဆည်းပူးသင်ယူစရာ ပညာဘဏ်တိုက်ကို စာပေသော့နှင့် ဖွင့်ကြရစမြဲပါ။ လက်တွေ့ဆည်းပူးသင်ယူ၍ရသည်ဆိုငြားလည်း မှတ်စုမှတ်ရာ အခေါ်အဝေါ် အသုံးအနှုန်းမှအစ ရေးမှတ်သိထားနိုင်ရန် အခြေခံစာတတ်မြောက်ဖို့ လိုအပ်ပါသည်။

မိမိတို့နိုင်ငံ လွတ်လပ်ရေးရပြီးကတည်းက နိုင်ငံသားအားလုံး အခြေခံစာတတ်မြောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး ဆောင်ရွက်ခဲ့ကြသည်။ လွတ်လပ်ရေးရပြီးခါစ တည်ဆောက်ရေးကာလတွင် ပြင်းထန်လွန်းသော ပြည်တွင်းစစ်ဘေးစစ်ဒဏ်ကြောင့် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု အရာမထင်မှေးမှိန်နေခဲ့ရသည်။ ၁၉၆၄ ခုနှစ်ရောက်မှ အစပြုလာနိုင်ခဲ့ပြီး အရှိန်အဟုန်မြင့်ဆောင်ရွက်လာခဲ့ရာ ယခုဆိုလျှင် တစ်နိုင်ငံလုံး သက်ကြီးရွယ်အိုစာတတ်မြောက်နှုန်း ၉၅ ရာခိုင်နှုန်း ကျော်လွန်သွားခဲ့ပြီဖြစ်သည်။

တစ်ဖက်မှာ စာမတတ်သူပပျောက်ရေးအတွက် ဆောင်ရွက်ပေးနေသလို စာတတ်ပြီးသူများ စာဖတ်နိုင်ရန် ရွာတစ်ရွာ စာကြည့်တိုက်တစ်ခုဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးလာခဲ့ရာ ယခုဆိုလျှင် တစ်နိုင်ငံလုံးတွင် စာကြည့်တိုက်ပေါင်း ငါးသောင်းငါးထောင်ကျော်ထိ ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သည်။ ပညာဟူသည် ‘ဓား’ပမာကဲ့သို့ အသုံးမပြုဘဲ ချောင်ထိုးထားပါက သံချေးတက်၊ ပျက်စီးသွားသည်။ ဓားကဲ့သို့ပင် တတ်ထားသည့်ပညာကိုလည်း စွမ်းရည်ထက်မြက်အစဉ်ရှိစေရန် စာဖတ်ရှိန်မြင့်တင်ပေးသွားဖို့ လိုအပ်ပါသည်။ စာဖတ်ရှိန်မြင့်တင်၊ စာမဖတ်သူပပျောက်ရေးအတွက် ကျေးလက်စာကြည့်တိုက်များက စွမ်းဆောင်ပေးသွားနိုင်ပါသည်။

မြို့ပြမှာ စာမတတ်သူမရှိသလောက်ပင်။ ဖတ်စရာ“စာနယ်ဇင်း” များကလည်း ရေကန်အသင့် ကြာအသင့်။ ကျေးလက်တွင်မူ ဖတ်စရာစာအုပ်စာပေ ရှားပါးနေဆဲ။ မြို့ပြလူစည်ကားရာ အရပ်များမှာ ကားမှတ်တိုင်များမှအစ “စာပေရေချမ်းစင်”များရှိသည်။ ဖတ်ချင်စိတ်ဖြင့် စာဖတ်ကြဖို့သာ လိုပါသည်။

ဤစာပေရေချမ်းစင်များကို စာကြည့်တိုက်များမရှိသေးသည့် တောရွာစာသင်ကျောင်းများတွင် ထားပေးနိုင်လျှင် အကျိုးကျေးဇူး ထူးနိုင်ပါသည်။ မြို့နယ်အဆင့်တွင် တာဝန်ရှိသူများ ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်သည့်နည်းတူ အဆိုပါမြို့နယ်ရှိ ကျေးလက်ဒေသများနှင့် ကျေးလက်စာသင်ကျောင်းများတွင် “စာပေရေချမ်းစင်များ”ထားရှိပေးနိုင်လျှင် စည်စည်ကားကားရှိနေမည်မှာ အမှန်ဖြစ်ပါသည်။ ဤလုပ်ဆောင်ချက်သည် လိုအပ်ချက်ရှိသည့်နေရာ ရေနည်းရာအရပ်တွင် မိုးရွာသွန်းဖြိုးသကဲ့သို့ပင်ဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးမှုတွင်လည်း တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်စေမည်အမှန်ဖြစ်ပါသည်။

ယခုနှစ်တွင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို တစ်နိုင်ငံလုံးရှိ မြို့နယ် ၃၀ တွင် လုပ်ဆောင်သွားရန်လျာထားကြောင်း သိရသည်။ စီမံချက်ရေးဆွဲနေပြီဖြစ်ရာ အခြေအနေပေါ်မူတည်၍ မြို့နယ် ၅၀ လည်းဖြစ်သွားနိုင်ကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

တစ်နိုင်ငံလုံးတွင် စာမတတ်သူပပျောက်ရေး၊ စာမဖတ်သူမရှိစေရေးအတွက် ဘက်ပေါင်းစုံမှ စီမံဆောင်ရွက်ပေးနေချိန် မြို့ပြစာပေရေချမ်းစင်များသည်လည်း တစ်တပ်တစ်အား ပူးပေါင်းပါဝင်ပြီး ကျေးရွာအရောက်ခရီးပေါက်လျက် အားဖြည့်ပေးနိုင်ကြပါစေဟု ကြေးမုံက ဆန္ဒပြုလိုက်ရပါသည်။ ။

## မိဘဆရာအသင်းများ၏ဦးဆောင်မှုဖြင့် အခြေခံပညာကျောင်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် မတ် ၁၇**

အခြေခံပညာကျောင်းများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မိဘဆရာအသင်းများ၏ ဦးဆောင်မှုဖြင့် လုပ်ငန်းများထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စနှင့် အခြေခံပညာရေးဆိုင်ရာကိစ္စများ ဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီ၊ အခြေခံပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပညာရေးသုတေသန အဖွဲ့ ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ညွှန်ကြားရေးမှူးများ(ပညာ) နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားပြီး အခြေခံပညာကျောင်းများတွင် မိဘဆရာအသင်း၊ ကျောင်းကောင်စီများ ဖွဲ့စည်းဆောင်ရွက်နေမှုများ၊ မိဘဆရာအသင်းများ၏ ဆောင်ရွက်မှု အခြေအနေတို့ကို ကွင်းဆင်းသုတေသနပြုတွေ့ရှိချက်များနှင့် လက်တွေ့ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခြေအနေများကို တက်ရောက်လာကြသူများက တင်ပြကြသည်။

ဆက်လက်၍ ကျောင်းအပ်နှံရေးနေ့ ရက်သတ္တပတ် လှုပ်ရှားမှုများ၊ ကျောင်းသား အားကစားပွဲတော်ကျင်းပရေး၊ ကျောင်းစာကြည့်တိုက်များ တည်ထောင်ရေးတို့ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆောင်ရွက်ရာတွင် မိဘဆရာအသင်းများ ဦးဆောင်မှု၊ ကျောင်းကောင်စီများ၏ ပါဝင်မှုတို့ဖြင့် လုပ်ငန်းများအောင်မြင်ထိရောက်စွာ ဝိုင်းဝန်းဆောင်ရွက်ရေး၊ ကျောင်းများတွင် မိဘဆရာအသင်း အစည်းအဝေးများ သုံးလတစ်ကြိမ်ကျင်းပပြီး ညှိနှိုင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များ ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု ဒုတိယအသုတ် ရွေးချယ်ခံရသူများနှင့် တတိယအသုတ် ရွေးချယ်ခံရသူများ လူတွေ့ဖြေဆိုရမည့် နေ့ရက်ထုတ်ပြန်

**နေပြည်တော် မတ် ၁၇**

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုအတွက် ပညာရေးဝန်ကြီးဌာန Website ဖြစ်သော www.myanmar-education.edu.mm တွင် ဖေဖော်ဝါရီ ၅ ရက်က ထုတ်ပြန်ကြေညာခဲ့သည့် ဒုတိယအသုတ် လူတွေ့ဖြေဆိုရန် ရွေးချယ်ခံရသူ ၁၇၂ ဦးနှင့် မတ် ၁၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည့် တတိယအသုတ် လူတွေ့ဖြေဆိုရန် ရွေးချယ်ခံရသူ ၅၆၄ ဦး စုစုပေါင်းရွေးချယ်ခံရသူ ၇၃၆ ဦး သည် ဧပြီ ၁ ရက်မှစ၍ လူတွေ့ဖြေဆိုရမည်ဖြစ်သည်။

မွေးမြူရေးနှင့် ဆေးကုသရေး၊ စိုက်ပျိုးရေးနှင့် သစ်တောပညာရပ် များအတွက် လျှောက်ထားသူများသည် နေပြည်တော်(ရေဆင်း)ရှိ သက်ဆိုင်ရာတက္ကသိုလ်များတွင် ဖြေဆိုရမည်ဖြစ်ပြီး ကျန်ပညာရပ်များအတွက် လျှောက်ထားသူများသည် ရန်ကုန်မြို့၌ လူတွေ့ဖြေဆိုရမည် ဖြစ်သည်။

လူတွေ့ဖြေဆိုရမည့် ကျောင်းသား ကျောင်းသူများအနက် နောက်ဆုံးအခြေအနေကိုဖော်ပြသည့် Updated အချက်အလက်များ ဖြည့်စွက်ထားသော ကိုယ်ရေးမှတ်တမ်းပုံစံကို scholarmm2015@gmail.com သို့ မပေးပို့ရသေးသူများအားလုံးသည် မတ် ၂၄ ရက်အရောက် pdf. format ဖြင့် အီးမေးလ်ပေးပို့ရန် လိုအပ်ပါသည်။

လူတွေ့ဖြေဆိုရမည့် နေ့ရက်၊ အချိန်၊ နေရာ အသေးစိတ်နှင့်ကြေညာချက်များကို မတ် ၂၅ ရက်နေ့မှစတင်၍ www.myanmar-education.edu.mm Website တွင် ဖော်ပြမည်ဖြစ်ပြီး တစ်ဦးချင်းထံသို့လည်း အီးမေးလ်ဖြင့် အကြောင်းကြားမည် ဖြစ်သည်။

လူတွေ့ဖြေဆိုရန်လာရောက်ချိန်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း၊ ဘွဲ့လက်မှတ်မူရင်း၊ အမှတ်စာရင်းမူရင်း၊ မိမိ၏စိတ်ဝင်စားမှု၊ ပညာရေးရည်မှန်းချက်နှင့် ဘဝရှေ့ရေးအစီအစဉ်အကြောင်း အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော စာလုံးရေ ၄၅၀ ခန့် Scholarship Essay၊ နောက်ဆုံးအခြေအနေကို ဖြည့်စွက်ထားသော Updated ကိုယ်ရေးမှတ်တမ်း ငါးစုံတို့ကို တစ်ပါတည်းယူဆောင်လာရမည်ဖြစ်ကြောင်းနှင့် လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများကို ပညာသင်ဆုရွေးချယ်ရေးကော်မတီက နောက်တစ်ဆင့် ဆန်ခါတင်ရွေးချယ်၍ ဘာသာရပ်အလိုက် ထူးချွန်သူများကို နိုင်ငံတကာတက္ကသိုလ်များသို့ လျှောက်ထားနိုင်ရေး ကြေညာသွားမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။ **(ကြေးမုံ)**

### ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ် ၁၇**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၆၃၃၀၀ | - | ၆၆၄၃၀၀ |
| မန္တလေး | ရွှေဈေး | ၆၆၃၀၀၀ | - | ၆၆၄၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၇၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၆၂၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၇၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၂၇.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၀၈၅.၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၃.၉၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၀.၁၈၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၇၇.၈၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆.၃၅၀ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၄၅.၆၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၀.၈၀၁ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၇၈၄.၇၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၃၉.၂၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။




**ရွှေထီပ်တန်း ❄ ချောင်းသာ(နေ့စဉ်)**
+ ရွှေစက်တော်၊ အလောင်းတော်ကဿပ
+ ရွှေစက်တော်၊ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး
+ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ်စမ်းလှိုဏ်ဂူ
+ အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင်
ကျိုက်ထီးရိုး (နေ့စဉ်) ငွေဆောင် (သောကြာ) စီးလုံးငှားလက်ခံသည်
သင်္ကြန်တွင်း ပိတ်ရက်မရှိပါ | ကြိုတင်လက်မှတ်ရောင်းပြီ
01-701015,01-710436,09-5403844,09-5044830

**Journey Star Travels & Tour**
**License 1077**
၁၃ ဧပြီ/၁၇ ဧပြီ ထွက်မည်
♦ ရန်ကုန်-တောင်ကြီး-အင်းလေး-ပင်းတယ-ကလော(၄ ည/၅ရက်)
♦ ပုဂံ-ပုပ္ပါး-ပခုက္ကူ (၃ ည/၄ရက်)
♦ မန္တလေး-စစ်ကိုင်း-ပြင်ဦးလွင် (၃ ည/၄ရက်)
သင်္ကြန်အထူး ခရီးစဉ်
အထူးခရီးစဉ်များကို မတ်လအတွင်း ကြိုတင် Booking လုပ်ပါက Discount ရှိပါသည်။
အမှတ်(၁၆၅)၊ ပထမထပ်၊ ၃၅လမ်း၊ အလယ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁-၂၅၂၄၂၅၊ ၃၇၄၀၀၃၊ ၀၉-၄၀၁၆၅၁၂၃၁
Hotline:09-5068731

**စိန်ဝင်း နှင့် ရောင်းရင်းများ** **မဟာသကြ်န်** ဘုရားဖူးခရီးစဉ်
**မန်းရွှေစက်တော်နှင့်**
**ခရီးစဉ်အားလုံး ဧပြီ ၁၁၊ ၁၂၊ ၁၃ ထွက်မည်။**
**ကျိုက်ထီးရိုး(နေ့စဉ်)၊ ချောင်းသာ(နေ့စဉ်)**
၂၂၉၊ ပန်းဆိုးတန်း(အပေါ်လမ်း)။ ဖုန်း-01-249871, 255553, 389611, 095137245

**ကား** မျိုးစုံ
(Alphard/Crown/MarkII/... Hiace ...)
Ph:09795549249,095418126

**Grammar & Spoken English**
Grade-(5,6,7,8,9) ကျောင်းသားကျောင်းသူများအတွက်
ကျောင်းစာအထောက်အကူပြု Special Grammar Class
**Starts on-9-3-2015**
**General English 4 Skills (Adults)**
**Spoken English (Adults)**
**Ph:09-43065971,09-795703172**

**သွေးသည် အသက်**

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာနှင့် လွှတ်တော်ကိုယ်စားလှယ်များနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေး



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်။

နေပြည်တော် မတ် ၁၇

**ယနေ့ကျင်းပသည့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(၂၈)ရက်မြောက်နေ့တွင် ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏အစီရင်ခံစာနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ မူနှင့် အခြေခံသဘောအပါအဝင် ရငွေသုံးငွေများ ဆွေးနွေးခြင်းအပေါ် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။**

ထိုသို့ ရှင်းလင်းရာတွင် ပြည်ထောင်စုဝန်ကြီးက နှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် ပတ်သက်၍ အစိုးရအသီးသီးနှင့် လွှတ်တော်အသီးသီးသည် ဖွဲ့စည်းပုံအခြေခံဥပဒေက ချမှတ်ပေးထားသည့်လုပ်ငန်းတာဝန်များကို စနစ်တကျ ထမ်းဆောင်နေကြခြင်းဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၀(ခ)၊ ပုဒ်မ ၁၀၃(က)(ဃ) (င)(စ)တို့နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ထို့အတူ ပြည်ထောင်စုလွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၃(က)(ခ)(ဂ) (င)တို့နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ထို့ပြင် ပြည်ထောင်စုအစိုးရက ဥပဒေကြမ်းကို တင်သွင်းခြင်းမပြုမီ ဘဏ္ဍာရေးကော်မရှင်ကလည်း ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၃၀ နှင့်အညီ စိစစ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

ထိုသို့ ဆောင်ရွက်ကြရာတွင် တူညီသောရည်ရွယ်ချက်နှင့် ဦးတည်ချက်မှာ ပြည်သူ့ဘဏ္ဍာငွေနှင့် သက်ဆိုင်သော ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးကိစ္စရပ်များကို နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားအတွက် အားထုတ်ကြိုးပမ်း၍ ဆောင်ရွက်ကြခြင်းပင်ဖြစ်ပါကြောင်း၊ အလားတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များသည်လည်း ယခုကဲ့သို့ ဆောင်ရွက်နေကြပါကြောင်း။

ယခုကဲ့သို့ ဆောင်ရွက်နေကြသည့် ဘတ်ဂျက်အသီးသီးကို ချိတ်ဆက်ထားခြင်းမှာ အထက်တွင် တင်ပြခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၃၀ ပါ ဘဏ္ဍာရေးကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များပင် ဖြစ်ပါကြောင်း၊ ပြည်ထောင်စု၏ ဘတ်ဂျက်မှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ ဘတ်ဂျက်သို့ ပေးအပ်ကူညီနိုင်ရန် နည်းလမ်း(၃)ခုရှိသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ယင်းနည်းလမ်းများမှာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ဘဏ္ဍာငွေများကို သင့်လျော်သလို ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စတစ်ရပ်အနေဖြင့် ထောက်ပံ့ခြင်း၊ ချေးငွေများခွင့်ပြုခြင်းတို့ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးက ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းဟုခေါ်သည့်ကိစ္စကို ဆွေးနွေးသွားပါကြောင်း၊ ယင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေါ်ဆိုခြင်းဖြစ်ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးဇေယျာသော်၏ ဆွေးနွေးချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးလိုပါကြောင်း၊ ပထမအချက်ဖြစ်သည့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဘတ်ဂျက်သည် သုံးရာခိုင်နှုန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဘတ်ဂျက်သည် လေးရာခိုင်နှုန်းသာရှိသည်ကို ကြည့်ခြင်းဖြင့် ယခုနှစ်ဘတ်ဂျက်သည် မြန်မာနိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများအတွက် အလေးပေးပြီး ရေးဆွဲထားသည့် ဘဏ္ဍာရေးစီမံကိန်းတစ်ခု မဟုတ်ကြောင်းကို ဝေဖန်ထောက်ပြထားသည့်အချက်နှင့် ပတ်သက်၍ ဘတ်ဂျက်တွင်ပါဝင်သော အဖွဲ့အစည်းများအားလုံးသည် သူ့ကဏ္ဍနှင့်သူ၊ သူ့တာဝန်နှင့်သူ ခွဲဝေရရှိသော အသုံးစရိတ်များကို သုံးစွဲကြရာတွင် တစ်နိုင်ငံလုံးအတွက် သုံးစွဲကြခြင်းဖြစ်ပါကြောင်း၊ ထိုသို့သုံးစွဲကြရာတွင် ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများအတွက်လည်း ပါဝင်ပါကြောင်း။

ဥပမာ-ပညာရေး၊ ကျန်းမာရေး အသုံးစရိတ်များသည် မြို့ပြနှင့် ကျေးလက်ပါသုံးရသော အသုံးစရိတ်မျိုးများဖြစ်ပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသုံးစရိတ်မှ စိုက်ပျိုးရေးအသုံးစရိတ်တစ်ခုတည်း မဟုတ်ပါကြောင်း၊ သမဝါယမဝန်ကြီးဌာနက အသုံးပြုသည့် လယ်ယာသုံး စက်ကိရိယာများ ပံ့ပိုးသည့်အသုံးစရိတ်၊ စက်မှုဝန်ကြီးဌာနကသုံးသည့် လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်မှုအသုံးစရိတ်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပံ့ပိုးကူညီသည့် စိုက်ပျိုးရေးစရိတ်ချေးငွေ၊ ဓာတ်မြေဩဇာရောင်းချပေးမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ပြည်ထောင်စုက သီးခြားထောက်ပံ့မှု စသည့် အသုံးစရိတ်များသည် ကျေးလက်နေပြည်သူများအတွက် သုံးစွဲကြသော အသုံးစရိတ်များ များစွာပါဝင်နေပါကြောင်း။

တတိယအချက်အနေဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် စုစုပေါင်း ဘတ်ဂျက်၏ ၂၀% ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် လိုငွေဖြည့်ဆည်းခြင်းမှာ ကျပ် (၁၇၀၂ ဒသမ ၂၇၆) ဘီလီယံ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ထောက်ပံ့ကြေးကျပ် (၁၁၉ ဒသမ ၄၂၀)ဘီလီယံတို့ တောင်းခံထားပါကြောင်း၊ မည်သည့်ပြည်နယ်၊ မည်သည့်တိုင်းဒေသကြီးအတွက် ကျပ်ငွေ မည်မျှတောင်းခံနေရသည်ကို ဖော်ပြထားသော်လည်း အဆိုပါခွင့်ပြုငွေများဖြင့် ဘယ်လိုစီမံကိန်းများ ဆောင်ရွက်မည်ဆိုသည့် အချက်မပါသဖြင့် တိတိကျကျ တင်ပြစေလိုကြောင်းနှင့်ပတ်သက်၍ ပြည်ထောင်စုဘတ်ဂျက်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဘတ်ဂျက်များသည် သီးခြားစီရေးဆွဲ၊ သီးခြားစီ အတည်ပြုကြသည့် ဘတ်ဂျက်များဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ပြည်ထောင်စုဘတ်ဂျက်ကို တင်ပြသည့်အခါ တိုင်းဒေသကြီး၊ ပြည်နယ်ဘတ်ဂျက်ပါ စီမံကိန်းများသည် ပါရှိမည်မဟုတ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အသုံးစရိတ်များသာဖြစ်၍ တိုင်းဒေသကြီး၊ ပြည်နယ်ဘတ်ဂျက်အဖြစ် တိုင်းဒေသကြီး၊ ပြည်နယ်များတွင်သာ အသေးစိတ်ဆွေးနွေးကြခြင်းဖြစ်ပါကြောင်း၊ ၎င်းအသုံးစရိတ်များအရဖြစ်ပေါ်လာသော လိုငွေကိုသာ ပြည်ထောင်စုက ဖြည့်ဆည်းပေးရခြင်းဖြစ်ပါကြောင်း၊ ဖြစ်ပေါ်သည့် လိုငွေကို ချင့်ချိန်၍သာ ဘဏ္ဍာရေးကော်မရှင်က ခွင့်ပြုပေးခြင်းဖြစ်ပါကြောင်း။

ဗဟိုဘဏ်အနေဖြင့် ဘတ်ဂျက်ထဲတွင် ပါဝင်ရသည်မှာ ဗဟိုဘဏ် ဥပဒေပုဒ်မ ၃၅ အရ ဗဟိုဘဏ်သည် မိမိ၏ ဘဏ္ဍာငွေအပေါ် ရပ်တည်ရမည်ဖြစ်ပါကြောင်း၊ သို့ရာတွင် မိမိဘဏ္ဍာရန်ပုံငွေအပေါ် ရပ်တည်ခြင်းနှင့် ဘတ်ဂျက်တွင် မပါခြင်းမှာ တိုက်ရိုက်သက်ဆိုင်မှုမရှိပါ။ နောင်တစ်ချိန်တွင် ဗဟိုဘဏ်သည် ပြည်ထောင်စုဘတ်ဂျက်ထဲတွင်မပါဘဲ သီးခြားရေးဆွဲ၊ သီးခြားအတည်ပြုပေးရသည့် ဘတ်ဂျက်မျိုးဖြစ်လာကောင်း ဖြစ်လာနိုင်ပါကြောင်း၊ ဗဟိုဘဏ် ဥပဒေပုဒ်မ ၂၄ ပါအတိုင်း နိုင်ငံတော်သည် ဗဟိုဘဏ်၏ တစ်ဦးတည်းသော အစုရှယ်ယာ ပိုင်ရှင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဘတ်ဂျက်တွင် ဗဟိုဘဏ်ကို ၎င်း၏ဘဏ္ဍာငွေအပေါ်ရပ်တည်၍ မိမိ၏ဘဏ္ဍာငွေ အစီအစဉ်ဖြင့် ဆောင်ရွက်သော အဖွဲ့အစည်းအဖြစ် အပိုင်းတစ်ပိုင်း သီးခြားဖော်ပြရေးဆွဲရခြင်းဖြစ်ပါကြောင်း၊ အနာဂတ်တွင် ဖြစ်သင့်သည့်ပုံစံကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ညှိနှိုင်း၍ နိုင်ငံတကာ ကျင့်သုံးကြသည့် ပုံစံများကိုလေ့လာပြီး မိမိနိုင်ငံနှင့် သင့်လျော်သည့်ပုံစံဖြင့် စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း။

လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မြင့်ဖေ၏ ဆွေးနွေးချက်အပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးချက်အပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးလိုသည်မှာ မိမိတို့မှာ Tax Reform နှင့်အတူ ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ IMF၊ WB၊ USOTA တို့၏ ကျွမ်းကျင်မှုဆိုင်ရာအကူအညီများဖြင့် Tax Policy and Tax Administration များကို အဆင့်ဆင့်ပြုပြင်ပြောင်းလဲလုပ်ဆောင်သွားရန် စီမံထားရှိပါကြောင်း၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီကိုယ်စား အတွင်းရေးမှူး ဦးမောင်တိုးက ချေးငွေ၊ ဘတ်ဂျက်လိုငွေ၊ ကြွေးမြီဆိုင်ရာများကို ဘာသာရပ်ပိုင်းဆိုင်ရာ (Technically) ဆွေးနွေးသွားခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံ၏ ဘတ်ဂျက်ရေးဆွဲမှုစနစ်မှာ ငွေသားကို အခြေခံရေးဆွဲသော Cash budget စနစ်ဖြစ်ပါကြောင်း၊ အမှန်တကယ်ရရှိလာသော၊ အမှန်တကယ် ထုတ်ယူသုံးစွဲရသော ငွေသားအရ ဖြစ်စေ၊ စာရင်းအရဖြစ်စေ ဝင်မှုထွက်မှုများကို ထည့်သွင်းရေးဆွဲရပါကြောင်း။

ဘတ်ဂျက်ရေးဆွဲသည့်ပုံစံတွင် ကျွန်တော်တို့ နည်းနှင့် IMF နည်း ကွာခြားမှုမှာ မိမိတို့အနေဖြင့် ပြည်ပချေးငွေရငွေများကို ရငွေအပိုင်းတွင် ထည့်သွင်းသည့် စနစ်ဖြစ်ပြီး IMF ကသည် ပြည်ပချေးငွေရငွေများကို ရငွေထဲတွင် မထည့်ဘဲ သီးခြားဖယ်ထုတ်၍ ပြသသည့်နည်းဖြစ်ပါကြောင်း၊ ဘာသာရပ်အခေါ်အရ နည်းမှာ Accounting နည်းဖြစ်ပြီး IMF နည်းမှာ Analytical နည်း ဖြစ်ပါကြောင်း၊ IMF နည်းဖြင့် တွက်ပါက မိမိတို့တင်ပြထားသည့် လိုငွေ ၅ ဒသမ ၂၂ ရာခိုင်နှုန်းသည် ၆ ဒသမ ၂ ရာခိုင်နှုန်း ရရှိမည်ဖြစ်ပါကြောင်း၊ ဦးမောင်တိုး တွက်ပြထားသည့် ၇ ဒသမ ၁ ရာခိုင်နှုန်းနှင့် ကွာနေပါကြောင်း၊ မိမိတို့မှာ IMF ၏ Format အပြည့်အစုံရှိပါကြောင်း။

ထို့ပြင် IMF ၏ ၂၀၁၅ ခု ဖေဖော်ဝါရီလတွင် လာရောက်သည့် မစ်ရှင်အဖွဲ့၏ အစီရင်ခံစာမှာ မိမိတို့၏ လိုအပ်ချက်များကို ဖော်ပြထားသကဲ့သို့ အားသာချက်ဆက်လက်ထိန်းသိမ်းသင့်သည့် အချက်များကိုလည်း ဖော်ပြထားတာလေးများ ရှိပါကြောင်းကိုလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများ သိရှိနိုင်ကြပါစေရန် ရှင်းလင်းတင်ပြလိုပါကြောင်း၊ ယင်းတို့မှာ ၂၀၁၄-၂၀၁၅ ခု စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းကို ၇ ရာခိုင်နှုန်းခန့် ရှိမည်ဟု ခန့်မှန်းထားခြင်း၊ ငွေကြေးဖောင်းပွမှုနှုန်း ပျမ်းမျှ ၆ ရာခိုင်နှုန်းခန့်တွင် တည်ငြိမ်နေမည်ဟု ခန့်မှန်းထားခြင်း၊ ကြွေးမြီခံနိုင်ရည်ရှိမှုအနေအထား စိုးရိမ်ရန်မရှိသေးခြင်း၊ ၂၀၁၅-၂၀၁၆ အတွက် ခန့်မှန်းရာတွင် Down Side Risk များ ရှိသော်လည်း ကာလလတ်အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း တိုးမြင့်နေဆဲဖြစ်ခြင်း စသည့်အချက်များ ဖြစ်ပါကြောင်း။

နောက်တစ်ချက်မှာ လိုငွေဖြည့်ဆည်းသည့်ကိစ္စဖြစ်ပါကြောင်း၊ လိုငွေဖြည့်ဆည်းသည့် ကိစ္စနှင့်ဆက်စပ်၍ အစိုးရငွေတိုက်စာချုပ်များ ရောင်းချသည့်ကိစ္စ၊ ဘတ်ဂျက်ပြင်ပချေးငွေများကိစ္စ၊ တစ်ဦးကျကြွေးမြီတင်ရှိမှုကိစ္စတို့ကို IMF အစီရင်ခံစာများကိုပါ ကိုးကား၍ လေ့လာတွက်ချက် တင်ပြဆွေးနွေးသွားပါကြောင်း၊ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်မှစပြီး ဗဟိုဘဏ်ထံမှ ငွေချေးယူနေမှုကို လျှော့ချနိုင်စေရန် IMF နှင့် ADB တို့ထံမှ နည်းပညာအကူအညီ၊ အကြံဉာဏ် အကူအညီများရယူ၍ အစိုးရငွေတိုက်လက်မှတ်များကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချသည့်စနစ် (Treasury Bills Auction) ကို ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ပူးပေါင်းဆောင်ရွက်ရန် စီစဉ်ခဲ့ပါကြောင်း။

သို့ရာတွင် ဘဏ္ဍာရေးနှစ်အစတွင် ပြင်ဆင်နေရဆဲကာလဖြစ်၍ ၂၀၁၅ ခု ဇန်နဝါရီလမှသာ ယင်း Auction များကို စတင်နိုင်ပါကြောင်း၊ ယနေ့အထိ Auction ၄ ခု ပြီးစီးပြီဖြစ်ပြီး Result အခြေအနေမှာ ရောင်းချမှုငွေကျပ် (၂၀၀)ဘီလီယံတွင် အောင်မြင်သည့် အတိုးနှုန်း (၈) ရာခိုင်နှုန်းနှင့် (၈ ဒသမ ၁၅) ရာခိုင်နှုန်းရှိသည့်အတွက် အောင်မြင်သည့်အရေအတွက်မှာ ငွေကျပ်ဘီလီယံ (၉၀) ဖြစ်ပါကြောင်း၊ ထို့ကြောင့် အတိုးနှုန်း ၄ ရာခိုင်နှုန်း မဟုတ်ပါကြောင်း၊ ဈေးကွက်က တောင်းဆိုသော ၈ ရာခိုင်နှုန်း၊ ၈ ဒသမ ၁၅ ရာခိုင်နှုန်း စသည်ဖြင့် ဖြစ်ပါကြောင်း၊ ၈ ဒသမ ၁၅ ရာခိုင်နှုန်းသည် ဘဏ်များတွင် အပ်ငွေအပေါ် ပေးသည့်အတိုးနှုန်း ၈ ရာခိုင်နှုန်းထက်ပင် ကျော်လွန်နေပြီဖြစ်ပါကြောင်း၊ လွှတ်တော်အထိ စိစစ်ပြီးနောက် ဖြစ်ပေါ်လာသောလိုငွေအတွက် အစိုးရက ပြည်တွင်းကြွေးမြီရယူ၍ ဖြည့်ဆည်းသည့်အခါ အစိုးရငွေတိုက်စာချုပ် (Treasury Bonds) များနှင့် အစိုးရငွေတိုက်လက်မှတ် (Treasury Bills) များဖြင့် ပြည်တွင်းမှ ဖြည့်ဆည်းခြင်းဖြစ်ပါကြောင်း၊ Bond နှင့် Bill တို့မှာ သက်တမ်းမတူညီသည့်အတွက် အတိုးနှုန်းကို ခွဲထားပါကြောင်း။

ဗဟိုဘဏ်က ချေးယူမှုကို လျှော့ချနိုင်ခြင်းဖြင့် ငွေဖောင်းပွမှုဖြစ်စေရန် အားပေးမှုများကို လျှော့ချနိုင်သော်လည်း အစိုးရအတွက် ကြွေးမြီအတွက်ပေးရသည့် အတိုးစရိတ်မှာ တက်လာပါကြောင်း၊ အတိုးစရိတ် တက်လာလျှင်လည်း အသုံးစရိတ်တက်လာပါကြောင်း၊ အသုံးစရိတ်တိုးလာလျှင်လည်း ငွေထပ်ချေးရပြန်ပါကြောင်း၊ သံသရာလည်နေသည့် သဘောရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် ငွေကြေးဈေးကွက်၊ အရင်းအနှီးဈေးကွက်တွေက မဖွံ့ဖြိုးသေးပါကြောင်း၊ တည်ငြိမ်မှုလည်း မရှိသေးပါကြောင်း၊ ယခုမှ အစပျိုးလုပ်ကိုင်နေကြရသည့်အဆင့် ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ မိမိတို့အနေဖြင့် ဗဟိုဘဏ်က ငွေချေးယူမှုကို တစ်နှစ်ထက်တစ်နှစ် လျှော့ချသွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဘတ်ဂျက်ပြင်ပချေးငွေများကို လွှတ်တော်တင်ရေးဆိုသည့်ကိစ္စဖြစ်ပါကြောင်း။

ဘတ်ဂျက် ပြင်ပချေးငွေများဟုဆိုရာတွင် အစိုးရ MADB က လယ်သမားများသို့ ထုတ်ပေးသော စိုက်ပျိုးစရိတ်ချေးငွေများ၊ MEB က SME များအတွက် SMIDB သို့ ထုတ်ချေးပေးသော ချေးငွေများ၊ MEB က နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ ထုတ်ပေးသော ချေးငွေများ စသည်ဖြင့် ရှိပါကြောင်း၊ ၎င်းတို့သည် အစိုးရ၏ ရငွေများထဲမှ ချေးခြင်းမဟုတ်ပါကြောင်း၊ MEB က လက်ခံထားသော ဘဏ်အပ်ငွေများမှ ဘဏ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ချေးခြင်းဖြစ်ပါကြောင်း၊ ပြန်ရမည့် ချေးငွေများဖြစ်၍ အစိုးရ၏ အပြီးအပိုင်သုံးသော အသုံးစရိတ်များလည်း မဟုတ်ပါကြောင်း၊ ထို့ကြောင့် ဘတ်ဂျက်တွင် မပါဝင်ရခြင်းဖြစ်ပါကြောင်း၊ သီးခြားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နောက်တစ်ချက် တစ်ဦးကျ ကြွေးမြီ per capita debt ကို တွက်ချက်တင်ပြသည့်ကိစ္စဖြစ်ပါကြောင်း၊ ထိုသို့ တွက်ချက်မှုပုံစံသည် စံပြုစီးပွားရေးညွှန်ကိန်း Standand Economic Indicator တွင် မပါဝင်ပါကြောင်း။

နိုင်ငံတကာတွင် စီးပွားရေးဖွံ့ဖြိုးမှုအခြေအနေကို ဖော်ပြသည့် ညွှန်ကိန်းများအဖြစ် ဂျီဒီပီတိုးတက်မှုနှုန်း၊ တစ်ဦးကျဝင်ငွေ၊ တစ်ဦးကျ ကုန်ထုတ်လုပ်မှု၊ တစ်ဦးကျ စားသုံးမှု စသည်ဖြင့် တိုင်းတာဖော်ပြလေ့ရှိကြပါကြောင်း၊ ကြွေးမြီဆိုသည်မှာ အတိုးနှုန်းအမျိုးမျိုးရှိနိုင်ခြင်း၊ သက်တမ်းအမျိုးမျိုးရှိနိုင်ခြင်း၊ စီးပွားရေးအရ ပြန်ရချက်ရှိသော လုပ်ငန်းများ၊ စီးပွားရေးအရ မဟုတ်သော်လည်း အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးအတွက် ဖြစ်သောလုပ်ငန်းများ စသည်ဖြင့် ရည်ရွယ်ချက်အမျိုးမျိုးဖြင့် ချေးယူခြင်းဖြစ်ရာ လူတစ်ဦးချင်းဖြင့် တိုင်းတာဖော်ပြလေ့ မရှိကြပါကြောင်း၊ ဆိုလိုသည်မှာ တစ်ဦးကျဝင်ငွေဆိုသည်မှာ လူတစ်ဦးချင်း အမှန်တကယ်ရရှိနိုင်သည့် တစ်နှစ်ပျမ်းမျှဝင်ငွေ ဖြစ်သော်လည်း ကြွေးမြီကတော့ လူတစ်ဦးချင်းအပေါ် အမှန်တကယ်တင်ရှိနေသည် မဟုတ်ပါကြောင်း၊ နိုင်ငံ၏ ကြွေးမြီကို နိုင်ငံ၏ လူဦးရေနှင့် စားပြထားသည့် ကိန်းဂဏန်းသက်သက်သာ ဖြစ်ပါကြောင်း၊ ပြည်ပကြွေးမြီ အခြေအနေအပေါ် ဆန်းစစ်လိုပါက ပြည်ပကြွေးမြီနှင့် ဂျီဒီပီအချိုး၊ ပြည်ပကြွေးမြီနှင့် ပို့ကုန်ရငွေအချိုး၊ ပြည်ပကြွေးမြီနှင့် စုစုပေါင်းရငွေအချိုး၊ ပြည်ပကြွေးမြီပေးဆပ်မှုနှင့် ပြည်ပပို့ကုန် ရငွေအချိုး၊ ပြည်ပကြွေးမြီပေးဆပ်မှုနှင့် စုစုပေါင်း ရငွေအချိုးတို့ဖြင့် တိုင်းတာလေ့ရှိကြပါကြောင်း။

နိုင်ငံတော်၏ ပြည်တွင်းပြည်ပကြွေးမြီများကို လူတစ်ဦးချင်းကလည်း တိုက်ရိုက်ပြန်ဆပ်ရန် သဘောမဟုတ်ဘဲ နိုင်ငံတော်ကသာ တာဝန်ယူ၍ သက်တမ်းအလိုက် ပြန်ဆပ်ရမည်ဖြစ်ပါကြောင်း၊ ရယူထားသော ချေးငွေများကို အသုံးပြု၍ ပိုမိုတိုးတက်မှုရရှိနိုင်အောင် ကြိုးပမ်းနိုင်ကြစေရန် ရယူခဲ့ကြခြင်းဖြစ်ပါကြောင်း၊ ချေးငွေရယူခဲ့ကြသည်မှာလည်း နိုင်ငံတော်နှင့် ပြည်သူစီးပွားတိုးတက်ဖွံ့ဖြိုးစေရန် ရည်ရွယ်ချက်များဖြင့် ရယူခဲ့ကြခြင်းဖြစ်ပါကြောင်း၊ အရေးကြီးသည်မှာ စိစစ်ပြီးမှ ရယူရန်၊ အကျိုးရှိအောင်သုံးရန်၊ တန်ရာတန်ဖိုးဖြစ်ရန်တို့ ဖြစ်ပါကြောင်း၊ တစ်ဦးကျ ကြွေးမြီကိုသာ တွက်ချက်ဖော်ပြပြီး တစ်ဦးကျဝင်ငွေ နှစ်အလိုက် မည်သို့တိုးတက်လာသည်များကို မေ့ထား၍မရနိုင်ပါကြောင်း။

နိုင်ငံတော်က ဆောင်ရွက်နေသော ကြွေးမြီ ခံနိုင်ရည်ရှိမှု လေ့လာဆန်းစစ်ချက် (Debt Sustainability Analysis) နှင့်ပတ်သက်၍ လွှတ်တော်သို့ သီးခြားရှင်းလင်းတင်ပြမည်ဖြစ်ပါကြောင်း စသည်ဖြင့် ရှင်းလင်းဆွေးနွေးတင်ပြခဲ့သည်။

**(သတင်းစဉ်)**

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်အပေါ် နှစ်ဖက်ခေါင်းဆောင်တို့၏ အမြင်များ

သတင်း – ရဲခေါင်ညွန့်
မြတ်သန္တာမောင်
ဓာတ်ပုံ – ဖိုးထောင်

**ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT) တို့၏ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (Nationwide Ceasefire Agreement-NCA) အတွက် (၇) ကြိမ်မြောက် အစည်းအဝေးကို ၂၀၁၅ ခုနှစ် မတ် ၁၇ ရက်နေ့ နံနက် ၁၁ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC)၌ ပြန်လည်ကျင်းပနိုင်ခဲ့သည်။**

**ယင်းသို့ကျင်းပရာ၌ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့(NCCT)တို့မှ နှစ်ဖက်ခေါင်းဆောင်များ၏ သဘောထားအမြင်များကို ဖော်ပြအပ်ပါသည်။**


ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း


ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး


ဦးနိုင်ဟံသာ

**ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း (ဒုတိယဥက္ကဋ္ဌ) ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)**

အခု NCA ညှိနှိုင်းမှုကနေ နောက်တစ်ဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေ စတင်ပြီး နိုင်ငံရေးသဘောတူညီချက်တွေရနိုင်ဖို့ ကြိုးစားကြရမှာ ဖြစ်ပါတယ်။ အစိုးရအနေနဲ့ NCA ကို ရည်မှန်းချက်သုံးခုအခြေခံပြီး ကြိုးပမ်းနေတာဖြစ်ပါတယ်။ တစ်အချက်နောင်အစိုးရ တက်လာတဲ့အခါမှာ ငြိမ်းချမ်းရေး လုပ်ငန်းတွေကို ဆက်လက် လက်ဆင့်ကမ်းသွားနိုင်ဖို့ အုတ်မြစ်ချတာ ဖြစ်ပါတယ်။ နှစ်အချက် အပစ်အခတ်ရပ်စဲရေးကို ခိုင်မာနိုင်ရေးဖြစ်ပါတယ်။ သုံးအချက် နိုင်ငံရေးဆွေးနွေးပွဲတွေ စတင်နိုင်ရေးဆိုတဲ့ သုံးချက်ကို အခြေခံထားတာ ဖြစ်ပါတယ်။ အပစ်အခတ်ရပ်စဲမှု ခိုင်ခံ့ရေးအတွက် ပူးတွဲစောင့်ကြည့် ကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းဖို့လည်း သဘောတူနိုင်ခဲ့ကြပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေကို ပူးတွဲကမကထပြုဖို့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီ ဖွဲ့စည်းရေးကိုလည်း သဘောတူနိုင်ကြပြီးဖြစ်ပါတယ်။ ဒီနှစ်ချက်ဟာ ငြိမ်းချမ်းရေးလုပ်ငန်းရဲ့ အရေးကြီးတဲ့ အကောင်အထည်ဖော်မှုတွေ ဖြစ်လာမှာပါ။


ဦးသိန်းဇော်

လက်ရှိ ညှိနှိုင်းမှုအပေါ် လူထုကလည်း စိတ်ဝင်စားနေကြပါတယ်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်မှာ ဘာတွေပါလဲ၊ ဘယ်လိုအကျိုးသက်ရောက်မှာလဲဆိုတာ လူထုကလည်း သိချင်နေကြပါတယ်။ ဘာလို့ကြာနေတာလဲလို့ မေးနေတာရှိပါတယ်။ ပွင့်လင်းမြင်သာမှုရှိဖို့ဆိုတာကိုလည်း ပြောနေကြပါတယ်။ ဒါကြောင့် ဒီအစည်းအဝေးပြီးတာနဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်ဆွေးနွေးတဲ့အပေါ်မှာ လူထုအများစုသိနိုင်အောင် နှစ်ဖက်လုံးက ရှင်းလင်းဆွေးနွေးပြသဖို့တိုက်တွန်းလိုပါတယ်။ UPWC အနေနဲ့ ဒီဆွေးနွေးပွဲကနေ ရလဒ်ကောင်းတွေ ထွက်ပေါ်လာအောင် အစွမ်းကုန် ကြိုးစားသွားပါမယ်။

**ဦးနိုင်ဟံသာ (အဖွဲ့ခေါင်းဆောင်) တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့(NCCT)**

၂၀၁၄ စက်တင်ဘာလမှာ ကျင်းပခဲ့တဲ့ ဆဋ္ဌမအကြိမ် အစည်းအဝေးမှာ အမြင်သဘောထား ကွဲပြားရာကနေ ငါးလကျော်ခြောက်လနီးပါး တရားဝင်ဆွေးနွေးပွဲတွေ ပြတ်တောက်ခဲ့ရပါတယ်။ အဲဒီကာလ အတောအတွင်းမှာ လက်နက်ကိုင်တိုက်ပွဲတွေ ဒေသအနှံ့အပြားမှာ တိုးပွားဖြစ်ပေါ်လာတာကိုလည်း တွေ့ကြရပါတယ်။ ဒီအခြေအနေက နိုင်ငံအတွက်ရော တိုင်းရင်းသားပြည်သူတွေအတွက်ပါ ကောင်းတဲ့လက္ခဏာ မဟုတ်ပါဘူး။ ကျွန်တော်တို့ ကြိုးပမ်းတည်ဆောက်နေတဲ့ ရေရှည်တည်တံ့ခိုင်မြဲမယ့် ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကိုလည်း များစွာထိခိုက်ပျက်ပြားစေပါတယ်။

ဒါကြောင့် ဒီအခြေအနေကို အမြန်ဆုံးပြုပြင်ဖို့အတွက် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲပြီး နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးနည်းအရ ဆွေးနွေးဖြေရှင်းဖို့ တာဝန်ခံကြိုးစားလုပ်ဆောင်နေကြတဲ့ NCCT အဖွဲ့ဝင်တွေနဲ့ UPWC အဖွဲ့ဝင်တွေမှာ အထူးတာဝန်ရှိပါတယ်။ ဒီ(၇)ကြိမ်မြောက်တွေ့ဆုံဆွေးနွေးပွဲကို ကျွန်တော်တို့ NCCT ဘက်က KIO အဖွဲ့ဝင်တွေအပါအဝင် အစုံအညီတက်ရောက်လာပါတယ်။ KIO ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှာ အစိုးရအကြီးအကဲ၊ တပ်မတော် အကြီးအကဲတွေနဲ့ ဝင်ရောက်တွေ့ဆုံနိုင်ခဲ့တာဟာ အလွန်ကောင်းမွန်တဲ့ အလားအလာဖြစ်ပါတယ်။ KIO နဲ့အစိုးရကြား ယုံကြည်မှုကို တည်ဆောက်နိုင်ရင် NCCT နဲ့ UPWC တို့ ဆွေးနွေးနေတဲ့ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးကို သဘောတူညီမှုရရှိဖို့ များစွာအထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။

ကျွန်တော်တို့ NCCT အဖွဲ့ဟာ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် မူကြမ်းကို ကျွန်တော်တို့ဘက်မှာ အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးပြီး ပြင်ဆင်လာခဲ့တာဖြစ်ပါတယ်။ အကယ်၍ အစိုးရနဲ့ သဘောတူညီမှုရရင် အပြီးသတ်သဘောတူညီဖို့ရှိပါတယ်။

**ဦးသိန်းဇော် (ဒုတိယဥက္ကဋ္ဌ) ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)**

အဖွဲ့အစည်းအရေးထက် နိုင်ငံတော်နဲ့ ပြည်သူတွေရဲ့အရေးကို ဦးစားပေးရမှာဖြစ်ပါတယ်။ လွှတ်တော်များအနေနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေး ဖော်ဆောင်ရေးတို့အတွက် ဆောင်ရွက်ဖွယ်ရာတွေကို ဆောင်ရွက်လျက်ရှိနေပါတယ်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားနေတဲ့ ဒီမိုကရေစီအရေး တန်းတူညီမျှရေးနဲ့ ပြည်သူ့ဆန္ဒနဲ့အညီ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပြဋ္ဌာန်းခွင့်ရရှိရေး စတဲ့အချက်များကို အခြေခံတဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ် တည်ဆောက်နိုင်ဖို့အတွက် ကျရာအခန်းကဏ္ဍက တာဝန်ကျေပွန်စွာနဲ့ နိုင်ငံတော်နဲ့ နိုင်ငံသားတွေအတွက် တူညီတဲ့ရည်မှန်းချက်ကို ကိုင်စွဲပြီး စုပေါင်းဆောင်ရွက်သွားကြဖို့ ဆန္ဒပြုပါတယ်။

**ပဒိုစောကွယ်ထူးဝင်း (ဒုတိယအဖွဲ့ခေါင်းဆောင်) တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT)**

ဒီကနေ့ (၇)ကြိမ်မြောက် တစ်နိုင်ငံလုံး အပစ်ခတ်ရပ်စဲရေး သဘောတူစာချုပ်ရရှိနိုင်ဖို့ ပြုလုပ်တဲ့အစည်းအဝေးမှာ ကျွန်တော်တို့ NCCT အနေနဲ့ အင်မတန်အရေးကြီးတဲ့ ဆွေးနွေးပွဲဖြစ်တယ်လို့ အလေးအနက်ခံယူပါတယ်။ နှစ်ဖက်စလုံးက ကိုယ်စားလှယ်ခေါင်းဆောင်တွေ နားလည်မှုရှိရှိနဲ့ NCA စာချုပ်မှာ ကျန်ရှိနေတဲ့အချက်တွေကို သဘောတူညီမှုရရှိသည်အထိ ညှိနှိုင်းပြီး အဖြေရှာနိုင်ကြမယ်လို့လည်း ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။ NCCT အဖွဲ့ဟာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိဖို့ အစိုးရရဲ့ ကိုယ်စားပြုတဲ့ UPWC နဲ့ ဆွေးနွေးညှိနှိုင်းတဲ့ အဖွဲ့ဖြစ်တဲ့အတွက် ကျွန်တော်တို့ရဲ့ အဓိကတာဝန်က တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးရရှိဖို့ ညှိနှိုင်းလုပ်ဆောင်တဲ့တာဝန်ရှိပါတယ်။ NCCT နဲ့ UPWC တို့ရဲ့ ညှိနှိုင်းမှုအချိန်ကာလကြာလာတာနဲ့အမျှ အများပြည်သူနဲ့ နိုင်ငံတကာရဲ့ စိုးရိမ်စိတ်၊ သံသယစိတ်နဲ့ မယုံကြည်မှုတွေ ဖြစ်ပေါ်ခဲ့တာကိုလည်း သိရှိရပါတယ်။ ကျန်ရှိနေတဲ့


ဗိုလ်ချုပ်ဂွမ်မော်

အချက်တွေကို နှစ်ဖက်စလုံးကလက်ခံနိုင်တဲ့ လက်တွေ့ကျပြီး အကောင်အထည်ဖော်နိုင်တဲ့ သဘောတူညီမှုရလဒ်တွေရရှိမယ်လို့ NCCT က မျှော်လင့်ပါတယ်။

တစ်ကြိမ်တည်းမှာပဲ NCCT နဲ့ UPWC တို့ရဲ့ (၇)ကြိမ်မြောက် ညှိနှိုင်းဆွေးနွေးပွဲမှာ အကုန်လုံး သဘောတူညီမှုရရှိနိုင်ဖို့ ကျွန်တော်တို့ NCCT ကလည်း ဆွေးနွေးမှုလုပ်လာခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်တဲ့အခါမှာ တည်ငြိမ်အေးချမ်းမှုရှိမှသာ အကောင်အထည်ဖော်လို့ရမှာဖြစ်ပါတယ်။ ဒီကျွန်တော်တို့နိုင်ငံရဲ့ အရင်းခံပြဿနာဖြစ်တဲ့ တိုင်းရင်းသားပြဿနာကို ဖြေရှင်းနိုင်ဖို့နဲ့ ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်နိုင်ဖို့အတွက် လက်ရှိဖြစ်ပွားနေတဲ့ လက်နက်ကိုင်ပဋိပက္ခတွေကိုရပ်စဲပြီး နိုင်ငံရေးအရတွေ့ဆုံဆွေးနွေးရေးနည်းနဲ့ အဖြေရှာနိုင်မှာ ဖြစ်ပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး (အဖွဲ့ဝင်) ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)**

ဒီနေ့ဆွေးနွေးပွဲက အင်မတန်မှထူးခြားတဲ့ ဆွေးနွေးပွဲတစ်ခုလို့ ပြောချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီအပတ်မှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ KIO၊ KIA ခေါင်းဆောင်တွေက သမိုင်းမှာ ပထမဆုံးအကြိမ်အဖြစ် နေပြည်တော်မှာ တွေ့ဆုံခဲ့ကြပါတယ်။ တပ်မတော်နဲ့ KIO၊ KIA အဖွဲ့တွေကြားမှာလည်း အတော်အသင့် နားလည်မှုတွေ၊ ယုံကြည်မှုတွေ တည်ဆောက်နိုင်ခဲ့တယ်လို့ ကျွန်တော့်အနေနဲ့ ပြောလို့ရတယ်။ ဒီလိုရရှိလာတဲ့ နားလည်မှု၊ ယုံကြည်မှုတွေကနေပြီးတော့မှ ဒီနေ့ ကျွန်တော်တို့ မျှော်မှန်းထားတဲ့ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုတဲ့အရာကို ဘယ်လိုပဲဖြစ်ဖြစ် ဆောင်ရွက်နိုင်လိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။

**ဗိုလ်ချုပ်ဂွမ်မော် (ဒုတိယအဖွဲ့ခေါင်းဆောင်) တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့(NCCT)**

ဒီတစ်ကြိမ်အစည်းအဝေးမှာ KIO အနေနဲ့ အထွေထွေအတွင်းရေးမှူး ဒေါက်တာလဂျာ ဦးဆောင်ပြီး အဖွဲ့ငယ်တစ်ဖွဲ့ ဆင်းလာတာ ဖြစ်ပါတယ်။ ဗဟိုကော်မတီအဖွဲ့ဝင် ရှစ်ဦးပါဝင်ပါတယ်။ နေပြည်တော်မှာ ဒုတိယသမ္မတကြီးနဲ့ ဦးစွာတွေ့ဆုံပါတယ်။ ပြီးတော့ သမ္မတကြီးနဲ့ တွေ့တယ်။ ပြီးတော့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးစတဲ့ နိုင်ငံ့ခေါင်းဆောင်တွေနဲ့ တွေ့ခဲ့ပါတယ်။

(၇)ကြိမ်မြောက်အစည်းအဝေးမှာ KIO ရဲ့ ဗဟိုကော်မတီဝင်တွေအနေနဲ့ လေ့လာသူနဲ့ လာပြီး တက်ရောက်တာ ဖြစ်ပါတယ်။ သက်ဆိုင်ရာကဏ္ဍ အသီးသီးမှာ ဆွေးနွေးတဲ့အခါမှာ လိုအပ်ရင် ဆွေးနွေးသွားမယ်။ အဖြေရှာသွားမှာဖြစ်ပါတယ်။ KIO ဗဟိုကော်မတီအနေနဲ့ အခုလို စေလွှတ်လိုက်ရတာကတော့ ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ အကြီးအကဲ နိုင်ငံတော်သမ္မတနဲ့ ကာကွယ်ရေးဦးစီးချုပ်ကို တွေ့ဖို့ လိုအပ်တယ်ဆိုတာကို သဘောပေါက်ပါတယ်။ တွေ့ဖို့လည်း ကျွန်တော်တို့ နှစ်ဖက် ကြိုးစားခဲ့ကြသော်လည်း အခြေအနေအမျိုးမျိုးကြောင့် မတွေ့နိုင်ခဲ့ပါဘူး။ အဲဒီတော့ ကျွန်တော်တို့ အစည်းအဝေးကို လာရင်းနဲ့ နိုင်ငံတော်ရဲ့ ခေါင်းဆောင်တွေကို တွေ့ဆုံပြီး KIO ရဲ့ သဘောထား၊ ကျွန်တော်တို့ရဲ့ ရှေ့မျှော်မှန်းချက်တွေကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးခွင့်ရခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ အထွေထွေအတွင်းရေးမှူးက နိုင်ငံတော်သမ္မတနဲ့ ကာကွယ်ရေးဦးစီးချုပ်ကို အပြည့်အစုံတင်ပြနိုင်ခဲ့ပါတယ်။ တပ်ပိုင်းဆိုင်ရာကိစ္စတွေကိုလည်း ကျွန်တော်တို့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့ကြပါတယ်။ ဒါကြောင့် ဗိုလ်ချုပ်ကြီးမြင့်စိုး ပြောခဲ့သလိုပဲ တစ်စုံတစ်ရာ နားလည်မှုရခဲ့တယ်လို့ ကျွန်တော်လည်း ထပ်လောင်းပြီး အတည်ပြုပြောကြားလိုပါတယ်။

နောက်တစ်ခု ရည်မှန်းချက်ကတော့ ကျွန်တော်တို့ဟာ နိုင်ငံတော်က သွားနေတဲ့လမ်းစဉ်အရ အချိန်အကန့်အသတ်ရှိတယ်ဆိုတာကို ကျွန်တော်တို့ KIO ဗဟိုကော်မတီမှာလည်း အမြဲတမ်းသုံးသပ်ပါတယ်။ ရှေ့ဆက်ပြီး ဆောင်ရွက်ရမယ့် လုပ်ငန်းတွေမှာ ကျွန်တော်တို့ရဲ့ ဗဟိုကော်မတီကနေပြီး တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေက ဝင်ရောက်နားထောင်ဆွေးနွေးရင်းနဲ့ ဆုံးဖြတ်ချက်တွေ ချတဲ့အခါမှာ လွယ်ကူနိုင်အောင် ရောက်ရှိလာတာဖြစ်ပါတယ်။ ဒီလိုဆွေးနွေးရာမှာ ကျွန်တော်တို့က တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန် အပြစ်ရှာတဲ့ ပုံစံမျိုး မဟုတ်ဘဲနဲ့ ကောင်းမွန်တဲ့ အပြုသဘောဆောင်တဲ့ ဆွေးနွေးမှု၊


ပဒိုစောကွယ်ထူးဝင်း

ယုံကြည်မှုကနေတစ်ဆင့် အဖြေရှာမယ်။ အဲဒီအဖြေကနေတစ်ဆင့် ကျွန်တော်တို့ လိုလားနေတဲ့ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးနိုင်အောင် ကြိုးစားကြမယ်ဆိုတဲ့ ရည်မှန်းချက်နဲ့ ပြင်ဆင်ပြီး ရောက်လာခဲ့ခြင်းဖြစ်ပါတယ်။ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ်မှာ တချို့အချက်တွေ ကျန်ပါသေးတယ်။ သို့သော်လည်း ကျွန်တော်တို့ ဒီတစ်ကြိမ်မှာ နားလည်မှုအပြည့်နဲ့ ကျွန်တော်တို့ ဆွေးနွေးကြမယ်။ ပြီးတော့ ဒီ NCA ကို ကျွန်တော်တို့ အောင်မြင်အောင် ဆောင်ရွက်ကြမယ်ဆိုတဲ့ ရည်မှန်းချက်ရှိပါတယ်။

# ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတပြီး ပွင့်လင်းမြင်သာစွာဖြင့် အောင်မြင်စွာကျင်းပနိုင်ရေး ရှင်းလင်းပြောကြား

**နေပြည်တော် မတ် ၁၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးသည် USAID မှ အာရှဒေသဆိုင်ရာ လက်ထောက်အုပ်ချုပ်ရေးမှူး Mr. Jonathan Nicholas Stiver၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီး H.E. Mr. Derek Mitchell နှင့်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲသမိုင်း၊ ရွေးကောက်ပွဲစနစ်၊ မဲပေးမှုစနစ်၊ မဲစာရင်းပြုစုခြင်းစနစ်နှင့်အခြေခံမဲစာရင်းပြုစုဆောင်ရွက်နေမှု၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတပြီး ပွင့်လင်းမြင်သာစွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဟာဗျူဟာစီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ပြည်တွင်းပြည်ပ Observer များအား ရွေးကောက်ပွဲတွင် စောင့်ကြည့်လေ့လာနိုင်ရေးအတွက် ဖိတ်ကြားရန် စီစဉ်ထားရှိမှု၊ Observer များနှင့် နိုင်ငံရေးပါတီများ၏ Code of Conduct များကို CSO များ၊ နိုင်ငံရေးပါတီများနှင့် ပူးပေါင်းရေးဆွဲနေမှုတို့ကို ရှင်းလင်းပြောကြားသည်။

USAID မှ အာရှဒေသဆိုင်ရာ လက်ထောက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များက မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ရွေးကောက်ပွဲများ ကျင်းပပေးနိုင်ရေးအတွက် ဆောင်ရွက်နေမှု၊ ရွေးကောက်ပွဲကာလတွင် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များအတွက် ပြင်ဆင်စီမံ ဆောင်ရွက်ထားရှိမှု၊ ရွေးကောက်ပွဲပြီးနောက် ဖြစ်ပေါ်လာနိုင်သည့် အငြင်းပွားမှုများကို ဆောင်ရွက်ရန်စီစဉ်ထားမှုတို့နှင့် ပတ်သက်၍ သိရှိလိုသည်များအား မေးမြန်းရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် USAID တို့ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးမြင့်နိုင်၊ ဒေါက်တာဒေါ်မြင့်ကြည်၊ ဦးဝင်းကြည်၊ ဦးညွန့်တင်၊ ဦးဝင်းကို၊ အတွင်းရေးမှူး ဦးတင်ထွန်းနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ရွေးကောက်ပွဲ၏ ပွင့်လင်းမြင်သာ သမာသမတ်ကျမှုကို မှတ်ကျောက်တင်ရန် အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်းပါဝင်ရန်လို

**အင်တာဗျူး**
**ရဲခေါင်ညွန့်**
**မြတ်သန္တာမောင်**

ဒီမိုကရေစီ၏ အခြေခံသည် ရွေးကောက်ပွဲများတွင် လွတ်လပ်မျှတစွာဆောင်ရွက်နိုင်မှုပင်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ၂၀၁၅ ရွေးကောက်ပွဲသည် ရွေးကောက်ပွဲ၏ ပွင့်လင်းမြင်သာမှုနှင့် သမာသမတ်ကျမှုကို မှတ်ကျောက်တင်နိုင်ရန်အတွက် အရပ်ဘက် လူမှုအဖွဲ့အစည်းများသည်လည်း ရွေးကောက်ပွဲ၏ ကဏ္ဍတစ်ရပ်အနေဖြင့် ပါဝင်ခွင့်ပြုထားပြီဖြစ်သည်။ ထိုကြောင့် ၂၀၁၅ ရွေးကောက်ပွဲဖြစ်စဉ်တွင် ပါဝင်လှုပ်ရှားလျက်ရှိနေသော အရပ်ဘက်လူမှုအဖွဲ့အစည်းတစ်ခုဖြစ်သည့် ပဏ္ဍိတဖွံ့ဖြိုးရေးအင်စတီကျု၏ ရွေးကောက်ပွဲအတွက် လုပ်ဆောင်နေမှုများအား မြန်မာ့သတင်းစဉ် (ပြည်တွင်း) မှ သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

**ဦးဖြိုးတင်ဦး (Program Officer)**
**ပဏ္ဍိတဖွံ့ဖြိုးရေးအင်စတီကျု**

**မေး။ ။ ၂၀၁၅ ရွေးကောက်ပွဲတော့ နီးပြီပေါ့။ အစ်ကိုတို့ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူတွေအနေနဲ့ ရွေးကောက်ပွဲရဲ့ ဘယ်ကဏ္ဍတွေကို စောင့်ကြည့်ဖို့လိုအပ်သလဲ။ ဘာတွေ လုပ်လို့ရနေပြီလဲ။**

ဖြေ။ ။ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေအနေနဲ့ ရွေးကောက်ပွဲမစတင်မီ၊ ရွေးကောက်ပွဲရက်နဲ့ ရွေးကောက်ပွဲပြီးတဲ့အထိ ပါဝင်နိုင်တယ်။ မြန်မာနိုင်ငံက အရပ်ဘက်လူမှုအဖွဲ့အစည်းတွေကတော့ ရွေးကောက်ပွဲကာလနီးမှပဲ ရွေးကောက်ပွဲ ဖြစ်စဉ်မှာ ပါဝင်ကြတာများတယ်။ တကယ်တမ်းဆို ရွေးကောက်ပွဲမတိုင်မီကတည်းက ရွေးကောက်ပွဲမှာ ပါဝင်လို့ရနေပြီ။ Legal Framework (ဥပဒေမူဘောင်)နဲ့ ပတ်သက်တာတွေ ပါလို့ရတယ်။ အခုလောလောဆယ် ကော်မရှင်က လုပ်နေတဲ့ Code of Conduct ဆိုရင် Legal Framework နဲ့ ပတ်သက်တာပဲလေ။ ၂၀၁၀၊ ၂၀၁၂ မှာ လုပ်ခဲ့တဲ့ရွေးကောက်ပွဲရဲ့ အားနည်းချက်၊ အားသာချက်တွေကို ရွေးကောက်ပွဲကော်မရှင်ကို အကြံပြုတာတွေ လုပ်လို့ရတယ်။ ဒါမျိုးလုပ်တဲ့ အဖွဲ့ကတော့ နည်းသေးတယ်။

အရပ်ဘက် အဖွဲ့အစည်းတော်တော်များများက ရွေးကောက်ပွဲမှာ ပါဝင်တယ်ဆိုရင် ပညာပေးတာနဲ့ ရွေးကောက်ပွဲနေ့မှာ စောင့်ကြည့်တာ နှစ်ခုကိုပဲ မြင်ကြတယ်။ တကယ်တမ်းက ဒါထက်လုပ်လို့ရတာတွေ အများကြီးရှိတယ်။ ဥပမာ. . ရွေးကောက်ပွဲဖြစ်စဉ်မှာပါတဲ့ နိုင်ငံရေးပါတီတွေ အကြောင်းကို မီဒီယာတွေမှာ ဖော်ပြနေတာတွေရှိတယ်။ အဲဒီမီဒီယာတွေက ဘယ်ပါတီကို ဘယ်လောက်ထိ ဖော်ပြသလဲဆိုတာကို စောင့်ကြည့်လို့ရတဲ့ အပိုင်းတွေရှိတယ်။ နောက်တစ်ခုက ပြည်သူတွေကို ပညာပေးသလို တခြား ရွေးကောက်ပွဲမှာ မပါဝင်တဲ့ CSO တွေကို ပညာပေးလုပ်ငန်းတွေ လုပ်ပေးလို့ရတယ်။

**မေး။ ။ ပဏ္ဍိတ အနေနဲ့က ရွေးကောက်ပွဲမှာ ဘယ်လိုပါဝင်ဖို့ ရှိသလဲ။**

ဖြေ။ ။ အဓိကက အပိုင်းသုံးပိုင်း လုပ်မယ်။ ရပ်ကွက်တွေထဲမှာ မဲဆန္ဒရှင် ပညာပေးလုပ်မယ်။ ဒါကတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့ အချိန်ဇယား အတိအကျ မထွက်သေးလို့ မလုပ်သေးဘူး။ ဒုတိယတစ်ခုကတော့ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး သတင်းမီဒီယာတွေရဲ့ ဖော်ပြချက်တွေကို ပြန်စောင့်ကြည့်တာမျိုး လုပ်မယ်။ ဘယ်လောက်ထိ ရွေးကောက်ပွဲဖြစ်စဉ်အပေါ် မီဒီယာတွေက လွှမ်းခြုံမှုရှိလဲ။ ဘယ်ပါတီရဲ့ မဲဆွယ်မှုကို ဘယ်လောက်အထိ ဖော်ပြသလဲ။ ဒါတွေကို ကျွန်တော်တို့ စောင့်ကြည့်သွားဖို့ရှိတယ်။ နောက်ဆုံးတစ်ခုကတော့ ရွေးကောက်ပွဲမှာ အရပ်ဘက်လူမှုအဖွဲ့အစည်း(CSO)တွေများများ ပါလေ ကောင်းလေပဲ။ ဒါကြောင့် CSO တွေ များများပါဝင်နိုင်အောင် သင်တန်းတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ လုပ်ပေးသွားဖို့ရှိတယ်။ နောက် ကျွန်တော်တို့က ရွေးကောက်ပွဲနဲ့ သက်ဆိုင်တဲ့ သတင်းလွှာ(စာစဉ်) ထုတ်တယ်။ တစ်လတစ်ခါပုံမှန်ထုတ်တာပေါ့။ ပြီးခဲ့တဲ့ ဒီဇင်ဘာလက စထုတ်တာဆိုတော့ သုံးလရှိပြီပေါ့။

မေး။ ။ အစ်ကိုတို့ထုတ်တဲ့ လစဉ်ထုတ်သတင်းလွှာအတွက် သတင်းအချက်အလက်တွေကို ဘယ်နေရာတွေကနေ အဓိကရယူသလဲ။ လုပ်ဖြစ်တဲ့အကြောင်းကကော. . ။

ဖြေ။ ။ ကျွန်တော်တို့က ပြန်ကြားရေးဝန်ကြီးဌာန MOI ဝက်ဘ်ဆိုက်၊ 7Days၊ Eleven၊ Hot News၊ RFA၊ The Voice၊ မဇ္ဈိမ၊ ဧရာဝတီ၊ မက်ဆင်ဂျာ၊ ဘီဘီစီ၊ ဗွီအိုအေ၊ ဒီဗွီဘီ၊ မြန်မာတိုင်းမ်၊ ဒီမိုကရေစီတုဒေး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဝက်ဘ်ဆိုက်၊ ကယားပြည်နယ်က ဒေသဆိုင်ရာ ထုတ်ဝေတဲ့ ကန္တာရဝတီ ဝက်ဘ်ဆိုက်၊ ရှမ်းသံတော်ဆင့်တို့က ရေးသားထားတဲ့ ရွေးကောက်ပွဲနဲ့ဆိုင်တဲ့ သတင်းတွေကို ရယူကိုးကားတယ်။ ဘာကြောင့် ဒီလိုလုပ်သလဲဆိုရင် အရပ်ဘက်အဖွဲ့အစည်းတွေမှာ လုပ်ရတဲ့ တာဝန်တွေများတယ်။ ဒီတော့သူတို့ အနေနဲ့က မီဒီယာအစုံမှာ ပါတဲ့အကြောင်းအရာတွေကို အကုန်အစုံဖတ်ဖို့ အချိန်မရှိဘူးဖြစ်နေတယ်။ ဒါကြောင့် ဘယ်သူက ဘာလုပ်နေတယ်ဆိုတာမျိုးကို ကျွန်တော်တို့က စုစည်းပေးတဲ့ သဘော။ အချိန်အများကြီး အကုန်ခံပြီး ဘယ်မှာ ဘာဖြစ်နေတယ်ဆိုတာကို လိုက်ရှာနေစရာ မလိုတော့အောင်ပါ။ တစ်လအတွင်းမှာ ဖြစ်ပျက်ခဲ့တာတွေကို စာမျက်နှာ နှစ်ရွက် သုံးရွက် ဖတ်ရုံနဲ့ သိလိုက်နိုင်မယ်။ သတင်းအချက်အလက် ပြည့်ပြည့်စုံစုံသိထားရင် အလုပ်လုပ်ရတာပိုပြီးတော့ အဆင်ပြေတယ်။

**မေး။ ။ အဲဒါဆို အစ်ကိုတို့ ထုတ်တဲ့ သတင်းလွှာကရောင်းတာလား။**

ဖြေ။ ။ ရောင်းတာမဟုတ်ပါဘူး။ အခမဲ့ ဖြန့်ပေးတာပါ။ ရွေးကောက်ပွဲကော်မရှင်ကတောင်းလို့ အီးမေးလ်နဲ့ပို့ပေးတယ်။ နောက်ကျွန်တော်တို့နဲ့ သိတဲ့ CSO တွေ၊ ကျွန်တော်တို့ဆီကို ဒီစာစဉ်လိုချင်တယ်ဆိုပြီး အကြောင်းကြားတဲ့ အဖွဲ့အစည်းတွေဆီကိုလည်း ပို့ပါတယ်။ ကျွန်တော်တို့တက်ရတဲ့ ပွဲတွေမှာလည်း စာစဉ်အဖြစ် ဝေငှပေးတယ်။ အဓိကကတော့ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေက မီဒီယာအစုံမှာပါတဲ့ အကြောင်းအရာတွေကို အကုန်အစုံဖတ်ဖို့ အချိန်မရှိဘူး



ဦးဖြိုးတင်ဦး (Program Officer)
ပဏ္ဍိတဖွံ့ဖြိုးရေးအင်စတီကျု။

ဖြစ်နေတယ်။ သတင်းအချက်အလက် အစုံရဖို့၊ ဘယ်အဖွဲ့အစည်းတွေ ဘာလုပ်နေတယ်ဆိုတာကို တစ်ဖွဲ့နဲ့ တစ်ဖွဲ့တွေ့ပြီး အစည်းအဝေးလုပ်တာမျိုးတွေလုပ်ဖို့ အားနည်းတဲ့ အခြေအနေတွေမှာ ရှိတယ်။ ကျွန်တော်တို့ထုတ်တဲ့ စာစဉ်ထဲမှာ ဘယ်သူဘာလုပ်နေတယ်ဆိုတဲ့ အချက်အလက်တွေကို ကြည့်ပြီး အဲဒီအချက်အလက်တွေအပေါ်ကို မူတည်ပြီး ဆုံးဖြတ်ချက်ချနိုင်အောင်ပါ။ Stakeholders တွေ တော်တော်များများက အချိန်မပေးနိုင်လို့ အချက်အလက်တွေ စုစည်းပေးတဲ့ သဘောပေါ့။ တချို့အဖွဲ့အစည်းတွေလည်း ရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့ စာရွက်စာတမ်းတွေ ထုတ်တယ်။ ဒါပေမယ့် နယ်တွေမှာကျတော့ ရဖို့က ခက်ခဲတယ်။ လိုချင်တယ်ဆိုရင် ကျွန်တော်တို့အနေနဲ့တာဝန်ယူပြီး ပို့ပေးတာတွေရှိတယ်။ လောလောဆယ်မှာ ရွေးကောက်ပွဲကော်မရှင်အပါအဝင် အဖွဲ့ပေါင်း ၂၀၀ ကျော်ဆီကို ပို့ပေးနေတယ်။ ပဏ္ဍိတကထွက်တဲ့ စာစဉ်တွေကိုလိုချင်လို့ ဆက်သွယ်ထားတဲ့သူတွေကိုလည်း ပို့ပေးပါတယ်။

**မေး။ ။ အစ်ကိုတို့ ထုတ်တဲ့ သတင်းလွှာမှာက ဒီသတင်းဌာနတွေက သတင်းတွေကို တိုက်ရိုက်ပြန်ဖြန့်ဝေတာလား ဒါမှမဟုတ် ပြန်ပြင်ရေးတာမျိုးလား၊ ရွေးကောက်ပွဲ သတင်းအတွက် ကဏ္ဍခွဲပေးထားတာမျိုးကော ရှိလား။**

ဖြေ။ ။ ကျွန်တော်တို့က မူရင်းသတင်းတွေအတိုင်းကို အကျဉ်းပြန်ချုံးတယ်။ သုံးကြောင်းလောက်နဲ့ပဲ ဘယ်နေ့၊ ဘယ်နေရာမှာ ဘာအကြောင်းအရာလောက်ဆိုတာကိုပါ။ စာစဉ်ရဲ့ အောက်မှာ ဘယ်နေ့က ဘယ်မီဒီယာမှာ ဘာခေါင်းစဉ်နဲ့ပါခဲ့တာဆိုပြီး ဖော်ပြပေးတယ်။ ကျွန်တော်တို့က ပြည်တွင်းမှာ ထုတ်ဝေနေတဲ့ မီဒီယာတွေဆီကနေ ရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့ သတင်းတွေကို စုဆောင်းတယ်။ ပြီးရင် ကဏ္ဍငါးခုခွဲတယ်။ လွှတ်တော်၊ အစိုးရ၊ ရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံတကာ၊ အရပ်ဘက် အဖွဲ့အစည်းနဲ့ ပြည်သူဆိုပြီးခွဲတယ်။ လွှတ်တော်ထဲက ရွေးကောက်ပွဲနဲ့ ပတ်သက်တဲ့ ဆုံးဖြတ်ချက်တွေ၊ လွှတ်တော်ရေးရာ ကော်မတီနဲ့ လွှတ်တော်အမတ်တွေက ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး လုပ်ဆောင်တာ ပြောဆိုတာတွေကို ဖော်ပြတယ်။ အစိုးရဆိုရင်လည်း အစိုးရက ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး ဘယ်လိုအချက်အလက်တွေ လုပ်ဆောင်သလဲ။ ရွေးကောက်ပွဲကော်မရှင်မှာ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီးနဲ့ပြည်နယ်အဆင့်၊ ခရိုင်၊ မြို့နယ်၊ ရပ်/ကျေး အဆင့် ကော်မတီတွေကနေ ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီးတော့ ဘယ်လို စည်းမျဉ်းစည်းကမ်းတွေထုတ်သလဲ။ ဘာတွေ လုပ်ဆောင်နေသလဲဆိုတာတွေကို ထည့်တယ်။ နောက်ပြီးတော့ နိုင်ငံတကာမှာ မြန်မာနိုင်ငံရွေးကောက်ပွဲနဲ့ ပတ်သက်ပြီးတော့ ဘာတွေကူညီသလဲ။ ဘာတွေပြောဆိုနေသလဲ။ ဘာတွေလုပ်ဖို့ရှိသလဲဆိုတာတွေကို ထည့်တယ်။ အရပ်ဘက် အဖွဲ့အစည်းနဲ့ ပြည်သူမှာကျတော့ အရပ်ဘက်အဖွဲ့အစည်းတစ်ခုဆီကဖြစ်စေ၊ အခြားထင်ရှားတဲ့ အလွှာကဖြစ်စေ၊ ပြည်သူတစ်ဦးတစ်ယောက်ချင်းစီကဖြစ်စေ၊ ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး ဘာတွေ လုပ်ဆောင်နေသလဲ။ ဘာတွေပြောထားသလဲ ဆိုတဲ့ အကြောင်းအရာတွေကို ထည့်တယ်။ အဓိကကတော့ ဘယ်အလွှာက ဘာတွေလုပ်ထားသလဲဆိုတာ ပြန်လိုက်လို့ရအောင်အတွက်ပါ။

**မေး။ ။ ရွေးကောက်ပွဲအတွက် အစ်ကိုတို့ အနေနဲ့ ဘာတွေဆက်လက်လုပ်သွားဖို့ရှိလဲ။**

ဖြေ။ ။ ရွေးကောက်ပွဲသတင်းရေးသားမှုအပိုင်းမှာ နိုင်ငံတော်ပိုင်မီဒီယာတွေ၊ ပုဂ္ဂလိကပိုင်မီဒီယာတွေကို ကျွန်တော်တို့က အဓိကထားပြီး စောင့်ကြည့် လေ့လာသွားဖို့ရှိမယ်။ FM တွေပါမယ်။ မြန်မာ့အသံရေဒီယိုနဲ့ ရုပ်သံပါမယ်။ နောက် စကိုင်းနတ်တို့လို မီဒီယာတွေပါမယ်။ ပြီးရင် ပြည်တွင်းမှာ ပုံနှိပ်မီဒီယာက တစ်ရာကျော်ရှိတယ်။ ဒါတွေ အကုန်လုံးကို ကျွန်တော်တို့က မစောင့်ကြည့်နိုင်ဘူး။ ဒီတော့ လူဖတ်အများဆုံးပုံနှိပ်မီဒီယာတွေကို စောင့်ကြည့်မယ်။ ဒါကတော့ စောင့်ကြည့်လေ့လာမယ့် အကြမ်းဖျင်းပါပဲ။ ပြည်ပအခြေစိုက် မြန်မာပြည်တွင်းမှာ လူကြိုက်များတဲ့ မီဒီယာတွေကိုလည်း စောင့်ကြည့်မယ်။ လက်တွေ့စောင့်ကြည့်မယ့် အချိန်ဆိုရင်တော့ အသေးစိတ်စာရင်းကို ကျွန်တော်တို့ ထုတ်ပြန်နိုင်မှာပါ။ ပုံနှိပ်မီဒီယာ၊ ရုပ်သံ၊ ရေဒီယိုနဲ့ အွန်လိုင်းမီဒီယာတွေ အကုန်က လူကြည့်များတာကို စောင့်ကြည့်တာပေါ့။ ဘက်မလိုက်တဲ့ မီဒီယာတွေကိုပဲစောင့်ကြည့်မယ်။ ပါတီတွေက ထုတ်ဝေတဲ့ စာစောင်တွေလည်းရှိတာကိုး။

**ကျေးဇူးပါပဲအစ်ကို။**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် တစ်နိုင်ငံလုံးအဆင့် မဲဆန္ဒရှင်စာရင်းပြုစုခြင်းကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလမှ စတင်ကာ လုပ်ဆောင်လျက်ရှိပြီး မဲဆန္ဒရှင်များအနေဖြင့် အခြေခံမဲဆန္ဒရှင်စာရင်း၌ ၎င်းတို့၏ အမည်ပါဝင်မှု ရှိ၊ မရှိကို ၂၀၁၅ ခုနှစ် မတ်လနှင့် ဇွန်လများတွင် စတင်ကြည့်ရှုနိုင်တော့မည် ဖြစ်သည်။

*National Network for Education Reform (NNER)နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညိုညိုသင်းနှင့် ဦးအောင်မိုင်းဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူ ဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ အမျိုးသားပညာရေးဥပဒေကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။*

# အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လေ့လာသုံးသပ်ခြင်း(၂)

## ပါမောက္ခ ဒေါက်တာစိုးသန်း
## (ရန်ကုန်ပညာရေးတက္ကသိုလ်)

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း အပိုဒ် ၂၁ တွင် မူလအမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (ဍ)ပါစာသား "ပညာရေးဝန်ထမ်းအားလုံး၏ အရည်အသွေးနှင့် လူမှုဘဝမြှင့်တင်ရေးကို အလေးထားဆောင်ရွက်စေခြင်းဖြင့် ကိုယ်ကျင့်တရားကောင်းမွန်ကာ ကိုယ်ပိုင်ဆုံးဖြတ်ဆောင်ရွက်နိုင်မှုနှင့် ကိုယ်တိုင်တာဝန်ယူတတ်မှုတို့ ဖွံ့ဖြိုးလာမှုအပေါ် မူတည်၍ ဗဟိုချုပ်ကိုင်မှု လျှော့ချသည့်ပညာရေးစနစ်ကိုကျင့်သုံးရေး။" ဟူသည့်စာသားကို ပုဒ်မခွဲ (ဌ)အဖြစ် "ဗဟိုချုပ်ကိုင်မှုလျှော့ချသည့် ပညာရေးစနစ်ကို ကျင့်သုံးရေး။"ဟူသောစာသားဖြင့် အစားထိုးမည်ဟုဆိုပါသည်။ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း (Decentralization)နှင့် ဗဟိုချုပ်ကိုင်မှု (Centralization)တို့မှာ ဖြစ်စဉ်များသာဖြစ်ပြီး ပုံသေအခြေအနေများ မဟုတ်ပါ။ ယင်းဖြစ်စဉ်နှစ်ခုတို့၏ ကွဲပြားမှုအတိုင်းအတာ လေးမျိုးရှိပါသည်။ Functional Decentralization, Functional Centralization, Territorial Decentralization နှင့် Territorial Centralization တို့ဖြစ်ပါသည်။ နယ်မြေဒေသ နယ်ပယ်အလိုက် (Territorial)ဆိုလျှင်ပင် Deconcentration (A central authority establishes field units or branch offices, staffing them with its own officers.) Delegation (Having stronger degree of decision making power at the local level.)နှင့် Devolution (Powers are formally held at subnational levels, the officers of which do not need to seek higher-level approval for their actions.) ဟူ၍ရှိနေပြန်ပါသည်။ ထို့ကြောင့် မည်သို့သော ဗဟိုချုပ်ကိုင်မှုလျှော့ချသည့် ပညာရေးစနစ်ကို ကျင့်သုံးမည်ဟု တိတိပပဖော်ပြနိုင်စွမ်းမရှိပါ။ မူလအမျိုးသားပညာရေးဥပဒေတွင်မူ "ကိုယ်ပိုင်ဆုံးဖြတ် ဆောင်ရွက်နိုင်မှုနှင့် ကိုယ်တိုင်တာဝန်ယူတတ်မှုတို့ ဖွံ့ဖြိုးလာမှုအပေါ် မူတည်၍"ဟု ဖော်ပြသဖြင့် Functional Decentralization ကို ကျင့်သုံးမည်ဟု ပေါ်လွင်ပါသည်။ မည်သည့်ဖြစ်စဉ်က ပို၍ကောင်းမွန်သည်ဟု ယတိပြတ်မသတ်မှတ်နိုင်ပါ။ ပညာရေးတွင် ထိပ်တန်းစာရင်းဝင်နိုင်ငံများဖြစ်သည့် Denmark, Netherland, Sweden တို့သည် Functional Centralization ကို ကျင့်သုံးနေသော်လည်း ထိရောက်မှုရှိနေပြီး Italy, Germany, USA နိုင်ငံများသည် Territorial Decentralization ကို ကျင့်သုံးနေကြပြီး ထိရောက်မှုရှိနေသည်ကို သုတေသီများတွေ့ရှိနေပါသည်။

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း အပိုဒ် ၂၂ တွင် မူလအမျိုးသားပညာရေးဥပဒေ အခန်း ၄ ၏ ခေါင်းစဉ်ကို "ဒီမိုကရေစီပညာရေးလွတ်လပ်ခွင့်ကို အာမခံခြင်း"ဟု ပြင်ဆင်ထားပါသည်။ ယင်းပြင်ဆင်ချက် အပိုဒ်(က)တွင် "ကျောင်းသားများသည် (ကက) ကျောင်းသားသမဂ္ဂများကို ကျောင်းသား ကျောင်းသူများကိုယ်တိုင် လွတ်လပ်စွာဖွဲ့စည်းထူထောင်လှုပ်ရှားခွင့်ရှိရမည်။ (ခခ)သမဂ္ဂအဆောက်အအုံများကို တက္ကသိုလ်အသီးသီး၏ ပရဝဏ်အတွင်းတွင် တက္ကသိုလ်ရန်ပုံငွေဖြင့် ကျခံတည်ဆောက်ရမည်။ (ဂဂ)အခြေခံပညာပြီးဆုံးသည့် ကျောင်းသား ကျောင်းသူများ အားလုံး အဆင့်မြင့်ပညာကဏ္ဍတွင် လွတ်လပ်စွာဘာသာတွဲ ရွေးချယ်သင်ယူခွင့်ရှိမည်။ (ဃဃ) ကျောင်းသားများသည် လွတ်လပ်စွာစဉ်းစားတွေးခေါ်ခွင့်၊ လွတ်လပ်စွာစုဝေးခွင့်၊ လွတ်လပ်စွာ ရေးသားထုတ်ဖော်ပြောဆိုပိုင်ခွင့်ရှိသည်။ (ငင)ကျောင်းအုပ်ချုပ်ရေးအဖွဲ့ဝင် ကျောင်းသားသမဂ္ဂမှ ကိုယ်စားလှယ်များပါဝင်ခွင့်ရှိသည်။ (စစ)ဆရာ ဆရာမများအပေါ် ကျောင်းသား ကျောင်းသူများ၏ အကဲဖြတ်မှုများကို တက္ကသိုလ်၊ ကျောင်းအုပ်ချုပ်ရေးကောင်စီသို့ တင်သွင်းသည့်အခါ ၎င်းကောင်စီသည် စဉ်းစားဆုံးဖြတ်ပေးရမည်။"ဟု ဖော်ပြထားပါသည်။

ဤသည်ကား ဒီမိုကရေစီနှင့်ပညာရေး၏ အဓိပ္ပာယ်များကို နားလည်မှုမရှိဘဲ ပုဂ္ဂလိကဆန္ဒကို ဥပဒေတွင်ပါဝင်အောင် ထည့်သွင်းရေးဆွဲချင်သည့်သဘောဖြစ်နေပါသည်။ ဒီမိုကရေစီဆိုသည်မှာ Greek ဘာသာစကား Dēmokratiā မှ ဆင်းသက်လာပြီး dēmos သည် မူရင်းအဓိပ္ပာယ်အားဖြင့် the people ဖြစ်ပြီး kratos မှာ strength ဖြစ်ပါသည်။ dēnots ကို ကျောင်းသားဟု ရေးသားထားသည်ကို မတွေ့ရပါ။ (ကက) (ခခ)(ဂဂ)(ငင)(စစ)တို့တွင် ရေးသားထားသည့်အချက်များအားလုံးမှာ ကျောင်းသားပညာရေးလွတ်လပ်ခွင့်၊ လွတ်လပ်စွာဘာသာတွဲရွေးချယ်သင်ယူခွင့်စသည့် တောင်းဆိုချက်များသာ ဖြစ်နေပါသည်။ ထို့ကြောင့် ဒီမိုကရေစီပညာရေးလွတ်လပ်ခွင့်ဟူသော ခေါင်းစဉ်နှင့်မကိုက်ညီပါ။ ကျောင်းသားသည် ပြည်သူလူထု၏ အစိတ်အပိုင်းတစ်ခုသာဖြစ်ပါသည်။ ဒီမိုကရေစီပညာရေး၏ အဓိပ္ပာယ်သဘောသက်ဝင်အောင် ကျောင်းသားများက ကျောင်းသားအများသို့မဟုတ် ပြည်သူ့ကောင်းကျိုးကို မည်သို့ပြုမည်ကို ရေးသားပြဋ္ဌာန်းသင့်ပါသည်။ (Democratic means insisting on equal rights and privileges for all.) ထို့အပြင် ပညာရေး (Education) ဟူသောစာလုံးသည် Latin ဘာသာစကား ēducāre မှဆင်းသက်လာပြီး to rear ဟု အဓိပ္ပာယ်ရပါသည်။ ထို့ကြောင့် ပညာရေးဆိုသည်မှာ bringing up, or training,as of a child; instruction; strengthening of the powers of body or mind ဖြစ်ပါသည်။ သို့ဖြစ်လျှင် မည်သူက မည်သူ့ကို လေ့ကျင့်ပြုစုပျိုးထောင်ပေးရပါမည်နည်း။ ကိုယ်တိုင်လွတ်လပ်စွာ ဖွဲ့စည်းထူထောင်လှုပ်ရှားဟု သုံးနှုန်းထားသဖြင့်ဦးဆောင်သူ ဆရာမလိုအပ်၊ သင်စရာမလို၊ လေ့ကျင့်ပေးစရာမလိုဟု အဓိပ္ပာယ်သဘောသက်ဝင်နေပါသည်။ ဤသို့ဖြစ်လျှင် ပညာရေးဟူသောအမှုကို ပြုရန်ကော လိုအပ်ပါတော့မည်လား။ ပညာသင်ကြားခြင်း သို့မဟုတ် ကျောင်းတက်ခြင်း၏ အဓိကအလုပ်မှာ ကျောင်းသားသမဂ္ဂများကို ကျောင်းသား ကျောင်းသူများကိုယ်တိုင် လွတ်လပ်စွာဖွဲ့စည်းထူထောင်လှုပ်ရှားရန် သက်သက်ဟုတ်ပါသလား။ ကျောင်းတက်ခြင်း၏ မူလအဓိပ္ပာယ် (the education you receive at school)ကို နားလည်မှု လွဲမှားစေအောင် ရေးသားထားသကဲ့သို့ဖြစ်နေပါသည်။

> **မြန်မာနိုင်ငံသားအားလုံး၏ ယဉ်ကျေးမှု စရိုက်လက္ခဏာနှင့် တန်ဖိုးထားမှုများကို အစွန့်ရှည်အောင် ထိန်းသိမ်းနိုင်စွမ်းရှိစေမည့် မြန်မာနိုင်ငံသားအားလုံး ပညာအရာတွင် တန်းတူရည်တူ တိုးတက်ခံစားရရှိစေမည့် အခွင့်အလမ်းပွင့်သည့် ပညာရေးစနစ်တစ်ခုကို ဦးတည်၍ ရေးသားသင့်။**

ကိုယ်၊ စိတ်စွမ်းရည်များကို ပိုမိုခိုင်မာတောင့်တင်းအောင် ဆရာများသွန်သင်မှုကို မလိုအပ်သော်လည်း ၎င်းတို့လွတ်လပ်စွာ လုပ်ချင်ရာကိုလုပ်ကိုင်ဆောင်ရွက်နိုင်ရန် သမဂ္ဂအဆောက်အအုံများကို တက္ကသိုလ်အသီးသီး၏ ပရဝဏ်အတွင်းတွင် တက္ကသိုလ်ရန်ပုံငွေဖြင့် ကျခံတည်ဆောက်ရမည်ဟုလည်း ဆိုပြန်ပါသည်။ တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီနှင့် ကျောင်းအုပ်ချုပ်ရေးအဖွဲ့တွင် ပါဝင်ရန် တောင်းဆိုထားပြီး ဆရာ ဆရာမများအပေါ် ကျောင်းသား ကျောင်းသူများက အကဲဖြတ်မှုများလည်း ပြုလုပ်ကြပါဦးမည်။ ပြစ်ဒဏ်များ ထည့်မထားသဖြင့်တော်ပါသေးသည်။ တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီအစား တက္ကသိုလ်ကောင်စီ (a governing body in a university) ကျောင်းအုပ်ချုပ်ရေးအဖွဲ့အစား ကျောင်းကောင်စီ (an assembly calledtogether for deliberation,advice,administration or legislation) ဟုသာ ဖြစ်သင့်ပါသည်။ သက်ဆိုင်ရာတက္ကသိုလ် ပဋိညာဉ်စာတမ်းတစ်ခုစီရေးဆွဲ၍ ဆောင်ရွက်သည့်အခါတွင် ဆရာက တပည့်အပေါ် ထင်သလိုမတရားမပြုလုပ်နိုင်ရန် စည်းမျဉ်းစည်းကမ်းများ ထည့်သွင်းရေးဆွဲလာပါလိမ့်မည်။ ဆရာများ၏ Professional Development ကို ပြဋ္ဌာန်းသတ်မှတ်ရာတွင် Supervisor's Rating Scale, Peer Appraisal, နှင့် Students' Rating Scale များကိုပါ ထည့်သွင်းစဉ်းစားလေ့ရှိပါသည်။ ဒီမိုကရေစီပညာရေးဟုဆိုလျှင် Democratic principles များကို လေးစားလိုက်နာရန်လိုအပ်ပါသည်။ တစ်ဖက်သတ်လိုအပ်ချက်ကို အခြားတစ်ဖက်က အမြဲတစေလိုက်လျောနေရမည်ဟု ထုံးစံမရှိပါ။ ထို့ကြောင့် The Democratic Conception in Education နှင့် ပတ်သက်၍ John Dewey (1915) ခုနှစ်က ရေးသားသည့် Democracy and Education စာအုပ်ပါစာသားအနည်းငယ်ကို ကောက်နုတ်ဖော်ပြအပ်ပါသည်။ (A democracy is more than a form of government: it is primarily a mode of associated living of conjoint communicated experience... A society which makes provision for participation in its good of all its members on equal terms and which secures flexible readjustment of its institutions through interaction of the different forms of associated life is in so far democratic. Such a society must have a type of education which gives individuals a personal interest in social relationships and control and the habits of mind which secure social changes without introducing disorder.) (စာမျက်နှာ ၁၀၁ မှ ၁၀၅ ရှု)။

ဤအချက်ကို ထောက်ချင့်၍ ဒီမိုကရေစီကို ကျင့်သုံးမည့်လူ့ဘောင်သည် မိမိဆန္ဒနှင့် လိုလားချက်များကို ဖြည့်ဆည်းပေးရန် တွင်တွင်တောင်းဆိုနေပြီး ကသောင်းကနင်းဖြစ်အောင်မပြုလုပ်ဘဲ လူမှုရေးပြုပြင်ပြောင်းလဲမှုများအတွက် အလျှော့အတင်း အပြန်အလှန်ညှိနှိုင်းမှု ပြုလုပ်တတ်သော အလေ့အထရှိသည့်၊ အားလုံး၏အကျိုးစီးပွားအတွက် အားလုံးသာတူညီမျှပါဝင်စေပြီး အတူတကွ အကျိုးကျေးဇူးပြန်လည်ခံစားရရှိစေသည့် လူ့ဘောင်ကို ကောင်းကျိုးပြုမည့်ပညာရေးမျိုးရှိရပါမည်။

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း အပိုဒ် ၂၂ (ခ) "ဆရာ၊ ဆရာမများသည်" "(ဂဂ) သမဂ္ဂအဆောက်အအုံများကို တက္ကသိုလ်အသီးသီး၏ ပရဝဏ်အတွင်းတွင် တက္ကသိုလ်ရန်ပုံငွေဖြင့် ကျခံတည်ဆောက်ရမည်။"ဟု ထပ်မံရေးသားထားပါသည်။ ဤသို့ဆိုလျှင် တက္ကသိုလ်နှင့် စာသင်ကျောင်းများရှိ အခြားစာရေးဝန်ထမ်းများ၊ ကျောင်းသားရေးရာဌာနဝန်ထမ်းများ၊ ငွေစာရင်းဝန်ထမ်းများ၊ နယ်မြေလုံခြုံရေးဝန်ထမ်းများ၊ နယ်မြေအင်ဂျင်နီယာဝန်ထမ်းများ စသည်တို့ကလည်း သမဂ္ဂများဖွဲ့စည်းကာ သမဂ္ဂအဆောက်အအုံများကို တက္ကသိုလ်အသီးသီး၏ ပရဝဏ်အတွင်းတွင် တက္ကသိုလ်ရန်ပုံငွေဖြင့် ကျခံတည်ဆောက်ရမည်ဟုဆိုလာပါက တက္ကသိုလ်ပရဝဏ်များနှင့် စာသင်ကျောင်းဝင်းများ၌ သမဂ္ဂများစွာတို့၏ အဆောက်အအုံများကိုသာ ဆောက်လုပ်ပေးနေရတော့မည်ဖြစ်သဖြင့် ပညာသင်ကြားရေးနှင့် သုတေသနပြုလုပ်ရေးကို ရှေးရှုရာရောက်ပါမည်လား။ တက္ကသိုလ်နှင့် စာသင်ကျောင်းတို့၏ မူလအဓိပ္ပာယ်များမှာ (A university is an institution at the highest level of education where <u>you can study for a degree or do research.</u> A school is a place where <u>children go to be educated.</u>)ဟူ၍ဖြစ်ပါသည်။ ဒီမိုကရေစီပညာရေးဆိုသည်မှာ သမဂ္ဂများစွာတို့ကိုထူထောင်၍ ကိုယ်တိုင်လွတ်လပ်စွာ ဖွဲ့စည်းလှုပ်ရှားရေးတစ်ခုတည်း မဟုတ်ပါ။ တစ်ဦးချင်းစီ၏ တာဝန်သိမှု၊ တာဝန်ယူမှုစရိုက်လက္ခဏာများဖြင့် စုပေါင်းစွမ်းအားဖြစ်ထွန်းကာ အများကောင်းကျိုးကို ဦးတည်ဆောင်ရွက်ကြသည့် <u>(For the people. By the people.)</u> ပညာရေးသာလျှင်ဖြစ်ပါသည်။

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း အပိုဒ် ၂၂(ခ) "ဆရာ ဆရာမများသည်" "(ဃဃ) နှစ်သက်ရာပါတီသို့ ဝင်ရောက်ခွင့်ရှိသည်" ဟုဆိုခြင်းသည် လွတ်လပ်မှုကို ဦးစားပေးထားသော်လည်း စည်းရုံးညီညွတ်မှုကို ခြိမ်းခြောက်နေပါသည်။ ဆရာ ဆရာမများအတွင်း ပါတီစွဲ၊ ဂိုဏ်းဂဏစွဲများကြောင့် စိတ်ဝမ်းကွဲမှုများ၊ လုပ်ငန်းခွင်တွင်း မပြေလည်မှုများ၊ ဘက်လိုက်မှုများ၊ အထက်အောက်ဆန့်ကျင်မှုများဖြစ်လာပြီး တိုးတက်မှု၊ ငြိမ်းချမ်းမှု၊ စည်းရုံးညီညွတ်မှုများ မရရှိနိုင်ပါ။ ဆရာ ဆရာမများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်သဖြင့် အခြားနိုင်ငံ့ဝန်ထမ်းများနည်းတူ စဉ်းစားရပါလိမ့်မည်။ ဆင်ခြင်ကြည့်ပါက (၁) နိုင်ငံ့ဝန်ထမ်းများအားလုံးသည် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းရမည်။ (၂) ဆရာ ဆရာမများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည်။ (၃) ထို့ကြောင့် ဆရာ၊ ဆရာမများသည် ပါတီနိုင်ငံရေးနှင့်ကင်းရှင်းရပါမည်။

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း အပိုဒ် ၂၂ "(ခ)ဆရာ၊ ဆရာမများသည်" "(ဇဇ) မိမိနှစ်သက်ရာကျောင်း သို့မဟုတ် ဒေသများကို လွတ်လပ်စွာရွေးချယ်လျှောက်ထားပိုင်ခွင့်နှင့် ပြောင်းရွှေ့ပိုင်ခွင့်ရှိရမည်"ဟု ပြဋ္ဌာန်းပါက တိုင်းပြည်၏ပညာရေးတစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်မှုကို မညီမညာဖြစ်သွားစေပါလိမ့်မည်။ ဆရာ ဆရာမများ လွတ်လပ်စွာ ရွေးချယ်လျှောက်ထားပြောင်းရွှေ့ကြလျှင် အချို့တက္ကသိုလ်နှင့် စာသင်ကျောင်းများတွင် ဆရာမရှိတော့ဘဲ ကျောင်းသားအချင်းချင်း စာပြန်သင်ပေးနေရပါလိမ့်မည်။ အချို့တက္ကသိုလ်နှင့်စာသင်ကျောင်းများတွင်မူ ဆရာဦးရေက ကျောင်းသားဦးရေထက်ပို၍ပင် များနေနိုင်ပါသည်။ မြန်မာနိုင်ငံတွင် မြို့ပြနှင့် ကျေးလက် ဖွံ့ဖြိုးမှုအရ ကွာဟနေဆဲ၊ မြို့ပြနှင့် ကျေးလက်လမ်းပန်းဆက်သွယ်ရေးအရ ကွာဟနေဆဲ၊ မြို့ပြနှင့် ကျေးလက်တစ်ဦးကျဝင်ငွေမှာ ကွာဟနေဆဲဖြစ်သဖြင့် လုပ်သားအင်အား ပြောင်းရွှေ့မှုကို အနေတော်ဖြစ်အောင် ထိန်းမထားနိုင်ပါက မြို့ပြတွင် ဆရာ ဆရာမများစုပုံနေပြီး ကျေးလက်တွင် ဆရာ ဆရာမ အလုံအလောက်မရှိဖြစ်နေပါလိမ့်မည်။ ထို့ကြောင့် ကျေးလက်ဒေသများ၏ ပညာရေးသည် ဘယ်သောအခါမှ ဖွံ့ဖြိုးတိုးတက်တော့မည်မဟုတ်ပါ။ပညာရေးမဖွံ့ဖြိုးသဖြင့် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့်ယဉ်ကျေးမှုများလည်း အစဉ်သဖြင့် နိမ့်ကျကျန်ခဲ့ပါလိမ့်မည်။

စာမျက်နှာ ၇ သို့ »»

»»» စာမျက်နှာ ၆ မှ

ထိုအခါ တတ်နိုင်သည့် ကျောင်းသားများက ဆရာမရှိသည့် ဆရာမလုံလောက်သည့်ကျောင်းများကိုစွန့်ခွာကာ အခြားကျောင်းများသို့ ပြောင်းရွှေ့သွားကြပြီး မတတ်နိုင်သည့် ကျောင်းသားများက ကျောင်းမှထွက်ကြလိမ့်မည်။ ပညာရေးကို အကျိုးမရှိသည့် အလုပ်တစ်ခုအဖြစ် ရှုမြင်လာကြမည်။

ထို့ကြောင့် အချို့သောကျောင်းများကို ပိတ်ပစ်ရပါလိမ့်မည်။ မြို့ပြနှင့်ကျေးလက်တန်းတူအခွင့်အရေးမရရှိနိုင်တော့ပါ။ သို့ဖြစ်လျှင် ဤအမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပိုဒ် ၂၂(ခ)အပိုဒ်ခွဲ (ဇဇ) သည် နိုင်ငံတကာလူ့အခွင့်အရေး ကြေညာစာတမ်း "Article 26. Everyone has the right to education." နှင့် ၁၉၈၉ ခုနှစ် ကလေးသူငယ်အခွင့်အရေးညီလာခံက အတည်ပြုထားပြီး မြန်မာနိုင်ငံ ပါဝင်လက်မှတ်ရေးထိုးထားသည့် Convention on the Rights of the Child(CRC) ၏ "Article 28. Convention on the Rights of the Childs asserts the child's right to education, and covers the state's obligations for provision of formal schooling, progressively and **on the basis of equal opportunity.** Primary schooling should be free and compulsory." တို့ကို ဖောက်ဖျက်ကျူးလွန်အောင် အားပေးရာရောက်စေပြီး နိုင်ငံသားတို့၏ ပညာသင်ကြားပိုင်ခွင့်ကို ဆုံးရှုံးသွားအောင် ရေးသားထားသကဲ့သို့ ဖြစ်နေပါသည်။ စဉ်းစားကြပါ။

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အပိုဒ် ၂၂ (င)တွင် "သင်ကြားရေးတွင် ဘာသာစကားသုံးမျိုးစနစ်ဖြစ်သော မိခင်ဘာသာစကား၊ မြန်မာဘာသာစကား၊ အင်္ဂလိပ်ဘာသာစကားတို့ကို အသုံးပြုသင်ကြားမည်။"ဟု ရေးသားထားပါသည်။ မိခင်ဘာသာစကား (Mother tongue)ဆိုသည်မှာ ကလေးပထမဦးစွာ လေ့လာတတ်မြောက်သည့် ဘာသာစကားဖြစ်ပါသည်။ ယင်းဘာသာစကားမှာ အပြောသာရှိသည့်ဘာသာစကားနှင့် အပြောနှင့်အရေးနှစ်ခုစလုံးရှိသည့် ဘာသာစကားများဖြစ်နိုင်သည်။ အက္ခရာနှင့် ရေးထုံးသဒ္ဒါ သတ်သတ်မှတ်မှတ်ရှိသည့် မိခင်ဘာသာစကားကို ဆရာ ဆရာမက တတ်မြောက်ကျွမ်းကျင်ပါက သင်ကြားရေးတွင် အသုံးပြုရန် အဆင်ပြေနိုင်ပါသည်။ သို့သော် အချို့မိခင်ဘာသာစကားများမှာ ယနေ့တိုင် အက္ခရာနှင့်ရေးထုံးသဒ္ဒါ တိတိကျကျမသတ်မှတ်နိုင်ကြသေးသဖြင့် အပြောဘာသာစကားဟုသာ ဆိုနိုင်ပါသည်။ ယင်းဘာသာစကားကို သင်ကြားရေးတွင် မည်သို့အသုံးပြုမည်နည်း။ စာသင်ကြားရာတွင် အပြောတစ်ခုတည်းဖြင့်မပြီးပါ၊ အရေးအသားလည်းပါရပေမည်။ ဆရာ ဆရာမက ကလေး၏မိခင်ဘာသာစကားကို တတ်ပါမည်လား။ ကလေး၏ မိခင်ဘာသာစကားကို တတ်သူတိုင်းက ဆရာ ဆရာမအလုပ်ကို လုပ်ပါမည်လား။ ကလေး၏ မိခင်ဘာသာစကားကို တတ်သူတိုင်းအား ဆရာ ဆရာမအဖြစ် အလုပ်ခန့်ပါမည်လား။ အလုပ်ခန့်သည်ဆိုပါစို့ ကလေးကိုစာသင်တတ်ပါမည်လား။ မသင်တတ်၍ သင်တန်းတက်မည်ဆိုပါက မည်သည့်ဘာသာစကားဖြင့်သင်ပေးရပါမည်နည်း။ ယင်းပြင်ဆင်သည့် ဥပဒေကြမ်း အပိုဒ် ၂၂ (င) (ခခ)တွင် "မိခင်ဘာသာစကားတစ်ခုကို ရွေးချယ်ပြီးပါက မြန်မာစာနှင့် အင်္ဂလိပ်စာကို ဒုတိယဘာသာစကား လေ့လာနည်းများအသုံးပြုပြီး ကျန်ဘာသာရပ်များကို မိခင်ဘာသာစကားဖြင့် သင်ကြားသင်ယူခွင့်ရှိသည်။" ဟု ရေးသားထားသဖြင့် သင်္ချာ၊ သိပ္ပံ၊ ပထဝီဝင်၊ သမိုင်း(အလယ်တန်းဆင့်) ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒနှင့် ဘောဂဗေဒ(အထက်တန်းဆင့်) ဘာသာရပ်များကို အက္ခရာနှင့်ရေးထုံးသဒ္ဒါ သတ်သတ်မှတ်မှတ်မရှိသည့် မိခင်ဘာသာစကားဖြင့်သင်ရန်မှာ အပြောလွယ်သလောက် အလုပ်ခက်ပါသည်။ မိခင်ဘာသာစကား တည်တံ့ခိုင်မာစေရန် အက္ခရာနှင့်ရေးထုံးသဒ္ဒါ မှန်ကန်ရေးကို ဦးစွာကြိုးပမ်းဆောင်ရွက်သင့်ပါသည်။

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းက ပယ်ဖျက်လိုက်သည့် မူလအမျိုးသားပညာရေး ဥပဒေ ပုဒ်မ ၄၃ (က)နှင့် (ခ)နှစ်ခုအနက် "(ခ) အခြေခံပညာအဆင့်တွင် လိုအပ်ချက်ရှိလျှင် တိုင်းရင်းသားဘာသာစကားကို မြန်မာဘာသာစကားနှင့်အတူ သင်ကြားမှုဘာသာစကားအဖြစ် တွဲဖက်အသုံးပြုနိုင်သည်။"ဟု ဖော်ပြထားပြီး ထပ်မံပယ်ဖျက်လိုက်သည့် ပုဒ်မ ၄၄ တွင် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် တိုင်းရင်းသားစာပေနှင့် ဘာသာစကားသင်ကြားမှုကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် အခြေခံပညာမူလတန်းအဆင့်မှစတင်၍ အကောင်အထည်ဖော်ပြီး အဆင့်ဆင့် တိုးချဲ့ဆောင်ရွက်နိုင်သည်။" ဟု ဖော်ပြပါရှိသဖြင့် ဘာသာစကားလွတ်လပ်ခွင့်ကို ပြဋ္ဌာန်းပေးထားသည်ဟု နားလည်ရပါသည်။ တိုင်းရင်းသားစာပေနှင့် ဘာသာစကားသင်ကြားမှုကို အခြေခံပညာမူလတန်းအဆင့်မှစတင်ရမည်မှာ အမှန်အကန်ပင်ဖြစ်ပါသည်။ ထို့ကြောင့် တိုင်းရင်းသားစာပေနှင့် ဘာသာစကားအစား မိခင်ဘာသာစကားဟု အကြံအဖန်လုပ်ထားသည့် ပြဋ္ဌာန်းချက်သည် ဆန်စင်ရာကျည်ပွေ့လိုက်ရအောင်၊ ထိန်းမနိုင်သိမ်းမရ၊ ကသောင်းကနင်း၊ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း ပညာရေးစနစ်ကို ရှေးရှုရာရောက်နေပါသည်။ မူလအမျိုးသားပညာရေးဥပဒေ ပုဒ်မ ၄၁ (က)တွင် ပြဋ္ဌာန်းထားသည့် "အမျိုးသားပညာရေးသင်ရိုးညွှန်းတမ်းစံများကို" ပြည့်မီရန် အလွန်အလှမ်းကွာဝေးသွားနိုင်ပါသည်။

ဥပဒေတစ်ခုကို ရေးသားရာတွင် ရှေ့နောက်ဆင်ခြင်တိုင်းထွာ၍ ရေးသားသင့်ပါသည်။ မြန်မာနိုင်ငံသားအားလုံး၏ ယဉ်ကျေးမှုစရိုက်လက္ခဏာနှင့် တန်ဖိုးထားမှုများကို အစွန့်ရှည်အောင် ထိန်းသိမ်းနိုင်စွမ်းရှိစေမည့်၊ မြန်မာနိုင်ငံသားအားလုံး ပညာအရာတွင်တန်းတူရည်တူ တိုးတက်ခံစားရရှိစေမည့် အခွင့်အလမ်းပွင့်သည့် ပညာရေးစနစ်တစ်ခုကို ဦးတည်၍ ရေးသားသင့်ပါသည်။ ယင်းသို့ဦးတည်၍ ရေးသားသောဥပဒေသည်သာ ရေရှည်တည်တံ့ကာ အများကောင်းကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။ ။

# အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၌ ဆက်လက်ကြားနာ

**နေပြည်တော် မတ် ၁၇**

အမျိုးသား ပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ကြားနာခြင်းကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဆွေးနွေးပွဲခန်းမ၌ ဆက်လက်ကျင်းပပြီး အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက် (NNER) မှ အဖွဲ့ဝင်များ၏ ဆွေးနွေးအကြံပြုချက်များအား ကြားနာခဲ့သည်။



အဆိုပါပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ကြားနာရာသို့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီ၊ ကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ညဏစိုးနှင့် ကော်မတီဝင်များ၊ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်ဥက္ကဋ္ဌ ဦးမြင့်သိန်း၊ ကော်မရှင်အတွင်းရေးမှူး ဦးကြည်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြမည့်ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက် (NNER) မှ အဖွဲ့ဝင်များ၊ ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက် (NNER) အထောက်အကူပြုအဖွဲ့ဝင်များနှင့် သတင်းမီဒီယာများ တက်ရောက်ကြသည်။

ထိုသို့ကြားနာခြင်းဆောင်ရွက်ရာတွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌက လွှတ်တော်သည် ဥပဒေကြမ်းတစ်ခုအားလက်ခံဆောင်ရွက်ရာတွင် လွှတ်တော်ဥပဒေ၊ နည်းဥပဒေ၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတို့နှင့်အညီ ဆောင်ရွက်ရပါကြောင်း၊ လွှတ်တော်သည် ဥပဒေပြုမည်(သို့မဟုတ်) ဥပဒေကြမ်းရေးဆွဲတော့မည်ဆိုလျှင် အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ခြင်း ရှိ/မရှိ၊ တည်ဆဲဥပဒေများနှင့် ငြိစွန်းခြင်း ရှိ/မရှိ၊ လက်တွေ့အကောင်အထည်ဖော်နိုင်ခြင်း ရှိ/မရှိ၊ နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးဖြစ်ထွန်းစေမှု ရှိ/ မရှိနှင့် နိုင်ငံတကာ ကွန်ဗင်းရှင်းများတွင် ပါဝင်လက်မှတ်ရေးထိုးထားချက်များနှင့် ဆန့်ကျင်ခြင်း ရှိ/မရှိတို့ဖြင့် စံထားစဉ်းစား၍ ဆောင်ရွက်သည့် အစဉ်အလာကို ကျင့်သုံးလျက်ရှိပါကြောင်း၊ ဤဥပဒေကြမ်းသည် လေးလေးနက်နက် စဉ်းစားဆောင်ရွက်ရမည့် ဥပဒေဖြစ်သည့်အတွက် ပြည့်စုံအောင် ဆောင်ရွက်ရပါကြောင်း၊ တက်ရောက်ဆွေးနွေးလာကြသည့် ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာ ကွန်ရက် ( NNER) မှ အဖွဲ့ဝင်များ၏ ဆွေးနွေးချက်များ၊ အကြံပြုချက်များသည် ဥပဒေကြမ်းအတွက် တန်ဖိုးရှိသည့်အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးလိုသည့် ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက် (NNER) အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာမင်းသိန်း၊ ဦးနိုင်ငွေသိန်း၊ ဒေါက်တာ သန့်လွင်မောင် (ကိုတာ)၊ သိက္ခာတော်ရ ဆရာဦးသိန်းလွင်၊ ဒေါက်တာသိန်းလွင်၊ ဒေါက်တာညိုညိုသင်း၊ ဒေါက်တာအာကာမိုးသူ၊ ဦးသန်းထိုက်အောင်၊ ဒေါက်တာတင်နွဲ့ရီ၊ ဦးထာအုပ်၊ ဦးစိုးထွန်း၊ ဦးရဲဝင်း၊ ဒေါ်သူသူမာ၊ ဒေါ်နှင်းနှင်းမွှေး၊ ဦးအောင်ကိုဦးနှင့် ဒေါ်ဟောင်းဆိုင်းတို့က မိမိတို့၏သဘောထားအမြင်များကို အကြံပြုဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# တက္ကသိုလ်ဝင်စာမေးပွဲများ အေးချမ်းစွာ ဆက်လက်ဖြေဆို

## ရန်ကုန်တိုင်းဒေသကြီး

၂၀၁၅ ခုနှစ် မတ် ၁၁ ရက်မှစ၍ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲကိုစတင်ဖြေဆိုခဲ့ရာ ယနေ့တွင် ရူပဗေဒဘာသာရပ်ကို ဖြေဆိုကြသည်။

ယင်းတို့အနက် ရန်ကုန်တိုင်းဒေသကြီးတွင် ယနေ့တွင် ရူပဗေဒဘာသာရပ်ကို ဖြေဆိုရန် စာရင်းရှိ ကျောင်းသား ၄၉၁၁၅ ဦးအနက် ၄၄၄၄၇ ဦး ဖြေဆိုခဲ့ပြီး စာရင်းရှိ ကျောင်းသူ ၅၆၄၆၀ ဦးအနက် ၅၃၅၀၄ ဦးတို့ အေးချမ်းစွာ ဝင်ရောက်ဖြေဆိုခဲ့ကြသည်။

စုစုပေါင်းစာရင်းရှိဦးရေမှာ ၁၀၅၅၇၆ ဦးအနက် ၉၇၉၅၁ ဦး ရာခိုင်နှုန်းအားဖြင့် ၉၂ ဒသမ ၇၈ ရာခိုင်နှုန်း ဖြေဆိုကြသည်။

ဖြေဆိုရန် ပျက်ကွက်သူဦးရေမှာ ကျောင်းသား ၄၆၆၈ ဦး၊ ကျောင်းသူ ၂၉၅၇ ဦး စုစုပေါင်း ၇၆၂၅ ဦးရှိပြီး ရာခိုင်နှုန်းအားဖြင့် (၇ ဒသမ ၂၂ ရာခိုင်နှုန်း) ရှိသည်ဟု အမှတ် (၃) အခြေခံပညာဦးစီးဌာနမှ ထုတ်ပြန်သော စာရင်းအရသိရသည်။

**(ခင်ချိုဝင်း)**

## မုဒုံ

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၏ ငါးရက်မြောက်နေ့ဖြစ်သည့် ယနေ့တွင် မွန်ပြည်နယ် မုဒုံမြို့နယ်၌ဖွင့်လှစ်သည့် စာစစ်ဌာနလေးခု၌ ယမန်နေ့က ဓာတုဗေဒဖြေဆိုသည့် ဦးရေအတိုင်း ပျက်ကွက်မှုမရှိဘဲ ကျောင်းသားကျောင်းသူ ၁၈၅၆ ဦး (ကျောင်းသား ၆၉၃ ဦးနှင့် ကျောင်းသူ ၁၁၆၃ ဦး)တို့ အေးချမ်းစွာ ဖြေဆိုခဲ့ကြသည်။

တက္ကသိုလ်ဝင်စာမေးပွဲကို ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူးတို့ ပါဝင်သော အဖွဲ့က စာစစ်ဌာနများသို့ နေ့စဉ်လှည့်လည်စစ်ဆေးဆောင်ရွက်ပေးလျက်ရှိကြသည်။

ယမန်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် မုဒုံမြို့နယ် စာဖြေဌာနသုံးခုတွင် ရူပဗေဒဘာသာရပ်ဖြေဆိုသူ ၁၅၂၈ ဦး ရှိခဲ့ပြီး ရူပဗေဒဘာသာရပ်ဖြင့် ဂုဏ်ထူးထွက်သူ ၁၃၆ ဦးရှိခဲ့ကြောင်း မုဒုံမြို့နယ် ပညာရေးမှူးရုံးမှ သိရသည်။ **ကိုချစ်(မုဒုံ)**

## ဟိုပန်

'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပန်စာစစ်ဌာန၌ တက္ကသိုလ်ဝင်စာမေးပွဲအား မတ် ၁၁ ရက်မှစတင်ဖြေဆိုလျက်ရှိရာ ယနေ့ ရူပဗေဒဘာသာရပ်တွင်လည်း စာရင်းရှိ ကျောင်းသား ၃၃ ဦး၊ ကျောင်းသူ ၉၁ ဦး စုစုပေါင်း ၁၂၄ ဦးအနက် ဖြေဆိုသူ ကျောင်းသား ၃၂ ဦး၊ ကျောင်းသူ ၈၄ ဦး စုစုပေါင်း ၁၁၆ ဦးရှိခဲ့ပြီး ဖြေဆိုမှု ၉၃ ဒသမ ၅၅ ရာခိုင်နှုန်းရှိခဲ့ပါသည်။

ကျောင်းသားကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းစွာ ဖြေဆိုနိုင်ရန်အတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဆရာ ဆရာမများက နေ့စဉ်စောင့်ရှောက်ပေးလျက်ရှိကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## မွန်ပြည်နယ်

ကျင်းပလျက်ရှိသည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် မွန်ပြည်နယ်တစ်ခုလုံးရှိ စာစစ်ဌာန ၄၄ ခု၌ ယနေ့နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရူပဗေဒဘာသာရပ်ကိုဖြေဆိုသူ ကျောင်းသား ၆၈၅၅ ဦးနှင့် ကျောင်းသူ ၁၀၉၉၄ ဦး စုစုပေါင်း ၁၇၈၄၉ ဦး (ဖြေဆိုမှုရာခိုင်နှုန်း ၉၅ ဒသမ ၄၇) ရာခိုင်နှုန်းတို့က အေးချမ်းစွာ ဝင်ရောက်ဖြေဆိုခဲ့ကြသည်။

ယမန်နေ့ ဓာတုဗေဒဖြေဆိုအပြီး ယနေ့ရူပဗေဒ ဖြေဆိုရက်တွင် ရေးမြို့ အထက(၁) စာစစ်ဌာနမှ ကျောင်းသူတစ်ဦးနှင့် ချောင်းဆုံအထက စာစစ်ဌာနမှ ကျောင်းသူတစ်ဦး စုစုပေါင်း ကျောင်းသူနှစ်ဦး ဖြေဆိုရန်ပျက်ကွက်သည်။ ရူပဗေဒဘာသာရပ်ဖြေဆိုရန် စာရင်းပေးသွင်းထားသူ ၁၈၆၉၅ ဦးအနက် ဖြေဆိုရန်ပျက်ကွက်သူများမှာ ကျောင်းသား ၄၈၂ ဦးနှင့် ကျောင်းသူ ၃၆၄ ဦး စုစုပေါင်း ၈၄၆ဦး (ပျက်ကွက် ရာခိုင်နှုန်း ၄ ဒသမ ၅၃) ရှိကြောင်း မွန်ပြည်နယ် ပညာရေးမှူးရုံးမှ သိရသည်။

**(ကိုချစ်)**



## လွှတ်တော်ရေးရာ

### ❐ ပြည်သူ့လွှတ်တော်မှ

ဆောင်ရွက်လျက်ရှိသည့် မြေကွက်ပေါင်း ၃၆၉၃ ကွက်၊ လုပ်ငန်းထူထောင်ဆဲနှင့် တည်ဆောက်ဆဲမြေကွက်ပေါင်း ၂၉၇၀ ကွက်နှင့် ဂိုဒေါင်သိုလှောင်ရုံအဖြစ် အသုံးပြုလျက်ရှိသည့် မြေကွက် ၁၂၉၉ ကွက်တို့ဖြစ်ပြီး လုပ်ငန်းစတင်နိုင်ခြင်းမရှိသေးသည့် မြေကွက်လွတ် ၂၃၃၉ ကွက်ဖြစ်ပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စီမံခန့်ခွဲမှုကော်မတီတစ်ရပ်ဖွဲ့စည်းပြီး စည်းကမ်းနှင့် မညီညွတ်သည့် မြေကွက်များတွင် စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်ရေးအတွက် စတင်တည်ဆောက် အကောင်အထည်ဖော်ရမည့်ကာလကို သုံးလ(သို့မဟုတ်) လေးလသတ်မှတ်၍ သက်ဆိုင်ရာလုပ်ငန်းရှင်များကို ခေါ်ယူတွေ့ဆုံ အသိပေးညှိနှိုင်း၍ လုပ်ငန်းအဆိုပြုချက်တင်ပြစေခြင်း၊ တည်ဆောက်မည့်လုပ်ငန်း၏ ပမာဏအပေါ်မူတည်၍ လုပ်ငန်းရှင်၏အဆိုပြုချက်နှင့် စီမံကိန်းကာလကို စီမံခန့်ခွဲမှုကော်မတီမှ စိစစ်အတည်ပြု၍ စဉ်ဆက်မပြတ် လုပ်ငန်းအကောင်အထည်ဖော်မှု ရှိ၊ မရှိ ကြီးကြပ်စိစစ်ခြင်း၊ အဆိုပြုချက်တင်သွင်းခြင်းမရှိသော မြေကွက်လွတ်များအား နိုင်ငံတော်သို့ ပြန်လည်အပ်နှံစေခြင်းနှင့် အဆိုပြုစီမံကိန်းများကို တင်ပြပါစီမံကိန်းကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ခြင်းမရှိသော မြေကွက်လပ်များကို သတ်မှတ်ရက်လွန်ကြေး၊ ဒဏ်ကြေးငွေများ ပေးသွင်းစေခြင်းမှစ၍ မြေကွက်ကို ပြန်လည်အပ်နှံစေခြင်းအထိ အဆင့်ဆင့်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း၏ "မြို့နယ်တရားရုံးတော်မှ ဆုံးဖြတ်ချက်အမိန့်ချမှတ်ပြီးသော ယာဉ်များအား သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအား လေလံတင်ရောင်းချရန် လုပ်ပိုင်ခွင့်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုကြောင်း" မေးခွန်းနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက လိုင်စင်မဲ့မော်တော်ယာဉ်များအား လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားဥပဒေအရ တရားစွဲဆိုပြီး တရားရုံးဆုံးဖြတ်ချက်ကျပါက နိုင်ငံတော်ဘဏ္ဍာသိမ်းယာဉ်များကို Open Tender စနစ်ဖြင့်ရောင်းချရန် ကြမ်းခင်းဈေးသတ်မှတ်ရာတွင် တရားဝင်ပြည်ပမှ လိုင်စင်တင်သွင်းဈေးနှုန်းထက်မနိမ့်ရေးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး တစ်ပြေးညီဖြစ်စေရေးအတွက် Open Tender မပြုလုပ်မီ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့သို့ ကြမ်းခင်းဈေးသတ်မှတ်ရေးဆိုင်ရာ သဘောထားမှတ်ချက် တောင်းခံပြီးမှ ဆောင်ရွက်ရန်ဖြစ်ပြီး ရောင်းချ၍မရသော မော်တော်ယာဉ်များအား အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသို့ နိုင်ငံပိုင်စာရင်းသွင်းရေး လွှဲပြောင်းပေးအပ်ပြီး နိုင်ငံတော်အစီအစဉ်ဖြင့် လိုအပ်သည့် အဖွဲ့အစည်းနှင့်ဌာနများ အသုံးပြုနိုင်ရန် ပြန်လည်ခွဲဝေပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့အားလုံးသို့ ညွှန်ကြားထားပြီးဖြစ်ပါကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ သက်ဆိုင်ရာမြို့နယ် တရားရုံးတော်မှ ဆုံးဖြတ်ချက်အမိန့် ချမှတ်ပြီးသော လိုင်စင်မဲ့မော်တော်ယာဉ်နှင့် အခြားယာဉ်များကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ Open Tender စနစ်ဖြင့်ရောင်းချရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခွင့်ပြုချက်တောင်းခံပြီး ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ၏ "နေအိမ်ခြံမြေပုံကိစ္စ၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ (SME)နှင့်စပ်လျဉ်းသည့် လုပ်ငန်းမှတ်ပုံတင်ခြင်း၊ ချေးငွေနှင့် မတည်မှုငွေရရှိနိုင်ရေးအတွက် ဆောင်ရွက်ခြင်း



စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်



ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ

စသည့်လုပ်ငန်းပိုင်းဆိုင်ရာ နည်းလမ်းများ၊ ညွှန်ကြားချက်များနှင့် မည်သို့မည်ပုံဆောင်ရွက်ရမည်နှင့် ကျေးရွာများတွင် မြေဂရန်အခက်အခဲရှိသဖြင့် မြေဂရန်အစား မည်ကဲ့သို့ဆောင်ရွက်နိုင်မည်ကို သိရှိလိုကြောင်း" မေးခွန်းနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်က စီးပွားရေးလုပ်ငန်းများ မှတ်ပုံတင်ရာတွင် ပုဂ္ဂလိကစက်မှုလုပ်ငန်း ဥပဒေအရ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများကို စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင်လည်းကောင်း၊ အငယ်စားစက်မှုလုပ်ငန်းများကို အသေးစားစက်မှုလက်မှုလုပ်ငန်း မြှင့်တင်ရေးဥပဒေအရ သမဝါယမဝန်ကြီးဌာန အသေးစား၊ အလတ်စားစက်မှုလုပ်ငန်း ဦးစီးဌာနတွင်လည်းကောင်း၊ ဆန်စက်၊ ပဲခွဲစက်အစရှိသော စီးပွားရေးလုပ်ငန်းများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင်လည်းကောင်း၊ ငါးပိ၊ ငါးခြောက်အစရှိသော စီးပွားရေးလုပ်ငန်းများကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနတွင်လည်းကောင်း၊ ဟိုတယ်၊ မိုတယ်နှင့် တည်းခိုရိပ်သာ စီးပွားရေးလုပ်ငန်းများကို ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနတွင်လည်းကောင်း မှတ်ပုံတင်ရပါကြောင်း။

မှတ်ပုံတင်ထားသော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား ချေးငွေနှင့် မတည်ရင်းနှီးငွေရရှိရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်နှင့်ကောင်စီနယ်မြေများသို့ ချေးငွေကျပ် ၂၀ ဘီလီယံကို ခွဲဝေချထားပေးခဲ့ရာ လုပ်ငန်းအရေအတွက်များပြားသည့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ချေးငွေကျပ်နှစ်ဘီလီယံစီနှင့် ကျန်တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကောင်စီနယ်မြေများတွင် ငွေကျပ် တစ်ဘီလီယံစီ သတ်မှတ်၍ ထုတ်ချေးပေးလျက်ရှိပါကြောင်း။

SME ချေးငွေရယူလိုသော စီးပွားရေးလုပ်ငန်းရှင်များသည် မိမိလုပ်ငန်းများတည်ရှိရာ တိုင်းဒေသကြီး၊ ပြည်နယ်နှင့်ကောင်စီနယ်မြေများရှိ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဦးစီးဌာနမှူးများမှတစ်ဆင့် လျှောက်ထားပြီး သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်ရယူရမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာအစိုးရအဖွဲ့မှ ချေးငွေထုတ်ချေးပေးနိုင်ရန် လုပ်ငန်းရှင်များ၏စာရင်းအား အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် (SMIDB)သို့ ပေးပို့ရပါကြောင်း၊ SMIDB အနေဖြင့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းအတိုင်း ချေးငွေလျှောက်ထားသူများ၏ အပေါင်ပစ္စည်းများ ခိုင်မာမှုရှိမှသာ ချေးငွေထုတ်ချေးခြင်းဖြစ်၍ ချေးငွေရရှိမှု မကြန့်ကြာစေရန် လုပ်ငန်းရှင်များ၏ အပေါင်ပစ္စည်းများ ခိုင်မာမှု ရှိ၊ မရှိကို တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ကောင်စီနယ်မြေရှိ တာဝန်ရှိသူများက ကြိုတင်စိစစ်ပြီးမှ သက်ဆိုင်ရာအစိုးရအဖွဲ့သို့ တင်ပြရမည်ဖြစ်ပါကြောင်း။

SMIDB ၏ စည်းမျဉ်းစည်းကမ်းအရ စီးပွားရေးလုပ်ငန်းရှင်များသည် အခွန်ပေးဆောင်ပြီးစီးမှု ပြေစာ (လက်ရှိ ဘဏ္ဍာနှစ်အပါအဝင်) သုံးနှစ်စာ မိတ္တူတင်ပြရမည်ဖြစ်သော်လည်း တစ်နှစ်အတွက်သာ တင်ပြလျှင်သော်လည်းကောင်း၊ လျှောက်ထားသူအမည်ပေါက် ဂရန်/ဘိုးဘွားပိုင်၊ အာမခံမြေပိုင်ဆိုင်မှု ဂရန်လက်ကျန်သက်တမ်းအား အနည်းဆုံး ငါးနှစ်ရှိရမည့်အစား အနည်းဆုံး လေးနှစ်အထိရှိခဲ့လျှင်သော်လည်းကောင်း SME ချေးငွေရရှိနိုင်ရန်အတွက် ဖြေလျှော့မှုများ ပေးထားပါကြောင်း၊ ထို့ပြင် ချေးငွေလျှောက်ထားမှု၏ အာမခံမြေဂရန် အမည်ပေါက်(၃ခ) ပုံစံတွင် လယ်ယာမြေမဟုတ်ကြောင်း ထောက်ခံချက်ပါရှိပါက လက်ခံပေးပါကြောင်းနှင့် လုပ်ငန်းအရှုံးအမြတ်စာရင်းကို ယခင်က ပြည်သူ့လက်မှတ်ရစာရင်းကိုင်၏ထောက်ခံချက်ဖြင့် ရေးဆွဲရန်လိုအပ်သော်လည်း ယခုအခါ SMIDB ၏ သတ်မှတ်ပုံစံအတိုင်း တစ်နှစ်စာအတွက် ရေးဆွဲတင်ပြနိုင်ပါက ချေးငွေရရှိရေးအတွက် ဖြေလျှော့လက်ခံပေးပါကြောင်း။

ကျေးရွာများကို မြေငှားဂရန်ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားသော ဥပဒေသတ်မှတ်ချက်နှင့်ကိုက်ညီပါက အနည်းဆုံး ၁၀ နှစ်မှ အများဆုံး နှစ် ၃၀ ရှိသော မြေငှားစာချုပ်နှင့် စနစ်တကျအကွက်ရိုက်ထားခြင်း မရှိသော မြေများအတွက် အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ မြေငှားလိုင်စင်များ ခွင့်ပြုချထားပေးနိုင်ပါကြောင်း၊ ကျေးရွာမြေအဖြစ် တရားဝင်အမိန့် ထုတ်ပြန်သတ်မှတ်ထားသော ဧရိယာအတွင်း အမှန်တကယ်နေထိုင်ပြီး ပိုင်ဆိုင်ကြောင်း အထောက်အထား အချက်အလက်အပြည့်အစုံဖြင့် တင်ပြလျှောက်ထားလာပါက ဥပဒေများနှင့်အညီ စိစစ်၍ ဂရန်များထုတ်ပေးလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။ **(သတင်းစဉ်)**

### ✻ အမျိုးသားလွှတ်တော်မှ

ရွှေဘိုပေါ်ဆန်းများကို မိမိနိုင်ငံ၏ မူပိုင်ခွင့်ရရှိစေရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ ရွှေဘိုပေါ်ဆန်းမွေး စိုက်ပျိုးထုတ်လုပ်ရောင်းချမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရွှေဘိုပေါ်ဆန်းမွေးမူပိုင်ခွင့်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့ရာ စီးပွားရေးဆိုင်ရာ ပညာရှင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဆန်စပါးကဏ္ဍဆိုင်ရာ ကုန်သည်အသင်းအဖွဲ့များ၊ စိုက်ပျိုးထုတ်လုပ်သူများ စုံညီစွာ တက်ရောက်ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး တက်ရောက်လာကြသူများ၏သဘောတူညီချက်အရ ဆုံးဖြတ်ချက်(၉)ရပ်ကို ရရှိခဲ့ပါကြောင်း၊ ယင်းဆုံးဖြတ်ချက်များကို ဆန်စပါးကဏ္ဍဆိုင်ရာ အသင်းအဖွဲ့များ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများနှင့် ကဏ္ဍအလိုက်



ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်

တာဝန်ရှိသည့် ဌာနဆိုင်ရာများက အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သဘောတူညီမှုရရှိပြီးဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် အရည်အသွေးမြင့်ဆန်များ ကြိတ်ခွဲထုတ်လုပ်နိုင်ရေးအတွက် ခေတ်မီဆန်စက်အပိုင်းများဖြစ်သည့် ရော်ဘာရိုလာ စပါးအခွံချွတ်စက်၊ ဆန်အရောင်တင်စက်၊ ဆန်အရောင်မညီရွေးထုတ်စက်၊ ကျောက်ခဲခွဲထုတ်စက်၊ အလိုအလျောက် ဆန်ရောနှော ယူနစ်များ တပ်ဆင်အသုံးပြုသည့် ခေတ်မီဆန်စက်များ ပြည်ပမှ ဝယ်ယူတပ်ဆင်ရေးအတွက် အလွယ်တကူ တင်သွင်းနိုင်ရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အဆိုပါခေတ်မီစက်များဖြင့် အရည်အသွေးမြင့်ဆန်များ ကြိတ်ခွဲတင်ပို့နိုင်ခြင်းအားဖြင့် ဈေးနှုန်းပိုရလာမည်ဖြစ်သကဲ့သို့ ဈေးကွက်ယှဉ်ပြိုင်နိုင်မှုလည်းမြင့်တက်လာမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ရွှေဘိုပေါ်ဆန်းမွှေးကို ဈေးကွက် ပိုမိုချဲ့ထွင်နိုင်ရေးအတွက် အစိုးရပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိပါကြောင်းနှင့် ဖျာပုံပေါ်ဆန်းမွှေးကို ပြည်တွင်းဈေးကွက်တွင် ထိပ်ဆုံးပြန်ရောက်နိုင်ရန်အတွက် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ၊ ဒေသအတွင်းရှိ ဆန်စပါးကဏ္ဍမှ အသင်းအဖွဲ့ တာဝန်ရှိသူများ၊ ဆန်စက်ပိုင်ရှင်များ အားလုံးက ကောင်းမွန်သည့် စိုက်ပျိုးမှုနည်းစနစ်ဖြင့် ကြိတ်ခွဲခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူခြင်းလုပ်ငန်းများကို စနစ်ကျနစွာ ဆောင်ရွက်သွားသင့်ပါကြောင်း၊ ဝန်ကြီးဌာနများ အပိုင်းကလည်း ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ယင်းနောက် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသက်၏ **"ပြည်ထဲရေးဝန်ကြီးဌာန၏ များပြားသော တာဝန်များကို ခွဲဝေပေးရန် အစီအစဉ်ရှိ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ရှင်းလင်းဖြေကြားရာတွင် ပြည်ထဲရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ Law Enforcement Body ဖြစ်သောကြောင့် မိမိဝန်ကြီးဌာန၏ ရည်မှန်းချက်များအား နိုင်ငံတော်မှ ချမှတ်ပေးထားသော မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများအနေဖြင့် နိုင်ငံတော်လုံခြုံရေးအပါအဝင် လုံခြုံရေးလုပ်ငန်းများ၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်



လွှတ်တော်ကိုယ်စားလှယ် ဦးစိုးသက်

ရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးလုပ်ငန်းများကို မိမိတပ်ဖွဲ့ ၊ ဦးစီးဌာန၏ လုပ်ငန်းသဘာဝများအလိုက် ရည်မှန်းချက်တာဝန်များချမှတ်၍ တပ်ဖွဲ့ဦးစီးဌာနအချင်းချင်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အပြန်အလှန်ချိတ်ဆက်ပြီး အောင်မြင်နိုင်နင်းစွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယင်းသို့ ဆောင်ရွက်ရာတွင် ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများသည် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အသီးသီးတို့တွင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရနှင့် နေပြည်တော်ကောင်စီ၏ အနီးကပ်ကြီးကြပ်အုပ်ချုပ်မှုဖြင့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေကြရပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အဆိုပါ တပ်ဖွဲ့၊ ဦးစီးဌာနများ၏ ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအား ဗဟိုမှ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊ ထိန်းကျောင်းခြင်း၊ ဝန်ထမ်းရေးရာကိစ္စရပ်များအား ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းသဘောအရ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များ၏ ဝန်ထမ်းလိုအပ်ချက်များအား ထပ်မံဖြည့်တင်းပေးခြင်း၊ ပေါင်းစပ်ညှိနှိုင်းပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိစေကာမူ ယင်းတို့မှ ရည်မှန်းချက်တာဝန်များကို တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ အနီးကပ်ကြီးကြပ်မှုဖြင့်သာ ဆောင်ရွက်နေမှုများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီသာ ကြီးကြပ်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများအား ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဗဟိုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတို့ ဟန်ချက်ညီ ဖြန့်ခွဲတာဝန်ထမ်းဆောင်လျက်ရှိနေသောကြောင့် ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများအား သီးခြားဖြန့်ခွဲထုတ်ခြင်း၊ လုပ်ငန်းတာဝန်များအား ခွဲဝေပေးခြင်းတို့ကိုဆောင်ရွက်ရန် အစီအစဉ်မရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

## ရှမ်းပြည်နယ်တောင်ပိုင်း တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူများ

**တောင်ကြီး မတ် ၁၇**

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၏ ပဥ္စမနေ့ဖြစ်သော ယနေ့တွင် ရူပဗေဒဘာသာရပ်အား ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ စာစစ်ဌာနပေါင်း ၅၉ ခုတွင် စာရင်းရှိကျောင်းသား ၈၄၈၈ ဦး၊ ကျောင်းသူ ၁၃၅၂၉ ဦး စုစုပေါင်း ၂၂၀၁၇ ဦး ဖြစ်ပြီး ဖြေဆိုသူကျောင်းသား ၇၇၄၆ ဦး၊ ကျောင်းသူ ၁၂၉၂၆ ဦး စုစုပေါင်း၂၀၆၇ ဦးဖြစ်ပြီး ပျက်ကွက်ကျောင်းသား ၇၄၂ ဦး၊ ကျောင်းသူ ၆၀၃ ဦး စုစုပေါင်း ၁၃၄၅ ဦးဖြစ်၍ ဖြေဆိုမှုရာခိုင်နှုန်းမှာ ၉၃ ဒသမ ၈၉ ဖြစ်ကြောင်း သိရသည်။ တောင်ကြီးမြို့နယ်အတွင်း စာစစ်ဌာနပေါင်း ၁၃ ခုရှိပြီး စာရင်းရှိ ၆၄၄၉ ဦး၊ ဖြေဆိုသူ ၆၀၃၆ ဦး၊ ပျက်ကွက် ၄၁၃ ဦးဖြစ်၍ ဖြေဆိုသူစုစုပေါင်း ၉၃ ဒသမ ၆ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။

**(ကိုယ်ပွားတောင်ကြီး)**

# ရခိုင်ဒေသရေကြောင်းသွားလာရေး ရေယာဉ်အင်အားဖြည့် အောင်တံခွန်(၃) ခရီးသည်တင်ရေယာဉ်ရှာဖွေရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် မတ် ၁၇**

မတ် ၁၃ ရက်တွင် နစ်မြုပ်ခဲ့သော အောင်တံခွန် (၃) ခရီးသည်တင် ရေယာဉ်နစ်မြုပ်မှုနှင့် ပတ်သက်၍ ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ် ရဲတပ်ဖွဲ့၊ ကျောက်ဖြူခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ ကျောက်ဖြူ ရေတပ်စခန်းမှ တာဝန်ရှိသူများ၊ ကြက်ခြေနီ၊ မီးသတ်၊ နာရေးကူညီမှု အသင်း၊ ရေကြောင်းပို့ဆောင်ရေးမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ မတ် ၁၆ ရက်တွင် ဒေသခံရေငုပ် ကျွမ်းကျင်သူများမှ နစ်မြုပ်နေသော သင်္ဘောဝမ်းဗိုက်အတွင်း ဝင်ရောက် ရှာဖွေမှုများဆောင်ရွက်ခဲ့ရာ သင်္ဘောမှာ တစောင်းအနေအထားဖြစ်နေသဖြင့် သင်္ဘောတစ်ခြမ်းကိုသာ ရေငုပ်သမားများက ရှာဖွေကယ်ဆယ်ရေးများ လုပ်ဆောင်နိုင်ခဲ့သည်။ ထိုသို့ ရှာဖွေရာတွင် သင်္ဘောတစ်ခြမ်းအတွင်းမှ ရုပ်အလောင်း ၂၃ လောင်း ထပ်မံတွေ့ရှိရ၍ မတ် ၁၆ ရက် ညနေ ၄ နာရီအထိ ရုပ်အလောင်းဆယ်ယူရရှိမှု ကျား+မ ၅၉ ဦး ရှိသွားပြီဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မတ် ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် သေဆုံးသူ မတစ်ဦး၊ ကျား တစ်ဦး ဆယ်ယူရရှိခဲ့သဖြင့် ယနေ့အထိ သေဆုံးသူ ကျား ၁၄ ဦး၊ မ ၄၇ ဦး ပေါင်း ၆၁ ဦး ရုပ်အလောင်းများ ဆယ်ယူရရှိခဲ့သည်။

ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရခိုင်ဌာနခွဲရှိ ခရီးလမ်းများတွင် လိုက်ပါစီးနင်းသည့် ခရီးသည်များ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ရန်ကုန်ရှိ အောင်တံခွန်-၇ ရေယာဉ်အား အင်အားဖြည့်တင်းသည့်အနေဖြင့် စေလွှတ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ရခိုင်ဌာနခွဲရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် အောင်တံခွန် ရေယာဉ်ငါးစီးနှင့် ဧညဝတီ ရေယာဉ် သုံးစီးကိုလည်း ဦးစားပေး၍ အသေးစိတ်စစ်ဆေးပြီး ရေယာဉ်များ ကြံ့ခိုင်မှုအတွက် ပြင်ဆင်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**(သတင်းစဉ်)**

## ယနေ့ တက္ကသိုလ်ဝင်စာမေးပွဲ ရူပဗေဒဘာသာရပ်ဖြေဆိုသူ ၅၄၇၃၃၇ ဦးရှိ

**နေပြည်တော် မတ် ၁၇**

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်မှစတင်၍ မြန်မာတစ်နိုင်ငံလုံး၌ တစ်ပြိုင်တည်း စတင်ကျင်းပခဲ့ရာ ကျောင်းသား ကျောင်းသူများက ယနေ့နံနက် ၉ နာရီတွင် ရူပဗေဒဘာသာရပ်ကို ဖြေဆိုကြသည်။

ယနေ့ဖြေဆိုမှုအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် ရူပဗေဒဘာသာရပ်ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၅၄၇၃၃၇ ဦးရှိပြီး မြန်မာစာဘာသာရပ် ဖြေဆိုခဲ့သည့်နေ့ထက် ဖြေဆိုသူ ကျောင်းသား ကျောင်းသူ ၅၀၃၃၁ ဦးလျော့နည်းကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## မြို့တော်ရန်ကုန်ရောင်စုံဓာတ်ပုံပြိုင်ပွဲ ပြည်သူ့အကြိုက်ဆုံးဆု ထပ်မံရွေးချယ်မည်

**ရန်ကုန် မတ် ၁၇**

ပြည်သူ့အကြိုက်ဆုံး ဓာတ်ပုံများအား ရွေးချယ်ပေးနိုင်ရန်အတွက် တတိယအကြိမ် မြို့တော်ရန်ကုန်ရောင်စုံဓာတ်ပုံ ပြိုင်ပွဲ ပြပွဲ ၂၀၁၅ ကို မတ် ၁၇ ရက်မှ ၁၉ ရက်နေ့ နံနက် ၁၀နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်မြို့တော်ခန်းမ၌ နေ့စဉ် ပြသလျက်ရှိရာ မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှုနိုင်ပြီး ပြည်သူ့အကြိုက်ဆုံးဓာတ်ပုံများ ရွေးချယ်ပေးနိုင်အောင် ပြပွဲကျင်းပရေးကော်မတီက စီစဉ်ထားကြောင်း သိရသည်။

အဆိုပါ ရန်ကုန်မြို့တော်ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဓာတ်ပုံပညာရှင် ၁၃၄ ဦးတို့ ပေးပို့ယှဉ်ပြိုင်သော ဓာတ်ပုံပေါင်း ၉၂၂ ပုံအနက် ဓာတ်ပုံပညာရှင် ဒိုင်လူကြီးများ ရွေးချယ်အတည်ပြုခဲ့သော နိုင်ငံတကာအဆင့်မီဓာတ်ပုံပေါင်း ၂၅၀ အား ပြည်သူများအနေဖြင့် ပြပွဲအတွင်း ခင်းကျင်းပြသထားသော ဓာတ်ပုံများအနက်မှ ပြည်သူ့အကြိုက်ဆုံးဓာတ်ပုံတစ်ပုံကို (People Choice Award) အဖြစ်ရွေးချယ်ပြီးဆုများ ထပ်မံချီးမြှင့်ပေးသွားမည်ဖြစ်သည်။

ပြည်သူ့အကြိုက်ဆုံး ဓာတ်ပုံရွေးချယ်မှုတွင် ၁၂ လရာသီပွဲတော်ကဏ္ဍ၊ ရိုးရာလက်မှုအနုပညာလုပ်ငန်းကဏ္ဍ၊ ပြောင်းလဲတိုးတက်လာသော မြို့တော်ရန်ကုန်ကဏ္ဍနှင့် တိမ်မြုပ်နေသော ရှေးဟောင်းအဆောက်အအုံများကဏ္ဍဟူ၍ ဖော်ကျူးရိုက်ကူးထားသော ဓာတ်ပုံများကိုသာ ရွေးချယ်ပေးရန်ဖြစ်ပါသည်။ **(စောသိန်းဝင်း)**

# ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**ရခိုင်ကမ်းရိုးတန်းသွား အောင်တံခွန်(၃)ခရီးသည်ရေယာဉ် တိမ်းမှောက်နစ်မြုပ်ခဲ့မှုနှင့် ပတ်သက်၍ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ရဲတပ်ဖွဲ့၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကြက်ခြေနီတပ်ဖွဲ့၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ကျောက်ဖြူရေတပ်စခန်းမှ တာဝန်ရှိသူများ၊ နာရေးကူညီမှုအသင်းတို့သည် ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အဆိုပါကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် ဌာနဆိုင်ရာတာဝန်ရှိသူများကို တွေ့ဆုံမေးမြန်းခဲ့မှုများအား တင်ပြအပ်ပါသည်။**

**သတင်းအဖွဲ့**



ဦးမောင်မောင်အုန်း
ရခိုင်ပြည်နယ်ဝန်ကြီးချုပ်



ဦးကိုကိုနိုင်
တိုင်းရင်းသားရေးရာဝန်ကြီး



စစ်တွေမြို့နယ်
ရဲတပ်ဖွဲ့ဝင်တစ်ဦး



ရဲမှူးကြီးနေမျိုး
ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှူး



ဦးမြင့်ထွေး
ပြည်နယ်ကြက်ခြေနီဦးစီးမှူး
(ဒုတိယတန်း)

**ဦးမောင်မောင်အုန်း**
**ရခိုင်ပြည်နယ်ဝန်ကြီးချုပ်**

အခုဖြစ်တဲ့ပြဿနာကို ပြန်သုံးသပ်မယ်၊ ဆုံးဖြတ်မယ်၊ အစိုးရဆိုတာကတော့ ပြဿနာတစ်ခုဖြစ်လာရင် တာဝန်ရှိတဲ့သူကို ပြည်သူတွေက မဖော်ထုတ်ခိုင်းလည်း ဖော်ထုတ်ရတာပဲ။ သေသွားတဲ့သူတွေကို (၁၁) သိန်း ထောက်ပံ့တယ်။ နောက်တစ်ခါ အသက်ရှင်တဲ့သူတွေကို (၃)သိန်းခွဲ။ ငွေကြေးအားဖြင့် လူ့အသက်ကို တန်ဖိုးဖြတ်လို့တော့ မရပါဘူး။ ကျန်ရှိတဲ့သူတွေရဲ့ အခက်အခဲတွေကို အတတ်နိုင်ဆုံးပေါ့ တချို့လည်း နှစ်ယောက်သေတယ်။ တချို့လည်း သုံးယောက်သေတာရှိတယ်။ သူတို့မှာလည်း စိတ်ဒဏ်ရာခံစားနေရတာ ကိုယ်ချင်းစာပါတယ်။ သူတို့ကို အတတ်နိုင်ဆုံး ဖြေသိမ့်ပေးရမယ်။ ကူညီပေးရမယ်။ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ အကုန်လုပ်ပေးရမယ်။ လူမှုဝန်ထမ်းမှာ အားလုံးစာရင်းပေးပြီး သူတို့ရဲ့အခက်အခဲတွေကို ပြန်လည်စုစည်းပြီးရင် လုပ်ပေးသင့်တာအားလုံးထဲက ဦးစားပေး အလုပ်အကိုင်ရရှိရေးကိစ္စတွေ၊ နေရာချထားရေးကိစ္စတွေ အားလုံးကိုသူတို့ရဲ့ အသက်အရွယ်နဲ့ ပညာအရည်အချင်းပေါ် မူတည်ပြီးတော့ နစ်နာခဲ့တဲ့ ခံစားမှုရှိခဲ့တဲ့သူတွေအတွက် ဘဝမှာ ဖြေသိမ့်ပြီးတော့မှ အနာဂတ်ကို ကျော်ဖြတ်နိုင်အောင် အတတ်နိုင်ဆုံး စီမံဆောင်ရွက်ပေးသွားမှာပါ။

**ဦးကိုကိုနိုင်**
**တိုင်းရင်းသားရေးရာဝန်ကြီး**

ငပသုန်ကျေးရွာအုပ်စုထဲက ကျေးရွာအုပ်စုမှူးတွေ ဦးဆောင်တဲ့အဖွဲ့က ကယ်ဆယ်ရေးလုပ်ငန်းတွေကို အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်နိုင်ခဲ့တယ်။ ၈ နာရီခွဲ စဖြစ်ဖြစ်ချင်းပေါ့။ အကွာအဝေးက အနည်းဆုံး နာရီဝက်တောင် မကြာပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲ့ဒီနေရာက ငါးဖမ်းကွက်။ ငါးဖမ်းကွက်ဆိုတာ တံငါသည်တွေရဲ့ အဓိကလုပ်ငန်း။ အဲ့ဒီနေရာမှာ သူတို့ငါးဖမ်းစက်လှေတွေ အနီးအနားမှာရှိတယ်။ အဲ့လိုရှိတာနဲ့ အဆင်သင့်ဖြစ်သွားတဲ့ အနေအထားတွေဖြစ်တယ်။ ဖြစ်တာနဲ့ ဖြစ်ဖြစ်ချင်းကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြတယ်။ ကျောက်ဖြူအဖွဲ့၊ မြေပုံအဖွဲ့တွေ မနက်မိုးသောက်ရောက်တယ်။ ဒါပေမယ့် ဒေသခံ အနီးပတ်ဝန်းကျင် ရွာရှစ်ရွာရှိတယ်။ ပြီးရင် အုပ်ချုပ်ရေးမှူးတွေ၊ ကျေးရွာလူထုတွေ၊ တံငါသည်တွေ ပူးပေါင်းပြီးတော့ လူမှုရေးစိတ်ဓာတ်အပြည့်အဝနဲ့ ကိုယ့်တိုင်းရင်းသားအချင်းချင်း ကိုယ့်လူမျိုးအချင်းချင်း အတိဒုက္ခရောက်နေတယ်ဆိုတဲ့အခါမှာ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြလို့ အခုလိုမျိုး အထိုက်အလျောက် ကယ်ဆယ်လိုက်နိုင်တဲ့ အနေအထားဟာ တကယ့်ကို ဂုဏ်ယူစရာကောင်းတဲ့ အနေအထားဖြစ်ပါတယ်။

**စစ်တွေမြို့နယ်**
**ရဲတပ်ဖွဲ့ဝင်တစ်ဦး**

ပထမဦးဆုံး သင်္ဘောမှောက်ပြီဆိုတော့ သင်္ဘောပေါ်မှာပါတဲ့ လုံခြုံရေးသုံးယောက်က သင်္ဘောဝမ်းထဲကို ဝင်တယ်။ ရေဝင်တော့ ပုံးတွေနဲ့ အားလုံးပက်ပေးတယ်။ ကူပြီးတော့ ပက်ထုတ်ပေးတယ်။ ကျန်တဲ့ ဆရာနှစ်ယောက်ကတော့ ခရီးသည်တွေကို ငြိမ်အောင်ထိန်းပေးတယ်။ နောက်ပြီးတော့ ကုန်ပစ္စည်းတွေကို နေရာရွှေ့တဲ့ ဆရာက ရွှေ့ပေးတယ်။ အဲ့လိုမျိုးလည်း ဆောင်ရွက်ခဲ့ပါတယ်။ ကယ်ဆယ်ရေးတွေကတော့ ကျောက်ဖြူတို့၊ မြေပုံတို့က လာတော့လာတယ်။ ဒါပေမယ့် အမြန်တော့ မရောက်နိုင်ဘူး။ သူတို့ မိုးလင်းပိုင်းမှပဲ ရောက်လာတယ်။ ညပိုင်းကတော့ မြောက်ကျင်ရယ်၊ ပိုက်ဆက်ရယ်ပေါ့။ အဲ့ဒီက တံငါသည်လေးတွေက စက်လှေလေးတွေနဲ့ သူတို့တတ်နိုင်သမျှ ကူညီပေးတယ်။ ကူညီပေးလို့လည်း အသက်ရှင်ခဲ့ရတယ်။

**ရဲမှူးကြီးနေမျိုး**
**ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့မှူး**

နောက်ဆုံး အခြေအနေကတော့ ၆၁ ဦး ဆယ်ယူရရှိခဲ့ပြီးပြီ။ သင်္ဘောထဲမှာ ဆက်ပြီးရှာဖွေဖို့တော့လုပ်နေတယ်။ သိပ်အများကြီးရှိနေဖို့လည်း မရှိပါဘူး။ အများပြောသလို (၃၀၀)၊ (၄၀၀) ဆိုတာလည်း မဟုတ်ပါဘူး။ ဒါတွေက လူတွေကို ထင်ယောင်ထင်မှားဖြစ်အောင်လုပ်နေတဲ့ သဘောပါ။ ပစ္စည်းတွေအတွက် ကိုယ်တွေ၊ လက်တွေကို ဖြတ်ပြီးယူတယ်ဆိုပြီး အသံတွေထွက်တယ်။ ဒါတွေကလည်း လူတွေရဲ့ ကောလာဟလစကားတွေ ဖြစ်ပါတယ်။ လက်ရှိ ပြည်နယ်အစိုးရကတော့ ရခိုင်ပြည်နယ် အစိုးရဝန်ကြီးချုပ်ရဲ့ ညွှန်ကြားချက်နဲ့အညီ တာဝန်ရှိတဲ့အလျောက် ဒါတွေကို ကယ်ဆယ်ရေးနဲ့ စစ်ဆေးကြပ်မတ် မှတ်တမ်းတင်တာတွေ၊ လိုအပ်တဲ့ဟာတွေ လုပ်နေပါတယ်။ တာဝန်ရှိတဲ့အရာ အားလုံးကိုတော့ ရဲတပ်ဖွဲ့ဝင်တွေက တာဝန်ယူပြီးတော့မှ ဆက်လက်ပြီး ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေဆဲဖြစ်ပါတယ်လို့ ပြောချင်ပါတယ်။

**ဦးမြင့်ထွေး**
**ပြည်နယ်ကြက်ခြေနီဦးစီးမှူး**
**(ဒုတိယတန်း)**

အကြောင်းကြားတဲ့အချိန်မှာ နံပါတ်တစ်က ဖြစ်တဲ့နေရာက ကျောက်ဖြူနဲ့ မြေပုံနဲ့ အလယ်မှာဖြစ်တဲ့အတွက် မြေပုံရယ်၊ ကျောက်ဖြူရယ် နှစ်ဖက်လုံးက ကြက်ခြေနီတွေ အဲ့ဒီမှာ ဒုတပ်ရင်းမှူးတွေရှိတယ်။ အဲ့ဒီလူတွေနဲ့ ကျွန်တော်တို့ တစ်ဖက်ဆယ်ရောက်လောက်နဲ့ ကယ်ဆယ်ရေးတွေ ထွက်ခိုင်းတယ်။ ပြီးမှ အဲ့ဒီမှာနေပြီးတော့ ကယ်တဲ့လူတွေကို ဘယ်လိုလုပ်မယ်ဆိုတာကို အထက်အာဏာပိုင်တွေနဲ့ သူတို့ပေါင်းပြီး စီမံပြီးတော့လုပ်တယ်။ ပြီးမှ ဒီဘက်ကိုကျတော့ အသက်ရှင်ပြီးတော့ ပြန်လာတဲ့သူတွေကို ဒီကိုရောက်ပြီးမှ ဆေးဝါးကုသမှုလိုတဲ့သူတွေကို ဆေးဝါးကုသမှုခံယူဖို့ လုပ်တယ်။ ပြီးမှ ဘာမျှမဖြစ်တဲ့သူတွေကို နေရပ်ဒေသအရောက် ပြန်လည်ပို့ဆောင်ပြီးတော့ အလှူငွေတွေ ပေးတယ်။ ကယ်ဆယ်ရေးပစ္စည်းတွေပေးတယ်။ ပြီးမှ နေရပ်ဒေသအသီးသီးကို ပြန်ပြီးတော့ အရောက်ပို့ပေးတာတွေရှိတယ်။

## လူငယ်အထူးတရားစခန်းများ ဖွင့်လှစ်မည်

**နေပြည်တော် မတ် ၁၇**

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့ ကုန်းမြင့်သာယာရပ် ဓမ္မရံသီ မိုးကုတ်ရိပ်သာ ကျောင်းတိုက်ကြီးအတွင်း၌ ဒုတိယအကြိမ်မြောက် အသက်(၁၄)နှစ်မှ (၃၀)နှစ်အတွင်း လူငယ်အထူးတရားစခန်းပွဲကို မတ် ၂၅ ရက်မှ ဧပြီ ၃ ရက်ထိ ၁၀ ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်သည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ချမ်းမြဝတီရပ် အနော်ရထာလမ်း ဓမ္မရံသီ မိုးကုတ်ရိပ်သာ လူငယ်အထူးတရားစခန်းဖွင့်ပွဲ အခမ်းအနားကိုလည်း မတ် ၂၇ ရက် နံနက် ၇ နာရီတွင်လည်းကောင်း စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရှိရသည်။

တရားစခန်း ဝင်ရောက်လိုသော လူငယ်များအနေဖြင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက မတ် ၂၀ ရက်မှ စတင်၍ ဖုန်း-၀၈၆-၂၀၂၇၄ နှင့် ၀၈၆-၂၀၇၉၇ တို့သို့ ဆက်သွယ်၍ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**✻ ရှေ့ဖုံးမှ**

အမြတ်ငွေနှင့်ဝင်ငွေကို ခွဲခြားရမည်ဟု ထင်မြင်မိပါကြောင်း၊ သတင်းစာများ မြတ်ခြင်း၊ မမြတ်ခြင်းအပေါ် သတင်းစာရောင်းချရငွေ၊ ကြော်ငြာခရရှိငွေနှင့် အခြားဝန်ဆောင်မှုများမှ ရရှိငွေများကို တိတိကျကျဖော်ပြပေးသင့်ကြောင်းကို ဆွေးနွေးခဲ့ပါကြောင်း။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရလျှင် မိမိတို့ရရှိသော အမြတ်ငွေမှာ ဝင်ငွေမဟုတ်ပါကြောင်း၊ ဝင်ငွေထဲမှ အသုံးစရိတ်များအားလုံး နုတ်ပြီးဖြစ်သည့် အသားတင်အမြတ်ငွေသာဖြစ်ပါကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက စစ်ဆေးစဉ်ကပင် အမြတ်ငွေနှင့်ဝင်ငွေတို့ကို ခွဲခြား၍ စိစစ်ပြီးဖြစ်ပါကြောင်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ ကုန်သွယ်မှုဝင်ငွေများသည် သတင်းစာရောင်းရငွေ၊ ကြော်ငြာခဝင်ငွေနှင့် အထွေထွေဝင်ငွေများ ပါဝင်ပါကြောင်း၊ လုပ်ငန်းကုန်ကျစရိတ်များမှာ ထုတ်လုပ်မှုစရိတ်၊ စီမံခန့်ခွဲမှုစရိတ်၊ ရောင်းချဖြန့်ဖြူးမှုစရိတ်နှင့် ကုန်သွယ်ခွန်တို့ ပါဝင်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ ဝင်ငွေများအနက် အထွေထွေဝင်ငွေသည် နှစ်စဉ် ကျပ်သန်း ၁၀၀ ကျော်သာဖြစ်ပြီး အများစုမှာ သတင်းစာရောင်းရငွေနှင့် ကြော်ငြာဝင်ငွေတို့ဖြစ်ပါကြောင်း။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ Assets များမှာလည်း ရှေ့ကထည့်ဝင်ထားခြင်းများရှိသကဲ့သို့ ခေတ်နှင့်လျော်ညီစွာဆောင်ရွက်နိုင်ရန်အတွက် ထပ်မံဝယ်ယူဖြည့်တင်းမှုများလည်း ရှိပါကြောင်း၊ Assets များ၏ မူလတန်ဖိုးများအပေါ်တွင် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ တန်ဖိုးလျော့နှုန်းထားများတွက်ချက်ပြီး နှစ်အတွင်းအသုံးစရိတ်အဖြစ် စာရင်းဖော်ပြ၍ နိုင်ငံတော်သို့ ပေးသွင်းပြီးမှသာ အရှုံးအမြတ်ကို တွက်ချက်ခြင်းဖြစ်ပါကြောင်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အမြတ်ငွေ ရရှိသည့်ဝင်ငွေများထဲမှ အသုံးစရိတ်များအားလုံးနုတ်ပြီးဖြစ်ပါကြောင်း ရှင်းလင်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကို**က လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်း၏ ဆွေးနွေးချက်၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၅-၂၀၁၆ သာမန်အသုံးစရိတ် စုစုပေါင်း(၄၉၈၇၈ ဒသမ ၃၃၆)သန်းမှ ဧည့်ခံကျွေးမွေးစရိတ်အဖြစ် ကျပ်သန်း(၅၇၀၀ ဒသမ ၈၁၁) တောင်းခံထားခြင်းသည် အလွန်များပြားပါကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ရွေးကောက်ပွဲအသစ်ပြုလုပ်ရန်ရှိနေခြင်းကြောင့် ဧည့်ခံစရိတ်များ များပြားရခြင်းအကြောင်းကို နားလည်နိုင်ပါကြောင်း၊ သို့ရာတွင် ကျပ်သန်းပေါင်း(၅၇၀၀)သည် တိုက်နယ်ဆေးရုံပေါင်း(၁၄)ရုံ၊ သို့မဟုတ် ကျေးလက်ကျန်းမာရေးဌာနခွဲပေါင်း(၁၂၆)ခု ဆောက်လုပ်ခြင်းနှင့် ငွေပမာဏတူနေခြင်းကြောင့် ဧည့်ခံကျွေးမွေးစရိတ် ကျပ်သန်းပေါင်း(၅၇၀၀)ကို လျှော့ချခွင့်ပြုသင့်ပါတယ်ဟု ထောက်ပြဆွေးနွေးခဲ့ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်း၏ ဆွေးနွေးချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြလိုသည်မှာ ယခုတောင်းခံထားသည့် ကျပ်သန်းပေါင်း(၅၇၀၀) တွင် ဧည့်ခံစရိတ်မှာ(၂ ဒသမ ၅)သန်းသာ ဖြစ်ပါကြောင်း၊ ကျွေးမွေးစရိတ်ခေါင်းစဉ်မှာ (၅၆၉၈ ဒသမ ၃၁၁)သန်းဖြစ်ပါကြောင်း၊ ကျွေးမွေးစရိတ် (၅၆၉၈ ဒသမ ၃၁၁)သန်းအနက် (၇၃ ဒသမ ၅)သန်းသည် ကော်မရှင်နှင့်ကော်မရှင်အဖွဲ့ခွဲများ၏ တစ်နှစ်လုံးစာ ပုံမှန်ကျွေးမွေးစရိတ်ဖြစ်ပါကြောင်း။

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အသီးသီးတွင်ရှိကြသည့် အများယုံကြည်လေးစားခံရသော ပုဂ္ဂိုလ်များသည် လစာ၊ စရိတ်/ချီးမြှင့်ငွေ ရရှိကြသူများမဟုတ်ကြဘဲ စေတနာ့ဝန်ထမ်းများဖြစ်ကြပါကြောင်း၊ ၎င်းတို့အနေဖြင့် ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် ကော်မရှင်အဖွဲ့ခွဲရုံး လုပ်ငန်းတာဝန်များ၊ ပါတီများကို ဥပဒေနှင့်အညီကြီးကြပ်ခြင်း၊ ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်းတို့အတွက် အစည်းအဝေးများ ထိုင်ကြရပါကြောင်း၊ ယင်းအစည်းအဝေးများတွင် တစ်ဦးလျှင် (၅၀၀၀)ကျပ်၊ (၃၀၀၀)ကျပ် စသည်ဖြင့် သတ်မှတ်ပြီး ကျွေးမွေးစရိတ်များကို ဘဏ္ဍာရေးညွှန်ကြားချက်နှင့်အညီ ထုတ်ပေးရပါကြောင်း၊ သို့ဖြစ်၍ ကော်မရှင်အဖွဲ့ခွဲတစ်ခုလျှင် တစ်နှစ်လုံးစာ(၁၂)လအတွက် ငွေကျပ်တစ်သိန်းခွဲစီဖြင့် လျာထားတောင်းခံထားခြင်းဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ပေးမှုသည်လည်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲအထိသာ ကျွေးမွေးစရိတ်ပေးနိုင်ပြီး ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှာ ပုံမှန်ကျွေးမွေးစရိတ်မရရှိကြပါကြောင်း။

အထူးတင်ပြလိုသည့်အချက်မှာ ၂၀၁၅ ခုနှစ်တွင်ပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲအတွက် လျာထားချက်ဖြစ်ပါကြောင်း၊ ကျွေးမွေးစရိတ်ခေါင်းစဉ်အောက်တွင် အထွေထွေရွေးကောက်ပွဲအတွက် ကျပ်သန်းပေါင်း(၅၆၂၄ ဒသမ ၈၁၁)လျာထား တောင်းခံထားပါကြောင်း၊ တွက်ချက်ပုံအသေးစိတ်အနေဖြင့် တင်ပြရလျှင် တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၅ ဖွဲ့အား တစ်လလျှင်နှစ်ကြိမ်၊ ၆ လစာအတွက် ငွေကျပ် ၂ သိန်းနှုန်းဖြင့် ငွေကျပ်(၃၆)သန်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ/ခရိုင် ၈၁ ဖွဲ့အား တစ်လလျှင်နှစ်ကြိမ်၊ ၆လစာအတွက် ငွေကျပ် ၂ သိန်းနှုန်းဖြင့် ငွေကျပ်(၁၉၄ ဒသမ ၄)သန်း၊ မြို့နယ်အဖွဲ့(၃၃၀)အား တစ်လလျှင်နှစ်ကြိမ်၊ ၆ လစာအတွက် ငွေကျပ်(၂)သိန်းနှုန်းဖြင့် ငွေကျပ်(၇၉၂)သန်း (ရပ်/ကျေး ကော်မရှင်အဖွဲ့ခွဲများအပါအဝင်) စုစုပေါင်း ငွေကျပ်(၁၀၂၂ ဒသမ ၄)သန်းဖြစ်ပါကြောင်း။

ထို့အပြင် အများဆုံးကုန်ကျခံရသည့် ကျွေးမွေးစရိတ်မှာ မဲရုံအဖွဲ့ပင်ဖြစ်ပြီး ယင်းအတွက်ခန့်မှန်းတွက်ချက်မှုအရ မဲရုံတစ်ရုံလျှင် မဲရုံမှူးတစ်ဦးအတွက် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ၃ ရက်အတွက် ငွေကျပ်(၁၅၀၀၀)၊ မဲရုံပေါင်း (၄၆၄၈၉)ရုံအတွက် စုစုပေါင်းငွေကျပ်(၆၉၇ ဒသမ ၃၃၅)သန်း၊ မဲရုံတစ်ရုံလျှင် ဒုမဲရုံမှူးတစ်ဦးအတွက် ငွေကျပ် ၄၀၀၀ နှုန်းဖြင့် ၃ ရက်အတွက် (၁၂၀၀၀)၊ မဲရုံပေါင်း (၄၆၄၈၉)ရုံအတွက် ငွေကျပ်(၅၅၇ ဒသမ ၈၆၈)သန်း၊ မဲရုံတစ်ရုံလျှင် မဲရုံအဖွဲ့ဝင်တစ်ဦးအတွက် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် (၈)ဦးအတွက် (၂၄၀၀၀) ဖြစ်၍ ၃ ရက်စာအတွက် ငွေကျပ်(၇၂၀၀၀)ဖြစ်ပြီး မဲရုံပေါင်း (၄၆၄၈၉) ရုံအတွက် ငွေကျပ် (၃၃၄၇ ဒသမ ၂၀၈)သန်း၊ မဲရုံအဖွဲ့အတွက် ကျွေးမွေးစရိတ် စုစုပေါင်း ငွေကျပ်မှာ (၄၆၀၂ ဒသမ ၄၁၁)သန်း ဖြစ်ပါကြောင်း။

ထို့ကြောင့် ကော်မရှင်၏ကျွေးမွေးစရိတ်ခေါင်းစဉ်အောက်တွင် အများဆုံးသုံးစွဲရသည်မှာ မဲရုံအဖွဲ့ကျွေးမွေးစရိတ် ကျပ်(၄၆၀၂ ဒသမ ၄၁၁)သန်း ဖြစ်ပါကြောင်း၊ လွှတ်တော်အသီးသီး၏ အထွေထွေရွေးကောက်ပွဲများ ကျင်းပရသည့်လုပ်ငန်းစဉ်သည် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ပါကြောင်း၊ ယခုတွက်ချက်တောင်းခံသည့် ကျွေးမွေးစရိတ်များသည် စေတနာ့ဝန်ထမ်း တာဝန်ထမ်းဆောင်ကြသည့် မဲရုံအဖွဲ့ဝင်(နိုင်ငံသားများ)အတွက် ရွေးကောက်ပွဲမပြုလုပ်မီတစ်ရက်၊ ရွေးကောက်ပွဲရက်နှင့် ရွေးကောက်ပွဲပြီး နောက်တစ်ရက် စုစုပေါင်း(၃)ရက်အတွက် သင့်လျော်သည့်ကျွေးမွေးစရိတ်များ ဖြစ်သောကြောင့် လျှော့ချရန် သင့်/မသင့် သုံးသပ်စေလိုပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

**(သတင်းစဉ်)**

## အတည်ပြုဥပဒေများ ဖော်ပြမည်

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးပြီးဖြစ်သည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေ (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁။)၊ ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ(ဆင်ယင်ပြသမှုကန့်သတ်ရေး)အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၂။)၊ ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၁၃။)၊ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၄။) ဥပဒေများကို မတ် ၁၉ ရက်နှင့် ၂၀ ရက်ထုတ် သတင်းစာများတွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

**(ကြေးမုံ)**

**❍ (၇)ကြိမ်မြောက်မှ**

အဆိုပါ (၇)ကြိမ်မြောက်ဆွေးနွေးပွဲ၌ ပဋိပက္ခ လျှော့ချရေး၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ်(NCA)ပါ တပ်ပိုင်းဆိုင်ရာကိစ္စများကိုဆွေးနွေးခြင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ်(NCA)တွင် ဆက်လက်ဆွေးနွေးရန် ကျန်ရှိနေသေးသောအချက်များနှင့် အထွေထွေကိစ္စရပ်များကို အဓိကထား ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းဆွေးနွေးပွဲ ပထမနေ့၌ UPWC ၏ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပြောကြားရာတွင် ယနေ့သည် မိမိတို့နိုင်ငံငြိမ်းချမ်းရေးလုပ်ငန်း အကောင်အထည်ဖော်မှုအတွက် အရေးကြီးသည့်အခန်းကဏ္ဍတစ်ခုကို ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ယခုအစည်းအဝေးသည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို အပြီးသတ်ညှိနှိုင်းနိုင်ရန် အရေးကြီးသည့် အစည်းအဝေးဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် နောင်ပေါ်ပေါက်လာမည့်အစိုးရလက်ထက်တွင် ငြိမ်းချမ်းရေးလုပ်ငန်းဆက်လက်လက်ဆင့်ကမ်းသွားနိုင်ရန်၊ အပစ်အခတ်ရပ်စဲရေးကို ခိုင်မာစွာလုပ်ဆောင်နိုင်ရန်၊ နိုင်ငံရေးဆွေးနွေးပွဲများစတင်နိုင်ရန် စသည့်ရည်မှန်းချက်(၃)ခုကို အခြေခံ၍ ကြိုးပမ်းနေကြောင်း၊ မိမိတို့ UPWC အနေဖြင့် ယခုဆွေးနွေးပွဲမှ ရလဒ်ကောင်းများထွက်ပေါ်လာစေရန်နှင့် NCA ညှိနှိုင်းမှုအားလုံးပြီးပြတ်သွားစေရန် အစွမ်းကုန်ကြိုးစားသွားရန် ရည်မှန်းထားကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ NCCT ၏ အဖွဲ့ခေါင်းဆောင် ဦးနိုင်ဟံသာက မိမိတို့ NCCT အဖွဲ့သည် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းရန်တာဝန်ပေးခြင်းခံခဲ့ရသည့်အဖွဲ့လည်းဖြစ်ကြောင်း၊ ထို့အတူ NCCT အဖွဲ့သည် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို မိမိတို့ တိုင်းရင်းသားများဘက်တွင် အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးပြင်ဆင်လာခဲ့ကြောင်း၊ အကယ်၍ အစိုးရနှင့် သဘောတူညီမှုရရှိပါက NCA ကို အပြီးသတ်သဘောတူညီသွားရန်ရှိကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲ၍ လက်နက်ကိုင်အဖွဲ့ဝင်အားလုံး ပါဝင်ဆွေးနွေးနိုင်မည့် နိုင်ငံရေးဆွေးနွေးပွဲကိုကျင်းပပေးနိုင်ပါမှ ပြည့်စုံခိုင်မာပြီး ရေရှည်တည်တံ့မည့် ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အင်အားသုံးဖြေရှင်းမှုများကြောင့် တိုင်းရင်းသားပြည်သူအတွက် ပိုမိုဒုက္ခရောက်ကြရမှာဖြစ်ပြီး တိုင်းပြည်လည်း ပိုမိုခေတ်နောက်ကျမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးများအချင်းချင်းအကြားတွင်လည်း အမုန်းတရားများပိုမိုတိုးပွားလာမှာဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးများအချင်းချင်းအကြား ယုံကြည်မှုပျက်ပြား၍အမုန်းတရားများကြီးထွားခိုင်မြဲသွားပါက ဖြေရှင်းရန်မလွယ်သည့် အခြေအနေသို့ ရောက်သွားမည် ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ခေတ်ကာလတွင် မိမိတို့တာဝန်ယူနေသည့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းကို ပြီးမြောက်အောင်မြင်အောင် ကြိုးပမ်းကြပါဟု သက်ဆိုင်သူအားလုံးကို ပန်ကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)၏ ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် UPWC အဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ NCCT ၏ ဒုတိယအဖွဲ့ခေါင်းဆောင်များဖြစ်ကြသော ပဒိုစောကွယ်ထူးဝင်းနှင့် ဗိုလ်ချုပ် ဂွမ်မော်တို့က အဖွင့်နှုတ်ခွန်းဆက်စကားအသီးသီးပြောကြားကြသည်။

ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)နှင့် တစ်နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့(NCCT)တို့၏ သတ္တမအကြိမ်မြောက် ပထမနေ့ အစည်းအဝေးကို ညနေ (၃)နာရီတွင် ရပ်နားခဲ့သည်။ ပထမနေ့ညှိနှိုင်းဆွေးနွေးမှုအပြီး၌ UPWC၏ နည်းပညာအထောက်အကူပြုအဖွဲ့မှ ဦးလှမောင်ရွှေ၊ NCCT၏ အဖွဲ့ခေါင်းဆောင် ဦးနိုင်ဟံသာနှင့် အဖွဲ့ဝင် ဒေါက်တာ ဆလိုင်းလျန်မှုန်း ဆာခေါင်းတို့က ယနေ့အစည်းအဝေးနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည်။ ဒုတိယနေ့ အစည်းအဝေးကို မတ် ၁၈ ရက်နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(MPC)၌ ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။

ယနေ့ပြုလုပ်သော အစည်းအဝေးသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) မှ ကိုယ်စားလှယ်များ၊ NCCT မှ ခေါင်းဆောင်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC)မှ တာဝန်ရှိသူများ၊ လေ့လာသူအဖြစ် ကုလသမဂ္ဂနှင့် နိုင်ငံတကာ သံတမန်များတက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

❐❐



## Solar Impulse-2 နှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲ မတ် ၂၀ ရက်တွင် ကျင်းပမည်

**နေပြည်တော် မတ် ၁၇**

နေရောင်ခြည်စွမ်းအင်သုံးလေယာဉ် Solar Impulse -2 ဆိုက်ရောက်မည့်ရက်မှာ ရာသီဥတုအခြေအနေအရ မတ် ၁၉ ရက်သို့ ပြောင်းလဲသွားသည့်အတွက် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပမည့် Solar Impulse -2 သတင်းစာရှင်းလင်းပွဲကို မတ် ၂၀ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ရာသီဥတုအခြေအနေကြောင့် လေယာဉ်ဆိုက်ရောက်မည့်ရက်မှာ ထပ်မံ၍ အပြောင်းအလဲရှိကောင်းရှိနိုင်မည်ဖြစ်ခြင်းကြောင့် မတ် ၁၉ ရက်တွင် ထပ်မံအကြောင်းကြားပေးမည်ဖြစ်ကြောင်း TODAY Ogilvy Public Relations က မီဒီယာများသို့ အကြောင်းကြားထားသည်။

မတ် ၂၀ ရက်တွင် ကျင်းပမည့် အစီအစဉ်အနေဖြင့် နံနက် ၇ နာရီခွဲတွင် မန္တလေးဘူတာကြီးရှေ့မှ ကြိုပို့ဆောင်ရွက်ပေးမည့် ဘတ်စ်ကားကြီးများ ထွက်ခွာမည်ဖြစ်ပြီး Solar Impulse သတင်းစာရှင်းလင်းပွဲကို နံနက် ၁၀ နာရီခွဲအထိ လည်းကောင်း၊ နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်ပျံသန်းရေးတွင် ပံ့ပိုးကူညီပေးသည့် ကုမ္ပဏီတစ်ခုဖြစ်သည့် ABB ၏ သတင်းစာရှင်းလင်းပွဲကို နံနက် ၁၀ နာရီခွဲမှ နံနက် ၁၁ နာရီအထိလည်းကောင်း၊ Solar Impulse -2 လေယာဉ်လေ့လာရေးကို နံနက် ၁၁ နာရီမှ မွန်းလွဲ ၁၂ နာရီခွဲအထိလည်းကောင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# ကျောင်းသား၊ ကျောင်းသူများအား သက်ဆိုင်ရာမိဘများထံသို့ ပြန်လည်အပ်နှံ



**နေပြည်တော် မတ် ၁၇**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့တွင် အမျိုးသားပညာရေး ဥပဒေကို ကန့်ကွက်ဆန္ဒပြသည့်အဖွဲ့မှ အကြမ်းဖက်မှုများကြောင့် ဥပဒေနှင့်အညီ ခေါ်ယူထိန်းသိမ်းစစ်မေးခဲ့သူများထဲတွင် တက္ကသိုလ်၊ ကောလိပ်များ၌ အမှန်တကယ် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအား ပညာဆက်လက်သင်ကြားနိုင်ရေး မိဘများအပေါ် စာနာထောက်ထားသောအားဖြင့် ကျူးလွန်သော ပြစ်မှုများအပေါ် သက်ညှာ၍ မိဘအုပ်ထိန်းသူများအားခေါ်ယူပြီး စနစ်တကျ ပြန်လည်အပ်နှံပေးလျက်ရှိရာ မတ်၁၂ ရက်မှ ၁၄ ရက်ထိ ကျောင်းသား ၁၉ ဦး၊ ကျောင်းသူ ရှစ်ဦးနှင့် သတင်းထောက် နှစ်ဦး အပါအဝင် စုစုပေါင်း ၂၉ ဦးတို့အား ပြန်လည်အပ်နှံပေးခဲ့ပြီးဖြစ်သည်။ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ပွတ်ကုန်းကျေးရွာနေ ဟင်္သာတတက္ကသိုလ် တတိယနှစ်(သင်္ချာ)မှ မောင်ဝေလင်းဟန် (၁၉)နှစ် (ဘ)ဦးမြအောင်အား ဦးလေးဖြစ်သူ ဦးမြင့်ထွန်းထံသို့ ပြန်လည်အပ်နှံပြီးဖြစ်၍ ကျောင်းသား ကျောင်းသူ ၂၈ ဦး၊ သတင်းထောက် နှစ်ဦး စုစုပေါင်း ၃၀ တို့အား မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံပေးခဲ့ပြီးဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပြန်လည်စေလွှတ်ခဲ့သည့် သတင်းထောက် နှစ်ဦးနှင့် မိဘများထံပြန်လည်အပ်နှံပြီးသည့် ကျောင်းသား/ကျောင်းသူများစာရင်း**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ၁၂-၃-၂၀၁၅ မှ ၁၄-၃-၂၀၁၅ ထိ အပ်နှံပြီး | | | ၁၇-၃-၂၀၁၅ အပ်နှံပြီး | | | စုစုပေါင်းအပ်နှံပြီး | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | |
| ၁ | စစ်ကိုင်း | ၂ | - | ၂ | | | | ၂ | - | ၂ | |
| ၂ | ပဲခူး | ၁ | - | ၁ | | | | ၁ | - | ၁ | |
| ၃ | မန္တလေး | ၉ | ၂ | ၁၁ | | | | ၉ | ၂ | ၁၁ | |
| ၄ | မွန် | ၁ | - | ၁ | | | | ၁ | - | ၁ | |
| ၅ | ရန်ကုန် | ၄ | ၅ | ၉ | | | | ၄ | ၅ | ၉ | |
| ၆ | ရှမ်း(တောင်) | ၁ | - | ၁ | | | | ၁ | - | ၁ | |
| ၇ | ဧရာဝတီ | ၁ | ၁ | ၂ | ၁ | - | ၁ | ၂ | ၁ | ၃ | |
| | **ပေါင်း** | **၁၉** | **၈** | **၂၇** | **၁** | **-** | **၁** | **၂၀** | **၈** | **၂၈** | |
| | သတင်းထောက် | ၂ | - | ၂ | | | | ၂ | - | ၂ | |
| | **စုစုပေါင်း** | **၂၁** | **၈** | **၂၉** | **၁** | | **၁** | **၂၂** | **၈** | **၃၀** | |

## ❁မြန်မာယူ-၂၂မှ

ကိုးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာယူ-၂၂ အသင်း၏ ပထမဆုံး နိုင်ငံတကာ ခြေစမ်းပွဲအဖြစ် ဖီဂျီယူ-၂၀ အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာတွင် ဂိုးမရှိ သရေကျခဲ့သည်။

ထိုင်း ယူ-၂၂ အသင်းမှာလည်း အာရှခြေစစ်ပွဲအတွက် ပြင်ဆင်နေသည့် အသင်းဖြစ်ပြီး မတ်လဆန်းပိုင်းမှစ၍ ခြေစမ်းပွဲများ ဆက်တိုက်ကစားလျက်ရှိသည်။ တရုတ်(တိုင်ပေ)၊ ပါကစ္စတန်အသင်းတို့နှင့် ခြေစမ်းကစားရာတွင် ထိုင်းအသင်းမှာ နှစ်ပွဲစလုံး အနိုင်ရထားပြီး မြန်မာအသင်းနှင့် ပွဲအပြီးတွင်လည်း ဗီယက်နမ်အသင်းနှင့် ထပ်မံခြေစမ်းမည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းမှာ မတ် ၂၂ ရက်တွင် မလေးရှားအသင်းနှင့် ရန်ကုန်မြို့တွင် ခြေစမ်းကစားရန် စီစဉ်ထားကြောင်း သိရသည်။

# ပြည်တွင်း အရန်စက်မောင်းဆီများ ရောက်ရှိလာ

**နေပြည်တော် မတ် ၁၇**

စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတော်အတွက် လိုအပ်သော စက်မောင်းဆီများကို ပြည်တွင်း၌ ထုတ်လုပ်သကဲ့သို့ ပြည်ပမှလည်း တင်သွင်းလျက်ရှိသည်။ ယခုအခါ ကမ္ဘာ့ရေနံဈေးနှုန်းများ ကျဆင်းနေချိန်တွင် နိုင်ငံတော်အတွက် အရန်စက်မောင်းဆီ (ဒီဇယ်ဆီ) သိုလှောင်ထားရှိနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။ စက်မောင်းဆီ (ဒီဇယ်ဆီ) တင်ဆောင်လာသည့် MT Semua Sejati သင်္ဘောသည် မတ် ၁၆ ရက်တွင် အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်) ဆိပ်ကမ်းသို့ ရောက်ရှိ၍ စက်မောင်းဆီများ လက်ခံချယူလျက်ရှိကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**




## ✪ပွိုင့်-၁၄၆၈မှ

တစ်ချိန်တည်းတွင် ပွိုင့်-၁၄၆၈ တောင်ကုန်း၏ မြောက်ဘက် တောင်ကုန်းများ၌ တပ်မတော် စစ်ကြောင်းများနှင့် ကိုးကန့်သောင်းကျန်းသူ အင်အားစုများ ထိတွေ့တိုက်ပွဲ နှစ်ကြိမ် ဖြစ်ပွားခဲ့သည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် ကုန်းကြမ်းမြို့ မြောက်ဘက်ရှိ လော်ကွာကျိုင်းကျေးရွာ အရှေ့မြောက်ဘက် မာလုရွှေကျေးရွာ တစ်ဝိုက် တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းခြင်းဆောင်ရွက်ခဲ့ရာ နေရာ သုံးနေရာတွင် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ မာလုရွှေကျေးရွာအရှေ့မြောက်ဘက် တောင်ကုန်းတွင် ဖြန့်ခွဲနေရာယူထားသည့် ကိုးကန့်သောင်းကျန်းသူ အင်အားစုအချို့မှာ တောင်ဘက်သို့ ဆုတ်ခွာသွားခဲ့ပြီး မာလုရွှေကျေးရွာ မြောက်ဘက် နှစ်နေရာတွင် ဖြန့်ခွဲ အခြေပြု၍ ခုခံလျက်ရှိသော သောင်းကျန်းသူများအား တပ်မတော်စစ်ကြောင်းများက ဆက်လက်ထိန်းချုပ် တိုက်ခိုက်လျက်ရှိသည်။

ထို့အပြင် မတ် ၁၆ ရက် မွန်းလွဲပိုင်းတွင် ကိုးကန့်သောင်းကျန်းသူ အဖွဲ့များ ခိုအောင်းနေထိုင်ကြောင်း သတင်းအရ လောက်ကိုင်မြို့အနီးရှိ အဆောက်အအုံတစ်လုံးအား တပ်မတော်စစ်ကြောင်းများက ဝင်ရောက်ရှင်းလင်းခဲ့ရာ မြေအောက်ခန်း အတွင်းမှ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြားအမှုန့် ၅ ကီလိုဂရမ် တစ်ထုပ်(ကာလတန်ဖိုး ကျပ်သိန်း ၁၀၀၀ ခန့်)၊ အဖြူရောင် အက်ဖီဒရင်းအမှုန့် ၅ ဒသမ ၇၅ ကီလိုဂရမ် တစ်ထုပ် (ကာလတန်ဖိုးကျပ်သိန်း ၁၅၀ ခန့်) နှင့် အဝါရောင်အမှုန့် ၃၀၀ ဂရမ်ခန့် အား သိမ်းဆည်းရမိခဲ့သည်။

အထက်ပါတိုက်ပွဲဖြစ်စဉ်များတွင် ကိုးကန့်သောင်းကျန်းသူများထံမှ MNDAA ယူနီဖောင်းဝတ် အလောင်း သုံးလောင်း၊ လက်နက်ငယ် နှစ်လက်နှင့် ခဲယမ်းဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိခဲ့ပြီး တပ်မတော်မှ အရာရှိ စစ်သည် သုံးဦး တိုင်းပြည်အတွက် အသက်ပေးလှူခဲ့၍ လေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**





**ကိုးကန့်သောင်းကျန်းသူအဖွဲ့များ ခိုအောင်းနေထိုင်သည့် မြေအောက်ခန်း (ဝဲပုံ)နှင့် သိမ်းဆည်းရမိ ဆေးဝါးများ။**


# ရေနံနှင့် သဘာဝဓာတ်ငွေ့များ ကြိုးပမ်းရှာဖွေဖော်ထုတ်လျက်ရှိ

**နေပြည်တော် မတ် ၁၇**

စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းရှာဖွေလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း အများပြည်သူပို့ဆောင်ရေး မော်တော်ယာဉ်များတွင် အသုံးပြုနေသည့် စီအင်ဂျီ၊ ညောင်တုန်းဓာတ်ငွေ့ရည်စက်ရုံနှင့် မှော်ဘီနှင့် ပုသိမ်မြို့နယ်တို့ရှိ ယူရီးယားဓာတ်မြေဩဇာစက်ရုံများသို့ သဘာဝဓာတ်ငွေ့ဖြန့်ဖြူးပေးလျက်ရှိသည့် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၏ တောင်ဘက် ၁ ဒသမ ၅ မိုင်ခန့်အကွာတွင်ရှိသည့် မအူပင်(တောင်) သဘာဝဓာတ်ငွေ့မြေ၌ ယခုပွင့်လင်းရာသီအတွင်း တွင်းသစ်များ တူးဖော်လျက်ရှိကြောင်း သိရသည်။

မအူပင်(တောင်)သဘာဝဓာတ်ငွေ့မြေကို ၂၀၀၇ ခုနှစ် ဧပြီလတွင် တွင်းအမှတ်(၁)မှ သဘာဝဓာတ်ငွေ့စတင် စမ်းသပ်ထုတ်လုပ်နိုင်ခြင်းဖြင့် တွေ့ရှိခဲ့ကြောင်း၊ အကဲဖြတ်တွင်းနှင့် ဖွံ့ဖြိုးတွင်းများ စနစ်တကျတူးဖော်ခဲ့ရာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမတိုင်မီတွင် တွင်းပေါင်း ၁၂ တွင်းတူးဖော်ခဲ့ပြီး တွင်းသုံးတွင်းမှ နေ့စဉ် လေဆီ လေးစည်နှင့် သဘာဝဓာတ်ငွေ့ ခြောက်ကုဗပေသန်းခန့် ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအတွင်း ပေနက်တွင်းအမှတ်(၅)ကို တူးဖော်ခဲ့ရာ သဘာဝဓာတ်ငွေ့ ခိုအောင်းနေသောသဲကြောများ ထပ်မံတွေ့ရှိခဲ့ပြီး ယင်းတွင်းသစ်မှ လေဆီ ၃၆ စည်နှင့် သဘာဝဓာတ်ငွေ့ ၄ ဒသမ ၃ ကုဗပေသန်းခန့် အောင်မြင်စွာထုတ်လုပ်ရရှိခဲ့ကြောင်း၊ ယခုအခါ မအူပင်(တောင်) သဘာဝဓာတ်ငွေ့မြေမှ နေ့စဉ် လေဆီ ၇၅ စည်နှင့် သဘာဝဓာတ်ငွေ့ ၁၁ ဒသမ ၈၂၃ ကုဗပေသန်း တိုးတက်ထုတ်လုပ်နိုင်ပြီဖြစ်ကာ ယင်းတွင်းသစ်ပေနက် အမှတ်(၅)တွင် သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်သည့် သဲကြော ၁၅ ကြောတွေ့ရှိခဲ့သဖြင့် ထိုတွင်းအနီးနှင့် ပတ်ဝန်းကျင်တစ်ဝိုက်တွင် တွင်းသစ်များ ဆက်လက်တူးဖော်ရန် အစီအမံများချမှတ်ပြီး တူးဖော်လျက်ရှိကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် မြသိန်းတန်ပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တကေသရ၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်သည် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြို မြို့နယ် စည်သာကျေးရွာ ခမည်းတော် ဦးဖိုးပ+မယ်တော် ဒေါ်သူလှည့်တို့မှ ၁၂၈၈ ခုနှစ် တပေါင်းလပြည့်ကျော် ၄ ရက် တနင်္လာနေ့တွင် ဖွားမြင်သော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်သည် ၁၂၉၉ ခုနှစ် တပေါင်းလတွင် စည်သာရွာ ဥတ္တရာရာမ အသောကာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ကုန္ဒာစာရကို ဥပဇ္ဈာယ်ပြုလျက် ခမည်းတော်+မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ၁၃၁၈ ပြည့်နှစ် နယုန်လပြည့်ကျော် ၄ ရက် အင်္ဂါနေ့ နံနက် ၇ နာရီတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် လေးအိမ်တန်းကျေးရွာ မြေနုကျောင်း ခဏ္ဍသိမ်တော်၌ မြင်းခြံမြို့ ကိုးဆောင်ဆရာတော်ကြီး ဘဒ္ဒန္တ ကုန္ဒိယကို ဥပဇ္ဈာယ်ပြုလျက် လှိုင်းတက်ရွာ ဦးညွန့်+ဒေါ်ဖွားစိန် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

**စာပေပရိယတ္တိသင်ကြားဆည်းပူးတော်မူခြင်း**

ဆရာတော်သည် စည်သာအရှေ့ကျောင်း ဆရာတော် ဘဒ္ဒ န္တရဝိန္ဒ၊ စည်သာရွာ ဥတ္တရာရာမအသောကာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ကုန္ဒာစာရ၊ ဘဒ္ဒန္တသုဇာတ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် ဘဒ္ဒန္တနန္ဒဝံသ၊ ဘဒ္ဒန္တဂန္ဓမာ၊ တိုက်အုပ် ဘဒ္ဒန္တနန္ဒိယ၊ ဘဒ္ဒန္တ မာឈိန္ဒ၊ ဂန္ထဝိစက ဘဒ္ဒန္တအာသဘ၊ ဘဒ္ဒန္တဉာဏာလင်္ကာရ၊ ဘဒ္ဒန္တလက္ခဏ၊ ပထမကျော်သိရော မဏိ ဘဒ္ဒန္တပဏ္ဍိတ၊ ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် မြသိန်းတန်ကျောင်းတိုက် ဘဒ္ဒန္တကုန္ဒောဘာသ၊ ဘဒ္ဒန္တပညာသီဟ၊ ဘဒ္ဒန္တ သောဘန၊ မန္တလေးမြို့ မဟာနန္ဒိသေနာရာမ ကျောင်းတိုက် ဘဒ္ဒန္တနန္ဒိသေနာ ဘိဝံသ၊ ဘုရားကြီးတိုက် ဘဒ္ဒန္တ နာဒရ၊ ရွှေရေးဆောင်တိုက် ဘဒ္ဒန္တပဏ္ဍဝ၊ အမရပူရမြို့ မင်္ဂလာတိုက်သစ် ဘဒ္ဒန္တဥက္ကံသ၊ ရန်ကုန် အဘိဓမ္မာပြန့်ပွားရေး အသင်း၌ ဘဒ္ဒန္တနာရဒ၊ ဆရာကြီးဦးကျော်တို့ထံ၌ ပရိယတ္တိစာပေများကို သင်ကြားခဲ့ပါသည်။

**အောင်မြင်တော်မူခဲ့သော စာမေးပွဲများ**

ဆရာတော်သည် ပါဠိ ပထမပြန်ငယ်၊ လတ်၊ ကြီးနှင့် အစိုးရ ဓမ္မာစရိယ ကို ဂုဏ်ထူးငါးကျမ်းနှင့်တကွအောင်မြင်၍ သာသနဓဇသိရီပဝရ ဓမ္မာစရိယဘွဲ့ကို ရရှိခဲ့ပါသည်။ စာပေကျမ်းဂန်သင်ကြားပို့ချရေးသားပြုစုတော်မူခြင်း။ ။ ဆရာတော်သည် မဟာနန္ဒိသေနာရာမကျောင်းတိုက်၊ ညောင်လေးပင်မြို့ ဒက္ခိဏာရာမကျောင်းတိုက်၊ ရေစကြိုမြို့နယ် သာစည်ရွာ ကျောင်းတို့၌ စာသင်သားများအား နေ့ဝါ၊ ညဝါတို့ကိုလည်းကောင်း၊ မန္တလေး မဟာနန္ဒိသေနာရာမတိုက်၌ ပါဠိတက္ကသိုလ်ကထိကအဖြစ် လည်းကောင်း၊ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် မြသိန်းတန်ကျောင်း၌ ငယ်၊ လတ်၊ ကြီး ဓမ္မာစရိယတန်းစာသင်သားတို့အား နေ့ဝါ၊ ညဝါနှင့် စာချတန်းစာဝါများကို ပို့ချ၍လည်းကောင်း၊ ထို့ပြင် ဝရဒါနာဒိ ဒီပကကျမ်း၊ ဓမ္မသာရဒီပကကျမ်း၊ ပဗ္ဗဇနီယ ကမ္မဝါစာ မြန်မာပြန် မင်္ဂလတ္ထ ဝိဘာဝိနီ၊ ဓမ္မသာရဒီပကကျမ်း အတွဲ-၂၊ ပါဠိပါရဂူ ဒီပကကျမ်း၊ မြတ်ဗုဒ္ဓ၏မွန်မြတ်လှသော နေရာတော်များ၊ တစ်ဘဝချိန်ခါ မှတ်တမ်းလွှာ၊ ဓမ္မသာရဒီပကကျမ်း အတွဲ-၃၊ ဒိဋ္ဌပတ္တာ ဒိပကာသနီကျမ်း၊ မှတ်သားဖွယ်ရာဆယ့်နှစ်လရာသီခါ၊ သိဖွယ်မှတ်ဖွယ် အသွယ်သွယ်၊ တစ်ဘဝသာသနာစိန်ရတုလွှာ၊ ဘဝပုံရိပ်လွှာကဗျာ၊ အနောက်နိုင်ငံများသို့ ခရီးတစ်ထောက်၊ ဓမ္မသာရဒီပကကျမ်း အတွဲ-၄၊ သာသနာ့ဂုဏ်ရောင်လွှင်၊ မလေးရှား၊ သီဟိုဠ် ခရီးစဉ်၊ မင်္ဂလာနှင့်စပ်သိ မှတ်ဖွယ်ရာကျမ်းစာတို့ကိုလည်းကောင်း ရေးသားပြုစုခဲ့သည်။

**သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ပရိယတ္တိစာပေများကို ပို့ချပေးခြင်း၊ ကျောင်းတိုက်၏ ပဓာနနာယက မြို့နယ်သံဃနာယကအကျိုးတော်ဆောင်၊ မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်သံဃ သမ္မုတိရသံဃာ့ကိုယ်စားလှယ်-ရန်ကုန်တိုင်းဒေသကြီးလုံးဆိုင်ရာ ဝိနယနုဂ္ဂဟအသင်းကြီး၏ ဩဝါဒစရိယ၊ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ဩဝါဒစရိယ၊ မေတ္တာဗျူဟာအသင်းကြီး၏ ဩဝါဒစရိယ၊ ပခုက္ကူဂါဏဝါစာကနိကာယ စသည့်သာသနာ့တာဝန်များထမ်းဆောင်ခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော်များ အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓမြတ်စွာသာသနာတော်အကျိုးကို ထက်သန်သော ဝီရိယတို့ဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့ခြင်းကြောင့်နိုင်ငံတော်အစိုးရမှ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့၊ အဂ္ဂမဟာ ပဏ္ဍိတဘွဲ့၊ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်များအား အလှူခံရရှိတော်မူပါသည်။

ဤသို့ သာသနာ့ဓုရာဝဟာဂုဏ်၊ ရတ္တညုမဟာနာယကဂုဏ်၊ ပိဋကတ္တယ ဆေကဂုဏ်၊ လဇ္ဇီ ပေသလသိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်ဘုရားကြီး ဘဒ္ဒန္တကေသရမထေရ်မြတ်သည် ၁၃၇၆ ခုနှစ် တပေါင်းလပြည့်ကျော် ၁၂ ရက် တနင်္လာနေ့ နံနက် ၆ နာရီခွဲ ခရစ်သက္ကရာဇ် ၂၀၁၅ ခုနှစ်မတ်လ ၁၆ ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပါသည်။

# ယာဉ်တိုက်မှုကြောင့် ပျံလွန်တော်မူခဲ့ကြသည့် သာမဏေများနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ရဟန်း၊ သာမဏေနှင့် လူပုဂ္ဂိုလ်များအား ထောက်ပံ့လှူဒါန်း



**နေပြည်တော် မတ် ၁၇**

မတ် ၉ ရက်က ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၂၄၁/၁ နှင့် ၂၄၁/၂)အကြား၌ ဖြစ်ပွားခဲ့သည့် မန်းရွှေမြို့တော်ယာဉ်မှ လိုက်ထရပ်ယာဉ်အား ကျော်တက်စဉ် တိုက်မိမှုဖြစ်ပွားခဲ့ခြင်းကြောင့် ပျံလွန်တော်မူခဲ့ရသည့် သာမဏေများနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ရဟန်း၊ သာမဏေနှင့် လူပုဂ္ဂိုလ်များအား လူမှုကူညီရေးထောက်ပံ့လှူဒါန်းငွေများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော် ခုတင် (၁၀၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့် တက်ရောက်သည်။

ပျံလွန်တော်မူခဲ့သည့် သာမဏေများနှင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူ ရဟန်း၊ သာမဏေနှင့် လူပုဂ္ဂိုလ်များအတွက် နေပြည်တော်ကောင်စီနှင့် နေပြည်တော် စည်ပင်သာယာရေးကော်မတီတို့မှ ငွေကျပ် ၂၅ သိန်းအား နေပြည်တော်ကောင်စီဝင် ဦးသန်းဌေးနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူးတို့က ပေးအပ်လှူဒါန်းရာ ပဲခူးမြို့ ရွှေတောင်ကျောင်းဆရာတော် ဦးဝိလာသက လက်ခံရယူသည်။

ထို့နောက် မန်းရွှေမြို့တော် ယာဉ်ပိုင်ရှင် ဦးကျော်မျိုးလွင်က ပျံလွန်တော်မူသွားသည့် သာမဏေတစ်ပါးလျှင် ငွေကျပ် ၂၅ သိန်းနှုန်းဖြင့် ငွေကျပ် ၁၂၅ သိန်းအား ဆရာတော် ဦးစန္ဒောဘာသထံသို့လည်းကောင်း၊ ထိခိုက်ဒဏ်ရာရ ရဟန်း၊ သာမဏေများနှင့် လူပုဂ္ဂိုလ်များ ဆေးကုသမှုအတွက် ငွေကျပ် သိန်း ၄၀ အား သာမဏေအရှင်ဥတ္တရထံသို့ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အောင်မင်္ဂလာ အဝေးပြေးယာဉ်လိုင်းပိုင်ရှင်များနှင့် ယာဉ်ပိုင်ရှင်အဖွဲ့ကိုယ်စား ဦးဝင်းဆွေက ပျံလွန်တော်မူသွားသည့် သာမဏေငါးပါးအတွက် တစ်ပါးလျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ငွေကျပ် သိန်း ၅၀ နှင့် ဒဏ်ရာရရှိသူ ရဟန်း၊ သာမဏေနှင့် လူပုဂ္ဂိုလ် ၁၉ ဦးတို့ အတွက် တစ်ဦးလျှင်ငွေကျပ် ငါးသောင်းနှုန်းဖြင့် ငွေကျပ် ၉ ဒသမ ၅ သိန်း စုစုပေါင်း ငွေကျပ် ၅၉ ဒသမ ၅ သိန်းအား ဆရာတော် ဦးဝိလာသထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပုဂ္ဂလိကယာဉ်လိုင်းများ ကြီးကြပ်ရေးကော်မတီကိုယ်စား ဦးမြတ်မိုးက ငွေကျပ် ၂၅ သိန်းနှင့် မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကယာဉ်လိုင်းများ ကြီးကြပ်ရေးကော်မတီကိုယ်စား ဦးစိုးကြီးက ငွေကျပ် ၁၅ သိန်းတို့ကို ပေးအပ်လှူဒါန်းရာ ဆရာတော် ဦးစန္ဒောဘာသက လက်ခံရယူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်သည် နေပြည်တော် ခုတင်(၁၀၀၀)ဆံ့ ဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင်၌ ဆေးကုမှုခံယူလျက်ရှိသော သက်တော်(၃၈) နှစ်ရှိ ဆရာတော် ဦးဝိစာရအား သွားရောက်ကြည့်ရှု အားပေးစကား ပြောကြားပြီး ပျံလွန်တော်မူသွားသည့် သာမဏေများ၊ ထိခိုက်ဒဏ်ရာရရှိ၍ ဆေးကုသမှုခံယူနေသည့် ရဟန်း၊ သာမဏေနှင့် လူပုဂ္ဂိုလ်များ၏ မိသားစုဝင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကား ပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ယနေ့ လူမှုကူညီရေးထောက်ပံ့လှူဒါန်းငွေပေးအပ်ပွဲအခမ်းအနားတွင် ရရှိခဲ့သော လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် ၂၈၉ ဒသမ ၅ သိန်းဖြစ်ပြီး ပျံလွန်တော်မူသွားသည့် သာမဏေငါးပါးအတွက် ငွေကျပ် ၁၇၅ သိန်းအား မိသားစုများထံသို့လက်ရောက် ပေးအပ်ခဲ့ကြောင်းသိရပြီး ယာဉ်တိုက်မှုကြောင့် ပျက်စီးသွားသော ပဲခူးမြို့ ရွှေတောင်ဘုန်းတော်ကြီးကျောင်းပိုင် လိုက်ထရပ်ယာဉ်အတွက် မန်းရွှေမြို့တော်ယာဉ်ပိုင်ရှင် ဦးကျော်မျိုးလွင်က အစားထိုးယာဉ်ဖြင့် လဲလှယ်ပေးရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(၁၀၇)**

# နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မတ် ၁၇**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၅ ခုနှစ် မတ် ၁၇ ရက်တွင် **ပြည်သူ့အကျိုးပြုကျောင်းသားများဒီမိုကရေစီပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မကွေးတိုင်းဒေသကြီး ဥပဒေချုပ်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ဥပဒေအရာရှိများလုပ်ငန်းညှိနှိုင်း စည်းဝေး

**မကွေး မတ် ၁၇**

မကွေးတိုင်းဒေသကြီး ဥပဒေချုပ်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ဥပဒေအရာရှိများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် တိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး ဥပဒေချုပ်ဦးဇေယျ၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဇော်လင်းအောင်နှင့် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလူလူသန်းတို့တက်ရောက်၍ လုပ်ငန်းများ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ကြရေး အမှာစကားများ ပြောကြားခဲ့ကြပြီး တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးကျော်ကျော်အောင်က ခရိုင်၊ မြို့နယ် ဥပဒေအရာရှိများ၏ လုပ်ငန်းဆောင်ရွက်မှုတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းမှာကြားခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၈)ရပ်ကွက် ဦးပုညလမ်း အမှတ်(၃၆၆/က)တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်သူ့အကျိုးပြုကျောင်းသားများဒီမိုကရေစီပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၇-၃-၂၀၁၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်သူ့အကျိုးပြုကျောင်းသားများ ဒီမိုကရေစီပါတီ၏ အလံပုံစံ**

**ပြည်သူ့အကျိုးပြုကျောင်းသားများ ဒီမိုကရေစီပါတီ၏ တံဆိပ်ပုံစံ**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

**ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ရက်**
**(၂၀၁၅ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၅ ခုနှစ်) ဟု ခေါ်တွင်စေရမည်။

၂။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၂၁ တွင် -

(က) "သတ်မှတ်ရာခိုင်နှုန်းအတိုင်း"ဆိုသည့်စကားရပ်အစား"သတ်မှတ်ရာခိုင်နှုန်း သို့မဟုတ် သတ်မှတ်ငွေပမာဏအတိုင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (စ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(စ) ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကို ထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ခြင်း သို့မဟုတ် ပြေစာအား ထုတ်ပေးသော်လည်း စည်းမျဉ်းများဖြင့် သတ်မှတ်ထားသော ကျသင့်အခွန်တန်ဖိုးအတိုင်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့ကို စစ်ဆေးတွေ့ရှိပါက ယင်းသို့ ပျက်ကွက်ခြင်းအတွက် ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားတန်ဖိုးအပေါ် ကျသင့်အခွန်၏ တစ်ရာရာခိုင်နှုန်း ပေးဆောင်စေရမည့်အပြင် ဘဏ္ဍာရေးနှစ်တစ်နှစ်အတွင်း ပျက်ကွက်မှုအကြိမ်အလိုက် အောက်ပါငွေပမာဏကိုပါ ပေးဆောင်စေရမည်-

(၁) ပထမအကြိမ် ပျက်ကွက်ခြင်းအတွက် ကျပ်နှစ်သိန်း၊
(၂) ဒုတိယအကြိမ် ပျက်ကွက်ခြင်းအတွက် ကျပ်ငါးသိန်း၊
(၃) တတိယအကြိမ် ပျက်ကွက်ခြင်းအတွက် ကျပ်ခုနစ်သိန်း၊
(၄) တတိယအကြိမ်အထက် ပျက်ကွက်ခြင်းအတွက် တစ်ကြိမ်လျှင် ကျပ်တစ်ဆယ်သိန်း။"

၃။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၂၃၊ ပုဒ်မခွဲ (ဃ) နောက်တွင် ပုဒ်မခွဲ (င)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(င) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လုံလောက်သော အကြောင်းမရှိဘဲ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း။

၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၃၃ ၏ နောက်တွင် ပုဒ်မ ၃၄ ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၃၄။ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကို ထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ခြင်း၊ ပြေစာအား ထုတ်ပေးသော်လည်း ကျသင့်အခွန်တန်ဖိုးနှင့်ညီမျှသော အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့အတွက် အထောက်အထားဖြင့် သတင်းပေးတင်ပြသူအား ပုဒ်မ ၂၁၊ ပုဒ်မခွဲ(စ)အရ ကောက်ခံရရှိသည့် ဒဏ်ငွေ၏ တစ်ဆယ်ရာခိုင်နှုန်းကို ဆုကြေးအဖြစ် ချီးမြှင့်ရမည်။ သတင်းပေးတင်ပြသူ မည်သူဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ဖော်ထုတ်ခြင်းမပြုရ။"

**ပြည်သူအများ လေ့လာသိရှိအကြံပြုနိုင်ရန် ဖော်ပြအပ်ပါသည်။**

# ကမ္ဘာ့မိုးလေဝသနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးပြိုင်ပွဲ ဆုရရှိသူများစာရင်း ကြေညာ

**နေပြည်တော် မတ် ၁၇**

ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ်အဖြစ် **ရာသီပြောင်းမှုတုံ့ပြန်ဖို့ ဘက်စုံအသိဖြင့် ဆောင်ရွက်စို့ Climate Knowledge for Climate Action** ခေါင်းစဉ်ဖြင့် ကျင်းပသည့် အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများစာရင်းကို ထုတ်ပြန်ကြေညာလိုက်ကြောင်း သိရသည်။

ဆောင်းပါးပြိုင်ပွဲ ပထမဆုကို ဒေါ်ဝေဝေလှိုင်(ဝေဝေလှိုင်)ဦးစီးအရာရှိ (မြို့ပြ)၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန နေပြည်တော်၊ ဒုတိယဆုကို နော်လယ်မူဖော(ရှို့စ်-ပုသိမ်တက္ကသိုလ်) အထပြ အထက(ဟိုင်းကြီးကျွန်း) ငပုတော မြို့နယ်၊ တတိယဆုကို ဦးမြင့်သိန်း(ရွှေရိုး) အထက(ဟိုင်းကြီးကျွန်း) ငပုတောမြို့နယ်၊ နှစ်သိမ့်ဆု(၁)ကို ဦးအောင်သန်း(အောင်ခန့်ဖြိုးဝေ) ဦးစီးအရာရှိ (ငြိမ်း) စည်ပင်ဦးစီးဌာန တောင်ငူမြို့၊ နှစ်သိမ့်ဆု(၂)ကို ဒေါ်နန်းစောညွန့် (စောယယ်ငယ်-မိုးညှင်း) စာကြည့်တိုက်မှူး အိုအေစစ်စာကြည့်တိုက် ဟိုပင်မြို့တို့က ရရှိကြသည်။

ဆုရရှိသူများသည် ဒေါ်မေခင်ချော ဒုတိယညွှန်ကြားရေးမှူး ဆောင်းပါးပြိုင်ပွဲကျင်းပရေးကော်မတီအတွင်းရေးမှူး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ကမ္ဘာအေး ရန်ကုန်မြို့ ဖုန်း-၀၁-၆၆၀၁၆၈၄ နှင့် ၆၆၂၈၀၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

# မီး သတိပြု

# ABU Radio Song Festival(2015) တွင် အသုံးပြုမည့် Logo ပြိုင်ပွဲတွင်ဆုရရှိသည့် အမည်စာရင်းထုတ်ပြန်ကြေညာ

**နေပြည်တော် မတ် ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အာရှပစိဖိတ်ဒေသတွင်းရုပ်သံလွှင့်လုပ်ငန်းဆိုင်ရာအဖွဲ့အစည်း (ASIA-PACIFIC BROADCASTING UNION-ABU) တို့ ပူးပေါင်း၍ ၂၀၁၅ ခုနှစ် မေလအတွင်း Radio Asia Conference 2015 နှင့် Radio Song Festival 2015 ကို မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲတော်နှင့်အခမ်းအနားများတွင် Banner များ၊ လက်ကမ်းစာစောင်များနှင့် Backdrop များတွင် အသုံးပြုမည့် Logo ကို ပြိုင်ပွဲပြုလုပ်ရွေးချယ်ပြီး ဆုချီးမြှင့်နိုင်ရန် စိတ်ပါဝင်စားသည့်ဒီဇိုင်းပညာရှင်များအား တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်းကို မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများ၊ MRTV နှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှ ဖိတ်ခေါ်ခဲ့ပြီး ပြိုင်ပွဲ၏ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ပေးပို့ယှဉ်ပြိုင်လာသည့်ပြိုင်ပွဲဝင် ၂၁ ဦး၏ လက်ရာ Logo ၃၂ ခုအနက် ပွဲတော်နှင့် အကိုက်ညီဆုံး၊ Logo တစ်ခုကို မြန်မာနိုင်ငံပန်းချီ၊ ပန်းပု အစည်းအရုံးဗဟိုမှ ပညာရှင်များနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ကိုယ်စားလှယ်များပါဝင်သည့် စိစစ်ရွေးချယ်ရေးဒိုင်အဖွဲ့က ရွေးချယ်ခဲ့သည်။




ပြိုင်ပွဲဝင် Logo များထဲမှ ရွေးချယ်သော Logo ၏ အဓိပ္ပာယ်မှာ မြန်မာကိုယ်စားပြုစောင်းကောက်နှင့် တေးသီချင်းကိုယ်စားပြု ဂီတသင်္ကေတဖြင့် ဖွဲ့စည်းထားပါသဖြင့် ရေဒီယိုသီချင်းပွဲတော် (Radio Song Festival 2015) အတွက် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်း Logo အား ရေးဆွဲသူလက်ရာရှင်မှာ မောင်အောင်ကျော်ခင် (ဘ) ဦးအောင်ကျော်ညွန့်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# တောင်ငူမြို့နယ်၌ ရင်ချင်းဆက်အမြွှာ အောင်မြင်စွာမွေးဖွား

**တောင်ငူ မတ် ၁၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကရင်ချောင်းကျေးရွာအုပ်စု ထုံးဘိုကျေးရွာနေ ကိုမင်းမင်းလှိုင်၏ ဇနီး မဇင်မာမိုး(၂၅)နှစ်က ရင်ချင်းဆက်အမြွှာ(မိန်းကလေးနှစ်ဦး၊ အလေးချိန် ရှစ်ပေါင်)အား မတ် ၁၆ ရက် နံနက် ၈ နာရီက ထုံးဘိုကျေးရွာနေအိမ်တွင် ကျေးလက်ကျန်းမာရေးဆရာမ ဒေါ်မြတ်ကေသီဝင်းဖြင့် မွေးဖွားခဲ့ပြီး တောင်ငူပြည်သူ့ဆေးရုံကြီးသို့ ဆက်လက်ပို့ဆောင်ခဲ့သည်။



တောင်ငူပြည်သူ့ဆေးရုံကြီးမှ တစ်ဆင့် ရန်ကုန်ကလေးဆေးရုံကြီးတွင် ခွဲစိတ်ကုသနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့တို့က လှူဒါန်းငွေကျပ် တစ်သိန်း၊ တောင်ငူခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့တို့က လှူဒါန်းငွေကျပ် တစ်သိန်းနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက အာဟာရဖြည့်အစားအစာများ အသီးသီး ပေးအပ်လှူဒါန်းခဲ့သည်။ ထို့ပြင် ရန်ကုန်ကလေးဆေးရုံကြီးသို့ တင်ပို့နိုင်ရန်အတွက် လူနာတင်ယာဉ် စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး ယင်းနေ့မွန်းလွဲပိုင်းတွင် တောင်ငူမှ ရန်ကုန်သို့ ဆရာဝန်တစ်ဦး၊ သူနာပြုတစ်ဦး လိုက်ပါသွားခဲ့ကြောင်းနှင့် မိခင်ရော ကလေးပါ ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**(၁၂၉)**

# မြန်မာနိုင်ငံ၏ ပထမဆုံး ကိုယ်ပိုင်အမှတ်တံဆိပ် Tablet ထုတ်လုပ်

**ရန်ကုန် မတ် ၁၇**

be Tablet 10 ကို KMD မှ Microsoft နှင့် Intel တို့၏ နည်းပညာဖြင့် ပေါင်းစပ်ကာ မြန်မာနိုင်ငံ၏ ပထမဆုံး ကိုယ်ပိုင်အမှတ်တံဆိပ်အဖြစ် ထုတ်လုပ်ခဲ့ကြောင်း သိရသည်။

"နည်းပညာဆိုင်ရာ စက်ရုံတွေမှာ အရင်က သူများထုတ်လုပ်ထားတဲ့ ပစ္စည်းတွေကိုသာ တင်သွင်းရောင်းချတဲ့ လုပ်ငန်းကိုပဲ အဓိကထားလုပ်ကိုင်ခဲ့တာပါ။ ကိုယ်ပိုင်ထုတ်ကုန်ကို ထုတ်လုပ်ပြီးရောင်းချခဲ့တာမရှိပါဘူး။ မြန်မာနိုင်ငံရဲ့ နည်းပညာဈေးကွက်ကလည်း သေးတဲ့အတွက် နိုင်ငံတကာထိပ်တန်းနည်းပညာကုမ္ပဏီတွေကလည်း ပူးပေါင်းလုပ်ဆောင်ဖို့ စိတ်မဝင်စားခဲ့ကြဘူး။ အခုအခါမှာတော့ KMD အနေနဲ့ မြန်မာနိုင်ငံမှာ ပထမဦးဆုံး Original Equipment Manufacturer(OEM)Project အဖြစ် Microsoft ကုမ္ပဏီမှ ဆော့ဝဲလ်နည်းပညာကို ပံ့ပိုးပေးပြီး ကမ္ဘာ့နံပါတ်တစ် CPU၊ Chitset ထုတ်လုပ်တဲ့ Intel ကုမ္ပဏီက ဟာ့ဒ်ဝဲလ်ပိုင်းကို ကူညီပံ့ပိုးပေးထားတဲ့အတွက် be အမှတ်တံဆိပ်ကို စတင်လုပ်ကိုင်နိုင်ခဲ့တာဖြစ်ပါတယ်။ be ဆိုတဲ့ နာမည်လေးရွေးချယ်ဖြစ်ပုံက လူတိုင်းအတွက် သက်ဆိုင်တဲ့ ထုတ်ကုန်လို့ ဆိုလိုတာပါ"ဟု KMD Computer Group မှ ဥက္ကဋ္ဌ ဒေါ်တင်တင်အေးက ပြောသည်။



ယင်း Tablet တွင် Window 8.1 ကို အသုံးပြုထားပြီး Microsoft Office 365 ကို တစ်နှစ်စာ အသုံးပြုခွင့်၊ Skype Credits ဖြင့် နိုင်ငံပေါင်း ၆၀ ကျော်သို့ တစ်လလျှင် မိနစ် ၆၀ စာ တစ်နှစ် အခမဲ့ခေါ်ဆိုနိုင်ခွင့်နှင့် Microsoft Sky Drive ဟုခေါ်သည့် Cloud Storage 1 TB ကိုလည်း တစ်နှစ်စာ အသုံးပြုနိုင်မည်ဖြစ်သည်။ ထို့အပြင် ယင်း Tablet တွင် Digitizer Pen ပါဝင်သောကြောင့် Notebook အဖြစ်လည်း အသုံးပြုနိုင်မည်ဟု သိရသည်။

**(ခင်ဇာလီ)**

# ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

**မော်လမြိုင် မတ် ၁၇**

မော်လမြိုင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းဌေးနှင့် မြို့နယ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များသည် မတ် ၁၄ ရက်က မော်လမြိုင်မြို့နယ်အတွင်းရှိ ကော့လျ၊ ကော့နုပ်၊ ကတိုး၊ ကော့တွန်း၊ ကော့စိန်၊ ကော့ပေါက်ကျေးရွာအုပ်စုများတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေများဖြင့် ဆောင်ရွက်ခဲ့သည့် ကျေးလက်လမ်း၊တံတား၊ မီးလင်းရေးနှင့် ဆည်မြောင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ကျေးလက်ဦးစီး)**

# အမျိုးသမီးကြီးတစ်ဦး ပိုးသတ်ဆေးသောက်မိ၍သေဆုံး

**မကွေး မတ် ၁၇**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်တွင် မတ် ၁၆ ရက် နံနက် ၇ နာရီက မြို့သစ်မြို့နယ် ဂွေးတောကျေးရွာနေ ဦးကျော်ညွန့်သည် တစ်ရွာတည်းနေ ယောက္ခမဖြစ်သူ ဒေါ်ကြည်မြင့် အသက်(၇၄)နှစ်၏ နေအိမ်သို့အလည်သွားရောက်ခဲ့စဉ် ဒေါ်ကြည်မြင့်မှာ နေအိမ်အပေါ်ထပ်ကြမ်းပြင်တွင် ပါးစပ်မှအမြှုပ်များထွက်၍လူးလိမ့်နေကြောင်းတွေ့ရှိရသည်။

၎င်းအနီးတွင် သြဘာတံဆိပ်ပါ ဒိုဇာ ၇၀ WP ပိုးသတ်ဆေးအဝါရောင် အိတ်ခွံအားတွေ့မြင်ခဲ့သဖြင့် ပတ်ဝန်းကျင်သို့ အော်ဟစ်အကူအညီတောင်းခံ၍ မြို့သစ်ဆေးရုံသို့ ပို့ဆောင်ရန် စီစဉ်နေစဉ်အတွင်း ဒေါ်ကြည်မြင့်မှာ နံနက် ၉ နာရီခွဲ၌ သေဆုံးသွားခဲ့သည်။

သေဆုံးမှုနှင့် ပက်သက်၍ ဒုရဲမှူးကံပိုက တရားလိုပြုတိုင်တန်းခဲ့သောကြောင့် မြို့သစ်မြို့နယ်၊ မြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ် ၁/၂၀၁၅ ဖြင့်အမှုဖွင့်ဆောင်ရွက်ထားကြောင်းသိရှိ ရသည်။

**ကျော်ဇေယျ**



# ဖုန်းအားသွင်းရာမှ အပူလွန်ကဲ၍ မီးလောင်မှုဖြစ်ပွား

**ပဲခူး မတ် ၁၇**

ပဲခူးမြို့ နန်းတော်ရာရပ်ကွက် အင်း၀(၂)လမ်း အမှတ်(၂၅၁၉) ဦးအောင်ကျော်ဦး အသက် (၅၂)နှစ် နေအိမ်အပေါ်ထပ်၌ မတ် ၁၇ ရက် နံနက် ၉ နာရီက ဖုန်းအားသွင်းရာမှ အပူလွန်ကဲကာ မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားသည်။

မီးလောင်ရာသို့ ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးအောင်မြင့်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မရဲစခန်းမှူး ဒုရဲမှူး စိုးပိုင်နှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမိုးမြင့်ညိုနှင့် ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ၉ နာရီခွဲတွင် မီးငြိမ်းသွားခဲ့သည်။

နေအိမ်အပေါ်ထပ်မီးလောင်ကျွမ်းသဖြင့် မြို့မရဲစခန်းမှ ဦးအောင်ကျော်ဦးအား (ပ)၁၂၃/၂၀၁၅ ပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

# ၁၁၅မိုင် ယာဉ်ရပ်နားဝင်း၌ယာဉ်နောက်ဆုတ်စဉ် တိုက်မိ၍အဘွားတစ်ဦး သေဆုံးမှုဖြစ်ပွား

**နေပြည်တော် မတ် ၁၇**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း၊ မိုင်တိုင်အမှတ်(၁၁၅) ယာဉ်ရပ်နားဝင်းအတွင်းရှိ ရွှေကျားစားသောက်ဆိုင်ဘေး၌ မတ် ၁၃ ရက် ည ၉ နာရီ ၄၀ မိနစ်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဖြူးအမြန်လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ အမြန်လမ်း မီးသတ်တပ်ဖွဲ့မှမီးသတ်တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက် စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ရန်ကုန်မှ မြင်းခြံသို့ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ စွန်းလွန်းကွက်သစ်ရပ်ကွက်နေ သန်းချစ်၊ အသက် (၃၆) နှစ် မောင်းနှင်သည့်ခရီးသည်တင် မှန်လုံယာဉ်သည် စားသောက်ဆိုင်တွင်ရပ်နားရန် ယာဉ်အားနောက်ဆုတ်စဉ် လမ်းလျှောက်နေသည့် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် သင်ပုန်းကုန်းကျေးရွာနေ ဒေါ်တင်ရွှေ အသက် (၈၀) နှစ်အား ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။

ထိုသို့တိုက်မိမှုကြောင့် ဒေါ်တင်ရွှေတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့သဖြင့် သန်းချစ်အား ဖြူးအမြန်လမ်းမကြီးရဲစခန်းက ယာဉ်(ပ)၆/၂၀၁၅၊ ပြစ်မှုပုဒ်မ ၃၀၄(က) ဖြင့် အမှုဖွင့် အရေးယူထားသည်။ **ရဲပြန်ကြား**

# အရှိန်မထိန်းနိုင်သောယာဉ် တိမ်းမှောက်သဖြင့် ဒဏ်ရာရ

**နေပြည်တော် မတ် ၁၇**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း၊ မိုင်တိုင်အမှတ်(၈/၅-၆)ကြားတွင် မတ် ၁၄ ရက် နံနက် ၉ နာရီက ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၃)လမ်းဆုံအမြန်လမ်းမကြီးရဲစခန်းမှတပ်ဖွဲ့ဝင်များ၊ အမြန်လမ်း မီးသတ်တပ်ဖွဲ့မှတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ နေပြည်တော်မှ ရန်ကုန်သို့ ရှမ်းပြည်နယ် ရပ်စောက်မြို့နယ် ပင်ဖြစ်ကျေးရွာနေ တင်ထွန်း အသက် (၃၄)နှစ် မောင်းနှင်လာသည့် Super Custom ယာဉ်(သုခချမ်းသာနာမှုကူညီမှုအသင်း)သည် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ထိုသို့တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင်လိုက်ပါလာသည့် ပင်ဖြစ်ကျေးရွာနေ ဦးအောင်ငွေ အသက် (၄၇) နှစ်ပါ လေးဦးတို့တွင် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ယာဉ်မောင်း တင်ထွန်းအား အမှတ်(၃)လမ်းဆုံ အမြန်လမ်းမကြီးရဲစခန်းက ယာဉ်(ပ)၆/၂၀၁၅၊ ပြစ်မှုပုဒ်မ ၃၃၇/၃၃၈ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# လားရှိုးမြို့တွင် ဘိန်းဖြူမှုန့်နှင့် စိတ်ကြွရူးသွပ်ဆေးပြားများသိမ်းဆည်းရမိ

**လားရှိုး မတ် ၁၇**

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များသည် မတ် ၁၅ ရက် ညနေ ၆နာရီက လားရှိုးခရိုင် ရဲတပ်ဖွဲ့ နယ်မြေခံ(စရဖ)တို့နှင့် ပူးပေါင်း၍ လားရှိုးမြို့ရှောင်လမ်း၊ အေးရှားဝေါလ်တိုးဂိတ်အနီး မူးယစ်ဆေးဝါးသတင်းအရ နမ့်စလပ်ကျေးရွာမှ လားရှိုးမြို့ဘက်သို့ လီရှိုးမြင့်မောင်းနှင်ပြီး ဘေးတွင်ရန်လောက်အယ်လိုက်ပါလာသော အဖြူရောင်ဆလွန်းယာဉ်အား သက်သေများနှင့်အတူ စစ်ဆေးရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေရာ ယာဉ်နောက်ခန်းအတွင်း အဖုံးပါ ကော်ပုံးအတွင်းရှိ မုန့်ညင်းချဉ်များနှင့် ရောနှောသို၀ှက်၍ ကြွပ်ကြွပ်အိတ်ဖြင့် ပတ်လျက် ပလတ်စတစ်ဆပ်ပြာခွက်ဖြင့် ထည့်ထားသော ဘိန်းဖြူမှုန့်အလေးချိန် ၁၀ ဂရမ်ခန့်စီပါ ဆပ်ပြာခွက် ၁၂ ခွက်၊ (စုစုပေါင်း အလေးချိန် ၁၂၀ ဂရမ်)၊ ပလတ်စတစ်ကပ်ခွာအိတ်ဖြင့် ထည့်လျက် ၈၈ နှင့် ၁ စာတန်း တစ်ဖက်စီပါပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပါ ၁၀ ထုပ် (စုစုပေါင်းဆေးပြား ၂၀၀၀၊ အလေးချိန် ၂၀၀ ဂရမ်)နှင့် မူးယစ်ဆေးဝါးသယ်ဆောင်ခငွေကျပ်တစ်သိန်းတို့အား တွေ့ရှိသိမ်းဆည်းခဲ့သည်။

ယင်းသို့ စစ်ဆေးပေါ်ပေါက်ချက်အရ သယ်ဆောင်ခငွေကျပ်ငါးသိန်းရရှိသဖြင့် ကွတ်ခိုင်မြို့နယ် ယုံးမော်ကျေးရွာမှ သယ်ဆောင်လာကြောင်း စစ်ဆေး ပေါ်ပေါက်ခဲ့သည်။

ထိုသို့ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများအား သယ်ဆောင်လာသူ တရားခံ လီရှိုးမြင့် အသက် (၄၀)နှစ်၊ (တောင်ယာလုပ်)၊ ယုံးမော်ကျေးရွာ၊ တာမိုးညဲအုပ်စု၊ကွတ်ခိုင်မြို့နယ်၊ ရန်လောက်အယ် အသက် (၄၅)နှစ်၊ (တောင်ယာလုပ်)၊ နမ့်စလပ်ကျေးရွာ၊ သိန်းနီမြို့နယ်၊ နှစ်ဦးတို့အား လားရှိုးမမစ မယ(ပ)၃၇/၂၀၁၅၊ မူး/စိတ်ပုဒ်မ ၁၅/၁၉(က)/၂၀(က)/၂၁ အရ အရေးယူထားရှိကြောင်း သိရသည်။

ထို့အတူ လားရှိုးမြို့၊ ရပ်ကွက်(၅)၊ (၆)၊ (၇)ဆုံရာ မီးသွေးချောင်လယ်ကွင်းအနီးတွင် လကျွန်က ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများအား လူငယ်အချို့ထံလျှို့၀ှက်ရောင်းချနေကြောင်း သတင်းအရ မတ် ၁၅ ရက် ၅နာရီက မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ လားရှိုးမြို့နယ်၊ လားရှိုး-ကုန်းညောင်လမ်း၊ နတ်စင်အနီး ကင်းပုန်းဝပ်စောင့်ဆိုင်းနေခဲ့သည်။

လကျွန်သည် ကုန်းညောင်ရွာမှ လားရှိုးဘက်သို့ တောစပ်မှ လမ်းလျှောက်လာသဖြင့် ထိန်းသိမ်းရှာဖွေရာ ၎င်းလွယ်အိတ်အတွင်းရှိ ဆပ်ပြာခွက်အတွင်း ပလတ်စတစ်အိတ်ဖြင့်ထည့်လျက် ဘိန်းဖြူမှုန့်အလေးချိန် ၁၃ ဂရမ်ခန့်စီပါ နှစ်ခွက် (စုစုပေါင်း အလေးချိန် ၂၆ ဂရမ်)၊ ပလတ်စတစ်ကပ်ခွာ အိတ်အတွင်း ၈၈ နှင့် ၁ စာတန်း တစ်ဖက်စီပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပါ နှစ်ထုပ်၊ ၈၀ ပြားပါ တစ်ထုပ်၊ (စုစုပေါင်းသုံးထုပ်)၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၀ (အလေးချိန် ၄၈ ဂရမ်) တို့အား တွေ့ရှိသိမ်းဆည်းခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်အရ မူးယစ်ဆေးဝါးများအား သုံးစွဲရောင်းချရန် ဝယ်ယူလာကြောင်း ပေါ်ပေါက်သဖြင့် လကျွန် အသက် (၅၀) နှစ်၊ (တောင်ယာလုပ်) လားရှိုးမြို့နေသူအား လားရှိုးမမစ မယ(ပ)၃၆/၂၀၁၅၊ မူး/စိတ်ပုဒ်မ ၁၅/၁၉(က) အရ အရေးယူထားရှိကြောင်း သိရသည်။ **ဟန်ငွေး(iprd)**

ASIA KING 09-43114301,09-420221257
✣ မန်းရွှေစက်တော် နှင့် လမ်းဘုရားစုံ (၃)ရက်
✣ ပုဂံ-ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ ------ (၃)ရက်
✣ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကဿပ (၃)ရက်
✣ မန္တလေး၊ စစ်ကိုင်း၊ ပြင်ဦးလွင်၊ မုံရွာ၊ အလောင်းတော်ကဿပ (၅)ရက်
✣ မန်းရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး(ရွှေဆယ်တော်လေးဆူ) ... (၅)ရက်
✣ မန်းရွှေစက်တော်၊ အလောင်းတော်ကဿပ ......... (၅)ရက်
✣ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ သမ်ခမ်း ......... (၄)ရက်
✣ မန်းရွှေစက်တော်၊ ပုဂံ၊ တောင်ကြီး၊ အင်းလေး .... (၇)ရက်
✣ ထားဝယ်(ရှင်ကိုးရှင်)၊ မောင်းမကန်၊ မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ (၇)ရက်
✣ ရခိုင်၊ မြောက်ဦး၊ စစ်တွေ၊ ငပလီ၊ ကမ်းသာယာ (၅)ရက်
ကျိုက်ထီးရိုး/ချောင်းသာ (နှစ်ရက်) (နှစ်ရက်)
သကြၤန်ခရီးစဉ်များ Hotel/ Guest များ ကြိုတင်လက်မှတ်ရောင်းပြီ
Mar 13,20,26,27 Apr 3,10,12,13,17 ကားမျိုးစုံဝင်းလုံးငှား အထူးစီစဉ်ပေးသည်

(၃၅)နှစ်ပြည့်မွေးနေ့ဆုတောင်း

ချစ်ခင်လေးစားအားထားရပါသော သားကြီး/အစ်ကိုကြီး ဦးဇာနည်ဦး MD (Myanmar EMC)ရဲ့ ၁၈-၃-၂၀၁၅ ရက်တွင် ကျရောက်သော မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် အောင်မြင်တိုးတက်လျက် ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် မိသားစု၊ အမေ၊ ညီ၊ ညီမများနှင့်အတူ ပျော်ရွှင်ဖွယ်နေ့ရက်များကို ဖြတ်သန်းနိုင်ပါစေ။

မိဘ၊ မောင်နှမ၊ မိသားစုအပေါ်ထားရှိသော စေတနာအကျိုးများ ချက်ချင်းရရှိနိုင်ပါစေ။

ဖေဖေ၊ မေမေ - (ဦးဆန်းထွန်းဦး)-ဒေါ်ရီရီတင်
ချစ်ညီ/ညီမများ - ကျော်သာဝင်း(USA)-ဇင်ဝါဖြူ
ဗိုလ်ကြီးညီညီစိုး(တကန ဟိုပုံး)-စောယုမွန်
ကြည်ဇင်သန့်
တူ/တူမများ - မြသီဂီကျော်(Pre.KG ILBC Junction Spuare)
ဆုမြတ်ညီညီ၊ ဇွဲခန့်ညီညီ

(၄၂)နှစ်မြောက်မင်္ဂလာဆုမွန်လွှာ

ကျေးဇူးရှင်ချစ်ဖေဖေ ဝဏ္ဏကျော်ထင် ဦးဉာဏ်ထွန်းအောင်နှင့် ချစ်မေမေ ဒေါ်ဝေဝေတို့၏ ၁၈-၃-၂၀၁၅ ရက်တွင် ကျရောက်သော (၄၂)နှစ်ပြည့်မင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် ချစ်သော သား၊ သမီး၊ မြေးများနှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာစွာဖြင့် အတူလျှောက်လှမ်းနိုင်ပြီး ဘာသာ၊ သာသနာ အကျိုး ဆတက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း မင်္ဂလာဆုမွန်ကောင်းတောင်းလျက်-

ချစ်သားကြီး - ကိုဥက္ကာထွန်း(Unique Value Co.,Ltd)- မမျိုးကလျာထွေး
ချစ်သမီးကြီး - မစန္ဒီထွန်း(Ever Right Trading Co.,Ltd)
ချစ်သမီးလတ် - Captainကိုကိုယု(MAI)-မဖြူသန့်ထွန်း
(MAI In-Flight Catering Services)
ချစ်သမီးငယ် - မယဉ်မင်းထွန်း(Golden New Idea Co.,Ltd)
ချစ်မြေးများ - ဆုမြင့်မိုရ်ထွန်း(ဖွေးဖွေး)၊ စွမ်းသုတထွန်း(သျှိုင်းသျှိုင်း)
လင်းသုတအောင်(လင်းလင်း)

# မင်းတုန်းမင်းနှင့် မိဖုရားခေါင်ကြီးအုတ်ဂူ၊ ဒင်္ဂါးစက်ရုံတို့အား ပြုပြင်ထိန်းသိမ်းသင့်



**မန္တလေး မတ် ၁၇**

မန္တလေးမြို့တွင် အထင်ကရဖြစ်သည့် ရတနာပုံမြို့တည်နန်းတည် မင်းတုန်းမင်းကြီးနှင့်မိဖုရားခေါင်ကြီးတို့၏ အုတ်ဂူ၊ မင်းကိုးပါးရုပ်တုနှင့်ပြည်ထောင်စုကျောက်တိုင်၊ ဒင်္ဂါးစက်ရုံတို့မှာဆူးပင်များ၊ ချုံနွယ်များဝိုင်းရံလျက်ရှိခြင်းကြောင့်သမိုင်းသုတေသီများ၊ နိုင်ငံခြားသားများ၊ကျောင်းသားကျောင်းသူများလေ့လာရန်ခက်ခဲလျက်ရှိသည်။

မန္တလေးနန်းမြို့မြနန်းစံကျော်ရွှေနန်းတော်အနီးတွင် ရတနာပုံမြို့တည်နန်းတည် မင်းတုန်းမင်းကြီးနှင့်မိဖုရားခေါင်ကြီးတို့၏အုတ်ဂူရှိပြီး၊ မြန်မာနိုင်ငံတည်ထောင်အုပ်ချုပ်ခဲ့သော အလောင်းမင်းတရားကြီး၊ ကျန်စစ်သား၊ ဘုရင့်နောင်အပါအဝင် တိုင်းပြုပြည်ပြုသာသနာပြု ရှေးခေတ်မြန်မာ့သူရဲကောင်းစစ်ဘုရင်များအား လေးစားဂုဏ်ပြုမော်ကွန်းတင်နိုင်ရန် မင်းကိုးပါးရုပ်တုနှင့် ပြည်ထောင်စုကျောက်တိုင်ကိုအရှေ့အနောက်၁၆၅ပေ၊ တောင် မြောက်ပေ ၈၀ အကျယ်နေရာတွင် ၁၉၉၂ ခုနှစ် စက်တင်ဘာ ၁၁ ရက်ကပန်းခြံဖြင့် နိုင်ငံခြားသားများလေ့လာနိုင်ရန် ဖွင့်လှစ်ပေးခဲ့သည်။

ယခုအခါပြုပြင်ထိန်းသိမ်းမှုမရှိခဲ့သဖြင့်သမိုင်းဝင်မင်းတုန်းမင်းဥပုသ်သီလ ဆောက်တည်ခဲ့သောဥပုသ်ဆောင်၊ ၁၈၇၄ခုနှစ်ကတည်ဆောက်ခဲ့ပြီးအနှစ်၂၀အတွင်း ငွေဒင်္ဂါးတန်ဖိုး၂၈သန်းအထိထုတ်ဝေနိုင်ခဲ့သည့် ဒင်္ဂါးစက်ရုံ၊ မင်းတုန်းမင်းနှင့်မိဖုရားခေါင်ကြီးအုတ်ဂူတို့မှာဆူးပင်များ၊ ချုံနွယ်များဝိုင်းရံလျက်ရှိရာ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းမြှင့်တင်ရေးအတွက် ယခင်အတိုင်းပြုပြင်ထိန်းသိမ်းထားရှိ၍ လေ့လာလိုသူများသွားလာနိုင်ရန် ခြုံနွယ်များရှင်းလင်းပြီး ဥယျာဉ်သဖွယ်တည်ဆောက်ဂုဏ်ပြုသင့်ကြောင်း ပြည်တွင်းပြည်ပခရီးသွားများက အကြံပြုပြောကြားကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## မော်လူးတွင် ကျေးလက်လူငယ် စွမ်းဆောင်ရည်မြင့်မားရေး ဟောပြောပို့ချ

**မော်လူး မတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် မတ် ၁၄ ရက် နံနက် ၁၀ နာရီက ကျေးလက်လူငယ် စွမ်းဆောင်ရည်မြင့်မားရေး ဟောပြောပို့ချမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပို့ချ ဆွေးနွေးခြင်းကို အင်းတော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အင်းတော်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်းကာ ကျေးလက်နေလူငယ်များ အသိပညာတိုးပွား၍ လူမှုစီးပွားမြင့်မားတိုးတက်လာစေရေးအတွက် ရည်ရွယ်ကာ ဆောင်ရွက်ခြင်းဖြစ်သည်။

ထိုသို့ဟောပြော ပို့ချရာတွင် အင်းတော်မြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးမျိုးမင်းစိုးနှင့် ဝန်ထမ်းများ၊ အင်းတော်မြို့ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ ဒုဦးစီးမှူးဒေါက်တာမြင့်သူနှင့် ဝန်ထမ်းများက ဟောပြောပို့ချခဲ့သည်။

အဆိုပါ သင်တန်းသို့ တက်ရောက်လာကြသည့် မော်လူးကျေးရွာမှ လူငယ် ၇၂ ဦးတို့အားကျေးလက်ဒေသများ၏ အခြေခံလိုအပ်ချက်များဖြစ်သော ရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ မီးလင်းရေး၊ လူထုဗဟိုပြု စီမံကိန်းဘာသာရပ်များ၊ မွေးမြူရေးဆိုင်ရာ ဘာသာရပ်များအစရှိသည်တို့ကို ဟောပြောပို့ချခဲ့ကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးချက်များကို ပြန်လည် ဆွေးနွေးဖြေရှင်းပေးခဲ့ကြောင်း သိရသည်။

**(၆၈၅)**

## ရွှေသာလျောင်းဘုရားသို့ ပြည်ပခရီးသွားများလာရောက်မှု မြင့်တက်

**ပဲခူး မတ် ၁၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ပေါ်ရှိ ရွှေသာလျောင်းရုပ်ပွားတော် မြတ်ကြီးသို့ နိုင်ငံခြားသား ခရီးသွားဧည့်သည်များ၊ လာရောက်မှု မြင့်တက်လာကြောင်းသိရသည်။

၂၀၁၄ ခုနှစ်ဇန်နဝါရီလတွင် ဖူးမြော်လေ့လာသူ ပြည်ပဧည့်သည် ၁၂၉၅၂ ဦးရှိပြီး ဒီဇင်ဘာလပိုင်းတွင် ၁၂၇၄၀ နှင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် ၁၂၆၃၄ ဦး၊ ဖေဖော်ဝါရီလတွင် ၁၂၁၉၈ ဦးတို့ဖြစ်ပြီး ၂၀၁၄ ခုနှစ် နှစ်ကုန်ပိုင်းထက် ၂၀၁၅ နှစ်စပိုင်းတွင် ဧည့်သည်ပိုများလာသည်ဟု ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ပေါ်ရှိ ရွှေသာလျောင်းရုပ်ပွားတော်မြတ်ကြီးသို့ တိုင်းနှင့်ပြည်နယ်အရပ်ရပ်မှဘုရားဖူးများ၊ ပြည်ပဧည့်သည်များပါ လာရောက်ဖူးမြော်လေ့လာကြသည်။

ကြည်ညိုဖွယ်ရာကောင်းသည့် ရုပ်ပွားတော်မြတ်ကြီးနှင့် ကြည်နူးစရာကောင်းသော တန်ဆောင်းအရိပ်အာဝါသတို့၌ စိမ်အေးချမ်းမြေ့စွာ ဖူးမြော်သည်ကို တွေ့ရှိရပြီး လာရောက်ဖူးမြော်လေ့လာသည့် ပြည်ပနိုင်ငံများအနက် အများဆုံးမှာ ထိုင်းနိုင်ငံဖြစ်ပြီး ဒုတိယအများဆုံးမှာ အမေရိကန်၊ တတိယအများဆုံးမှာ ဂျာမနီ၊ စတုတ္ထအများဆုံးမှာ တောင်ကိုရီးယား၊ ပဉ္စမအများဆုံးမှာ တရုတ်နိုင်ငံတို့မှ ဖြစ်သည်။

ပြည်ပဧည့်သည်နှင့်အတူလာသည့် လမ်းညွှန်များက သိလိုဖွယ်ရာများကို သေချာစွာ ရှင်းလင်းပြောကြားပေးပြီး အလှူငွေများကိုလည်း လှူဒါန်းသွားကြသည်။

**သုလင်း(ဟံသာမြေ)**


**21 AD @ BILLBOARD ADVERTISING**

ရန်ကုန် (ဆူးလေဘုရားလမ်း/ ဗိုလ်ချုပ်ဈေး/ပြည်လမ်း/ပန်းဆိုးတန်းတံတား/သမိုင်းလမ်းဆုံ/မင်္ဂလာဈေး/ ညောင်ပင်လေးဈေး/ကန်တော်ကြီးရှေ့ဟော်ကီကွင်း/လှိုင်သာယာ BOCအဝိုင်း)
နေပြည်တော် (ရာဇဌာနီလမ်းနှင့်ပန်းခင်းလမ်းထောင့်/နေပြည်တော်အမြန်လမ်းပေါ်TOLL GATE)
ရန်ကုန် -မန္တလေးအမြန်လမ်း (၁၁၅မိုင်နားနေစခန်းအနီး/နေပြည်တော်နားနေစခန်း/ နေပြည်တော် TOLL GATE)
မုံရွာ (ပြည်ထောင်စုလမ်းမကြီးပေါ်လမ်းလယ်ကျွန်း အောင်မင်္ဂလာ၂လမ်းထောင့်)
ပုသိမ် (ရန်ကုန်ပုသိမ်လမ်းမပေါ်ရွှေရုပ်တုအဝိုင်းအနီး/ပုသိမ်တက္ကသိုလ်ဝင်ပေါက် မဟာပန္နလလမ်းထောင့်)
မော်လမြိုင် (အထက်လမ်းမကြီးနှင့် အရာတော်လမ်းထောင့်)

www.21advertising.net
ကြော်ငြာများတပ်ဆင်ရန်

၂၃၈၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
☎ 377093 ☎ 373036 09 73043672 09 73200189 09 73200201



### ဝန်ထမ်းအလိုရှိသည်

Asia Beverages Co.,Ltd တွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ရာထူးများအတွက် ဝန်ထမ်းများ အလိုရှိပါသည်။

**Sales Executive** **M(10)Posts**
- Age 25-40,any graduate and sales diploma holder are preferable.
- At least 3-5 years experience in FMCG sales field,must be responsible for sales planning & tactical activities.
- Must be able to lead sales team,monitor,review and report on all sales activity and Results
- Good command of Computer Basic skills

**Sales Supervisor** **F/M (10)Posts**
- Age 25-35,any graduate,must have (2)years experience as Sales Supervisor in FMCG
- Good personal skills,communication skills,negotiation skills
- Good knowledge in sales analysis and reporting system,implement in sales plan
- Good command of Computer Basic skills
- Valid Driving license & experience of driving (Male Only)

**Junior Programmer** **M(4)Posts**
- Computer Related Bachelor Degree is essential.
- C#, SQL Server,Crystal Reports with good programming knowledge is essential.
- Age between 22 to 25.
- No Working Experience Required.

**Junior Sales Representative** **M(30)Posts**
- Any Fresh Graduate, အသက်(၂၅)နှစ်ဝန်းကျင်
- Sales & Distribution ပိုင်း စိတ်ပါဝင်စားသူ
- လူမှုဆက်ဆံရေးကောင်းမွန်သူ၊ ကျန်းမာရေးကောင်းမွန်၍ နေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူ။ (မှတ်ချက်။ လုပ်ငန်းအတွက်လိုအပ်သော သင်တန်းများပို့ချပေးမည်ဖြစ်ပြီး တာဝန်ထမ်းဆောင်စဉ်အတွင်း အရည်အချင်းပြည့်မီလျှင် Sales Representative ရာထူးအဖြစ် တိုးမြှင့်ခန့်အပ်မည်။)

**Driver** (ယာဉ်မောင်း) **M(20)Posts**
- အသက်(၂၀-၄၀)နှစ်အတွင်း ယာဉ်မောင်းလိုင်စင်ရှိပြီး အသောက်အစားကင်းသူဖြစ်ရမည်။
- မြို့တွင်းယာဉ်လမ်းကြောင်းနှင့် ယာဉ်မောင်းကျွမ်းကျင်သူဖြစ်ရမည်။
- လိုင်စင်အနီ ကိုင်ဆောင်ထားသူကို ဦးစားပေးမည်။

လျှောက်ထားလိုသူများသည် အလုပ်လျှောက်လွှာ၊ ကိုယ်ရေးအကျဉ်း၊ လိုင်စင်ဓာတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်းထောက်ခံစာမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်၊ ရပ်ကွက်ထောက်ခံစာမိတ္တူ၊ ရဲစခန်း၏ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာမိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူတို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း အောက်ဖော်ပြပါလိပ်စာသို့ လူကိုယ်တိုင်ဖြစ်စေ E-mail Address:**abchohr@gmail.com** သို့ E-mail ပေးပို့၍ဖြစ်စေ လျှောက်ထားနိုင်ပါသည်။

လျှောက်ထားရမည့်လိပ်စာ- ရန်ကုန်မြို့ - အမှတ်၅/၆၊ ဘုရင့်နောင်လမ်းမကြီးနှင့် အေးရိပ်မွန်လမ်းထောင့်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
Phone:01-682093,09-8350893(Ext:103/315),Fax:01-531163(Ext:315),Email:**abchohr@gmail.com**
မန္တလေးမြို့ - အမှတ်-ခ-၁/၂ ပန်းခြံလမ်း၊ စက်မှုဇုန်(၁)၊ ပြည်ကြီးတံခွန်၊ မန္တလေး
Phone:02-5153738,09-43003068,09-797573957,Fax:,Email:sandaraye002@gmail.com


### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၆/ရွှေပေါက်ကံ၊ မြေကွက် အမှတ်-၄၂၇၊ မြေကွက်တည်နေရာအမှတ်-၄၂၇၊ အင်းဝလမ်း၊ ဒေါ်ခင်အေးမြင့်(ကေဗီဒဗလျူ-၀၈၄၄၁၅)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဒေါ်ခင်အေးမြင့်(တရားရှုံး ကိုယ်စား) မြောက်ဥက္ကလာပမြို့နယ်၊ တရားရုံးမှ ဘီလစ်ဒေါ်သူဇာ[၆/ထဝန(နိုင်)၀၂၆၃၄၃]က တရားရုံး ဘီလစ်ခန့်အပ်စာ၊ တရားမကြီးမှုအမှတ်-၁၂၆/၁၄ စီရင်ချက်နှင့်ဒီကရီ၊ တရားမဇာရီမှု အမှတ်(၈၀/၁၄)၊ တရားရုံးနေ့စဉ်မှတ်တမ်းတို့ တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက် မည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ဒသမအကြိမ်မြောက် ကုန်သွယ်လယ်ယာမိသားစုများ ဆရာကန်တော့ပွဲကျင်းပမည်

ကုန်သွယ်လယ်ယာဝန်ထမ်းဟောင်းများ အချင်းချင်းရိုင်းပင်းကူညီရေးအသင်းမှ ကြီးမှူးကျင်းပသော သက်ကြီးဝါကြီး ဆရာများအား ဒသမအကြိမ်မြောက် ဆရာကန်တော့ပွဲအခမ်းအနားကို ၂၀၁၅ခုနှစ် မေလနောက်ဆုံးပတ်တွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကြားတောရလမ်း၊ ကုန်သွယ်လယ်ယာဓမ္မာရုံတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဝန်ထမ်းများနှင့် ဝန်ထမ်းဟောင်းများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အလှူငွေများ လှူဒါန်းလိုပါက အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ပါသည်။

| | | |
|---|---|---|
| ဦးတင်ရွှေ | အထွေထွေမန်နေဂျာ(ငြိမ်း) | ဖုန်း -၀၉-၇၃၂၀၆၃၀၇ |
| ဦးသိန်းလွင် | အထွေထွေမန်နေဂျာ(ငြိမ်း) | ဖုန်း-၅၁၁၉၀၆၊ ၀၉-၈၅၁၆၄၈၃ |
| ဒေါ်ခင်အေး | ဒု-အထွေထွေမန်နေဂျာ(ငြိမ်း) | ဖုန်း -၀၁-၅၁၃၂၉၆ |
| ဦးတိုးအောင်မြင့် | ညွှန်ကြားရေးမှူးချုပ် | ဖုန်း -၀၉-၈၃၀၃၂၁၇ |
| ဦးသန်းအောင်ကျော် | ဒုတိယညွှန်ကြားရေးမှူးချုပ် | ဖုန်း -၀၉-၄၉၂၀၆၉၀၃ |
| ဦးသန်းအောင် | ညွှန်ကြားရေးမှူး(ငြိမ်း) | ဖုန်း-၂၀၁၆၄၆၊ ၀၉-၅၀၁၉၃၃၄ |
| ဦးဇော်မင်း | ညွှန်ကြားရေးမှူး | ဖုန်း-၀၉-၈၆၁၃၆၇၉ |
| ဦးမြင့်ချို | ညွှန်ကြားရေးမှူး | ဖုန်း-၀၉-၈၆၂၇၄၄၃ |
| ဦးမြင့်လွင် | ညွှန်ကြားရေးမှူး | ဖုန်း-၀၉-၄၃၀၃၄၈၇၅ |
| ဦးကျော်ငွေ | အင်ဂျင်နီယာချုပ် | ဖုန်း-၀၉-၅၀၁၄၅၅၃ |

**ဆရာကန်တော့ပွဲကျင်းပရေးကော်မတီ**

### ကြေညာချက်

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ ပြုလုပ်ပေးသော PDP/EDP သင်တန်းအမှတ်စဉ် (၂) ကို (၂၁-၃-၂၀၁၅) စနေနေ့ နှင့် (၂၂-၃-၂၀၁၅) တနင်္ဂနွေနေ့များတွင် ရန်ကုန်နည်းပညာတက္ကသိုလ် YTU ကြို့ကုန်းတွင် ဖွင့်လှစ်ပေးမည်ဖြစ်သဖြင့် ကြိုတင်စာရင်းပေးထားပြီးဖြစ်သော လျှောက်လွှာရှင်များ တက်ရောက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ဆက်လက်၍ သင်တန်းအမှတ်စဉ် (၃) ကို (၂၈-၃-၂၀၁၅) စနေနေ့ နှင့် (၂၉-၃-၂၀၁၅) တနင်္ဂနွေနေ့ ရက်များတွင် ဖွင့်လှစ်ပေးမည်ဖြစ်သဖြင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီရုံးသို့ ကြိုတင်စာရင်းသွင်း လျှောက်ထားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

သင်တန်းသားဦးရေ ကန့်သတ်ချက်ရှိပါသဖြင့် စာရင်းပေးသွင်းထားသည့် အစီအစဉ်အတိုင်း ဦးစားပေး တက်ရောက်ကြရမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
အမှတ် (၂၂၈/၂၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း။
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
Phone : 01 251213 , 703276
Website : www.myanmarengcouncil.org
E.mail : mengc.office@myanmarengcouncil.org
: myanmarengineeringcouncil.ho@gmail.com

ပေးစာ

***ဆရာမြသန်းတင့် ဘာသာပြန်ဆိုသည့် "လူလေးသို့ ပေးစာများ"မှာ နှစ်ပေါင်း ၂၀၀ ကျော်ကအဖြစ်အပျက်များဖြစ်သော်လည်း ယနေ့ထက်တိုင်အသက်ဝင်နေဆဲဖြစ်၍ ကြေးမုံသတင်းစာဖတ် လူငယ်လူရွယ်များ လေ့လာမှတ်သားနိုင်စေရန်အတွက် အပတ်စဉ် (ဗုဒ္ဓဟူးနေ့တိုင်း) ဖော်ပြပေးလိုက်ပါသည်။***

# လူလေးသို့ပေးစာများ – ၆

မြသန်းတင့်



**ဘာ့သ်၊ အောက်တိုဘာ ၁၉ ရက်၊ ၁၇၄၆ ခုနှစ်။**

**လူလေး**

ဟိုက်ဒယ်ဘက်ကနေပြီး ရှာဖီဟော်ဇင်ကို အသွားမှာ မင်းကြုံတွေ့ခဲ့ရတဲ့ ဒုက္ခတွေ၊ ကောက်ရိုးပုံပေါ်မှာ အိပ်ခဲ့ရတာတွေ၊ ပေါင်မုန့်ညိုညိုမည်းမည်းကြီးတွေကို စားခဲ့တာတွေ၊ ဂျာမန်စကားကောင်းကောင်း မတတ်လို့ အခက်ကြုံရတာတွေကို ဖတ်ရတယ်။ အမှန်ကတော့ ဒါတွေဟာ ရှေ့ခရီးတစ်လျှောက်မှာ တွေ့လာနိုင်တဲ့ စိတ်ပင်ပန်း၊ လူပင်ပန်းစရာတွေအတွက် ခံနိုင်အောင် မင်းကို လေ့ကျင့်မှုပေးနေတဲ့အရာတွေပဲ။ ဒါကို ဥပဒေသထုတ်ကြည့်ချင်သေးတယ်ဆိုရင် ဒါတွေဟာ လူ့ဘဝ ခရီးကြီးတစ်လျှောက်မှာ ကြုံတွေ့ရမယ့် အခက်အခဲတွေ၊ အကြပ်အတည်းတွေ၊ အတားအဆီးတွေအတွက် မြည်းစမ်းကြည့်ဖို့ နမူနာကလေးတွေလို့တောင် ဆိုနိုင်တယ်။ ဘဝခရီးမှာ ဒီလို အခက်အခဲတွေဟာ တွေ့ရစမြဲဆိုတာ နားလည် သဘောပေါက်ရမယ်။ ဒီလိုနားလည်သဘောပေါက်ခြင်းဟာ ကိုယ်ခံစွမ်းအားကြီးတစ်ခုပဲ။ မင့်ဘဝအဆိုးအကောင်းဟာ အဲဒီကိုယ်ခံစွမ်းအားအနည်းအများ အကြီးအသေးပေါ်မှာ တည်တယ်။ လောလောဆယ်မှာ မင်းဟာ ဆိုးတဲ့လမ်းတွေကို တွေ့ကောင်းတွေ့မယ်။ ညံ့တဲ့ တည်းခိုရိပ်သာတွေကို တွေ့ကောင်းတွေ့မယ်။ ဒီအတွက်လိုအပ်တဲ့ ခံနိုင်ရည်မျိုးရှိအောင်ပြင်ထားရမယ်။ အဲဒီကိုယ်ခံစွမ်းအား၊ အဲဒီခံနိုင်ရည်ကို နေ့တိုင်းစစ်ဆေးပါ။ နည်းသွားရင်ထပ်ဖြည့်ပါ။ ချို့ယွင်းသွားရင် ကောင်းအောင်လုပ်ပါ။ လူတိုင်းမှာ ဒီလိုလုပ်နိုင်တဲ့အရည်အချင်းတွေပါပြီးသားဖြစ်တယ်။ ဒါကြောင့် ကိုယ်ခံစွမ်းအား၊ ခံနိုင်ရည်ရှိမှုကို မွေးမြူရမယ်။ ဒီလို မွေးမြူဖို့ ပျက်ကွက်သူ၊ မေ့လျော့သူ ပေါ့ဆသူကတော့ မေ့လျော့၊ ပေါ့ဆမှုဒဏ်ကို ခံရမှာပဲ။ ခံလည်း ခံထိုက်တယ်လို့ဖေဖေယူဆတယ်။

မေ့လျော့ပေါ့ဆမှုအကြောင်း စကားစပ်မိလာတဲ့အတွက် ပြောလိုက်ရဦးမယ်။ မင်းအပေါ်မှာ ချစ်တဲ့ ဖေဖေ့ရဲ့ အချစ်ဟာ အားနည်းနုံ့နဲ့တဲ့ အချစ်၊ မိန်းမဆန်တဲ့အချစ် မဟုတ်ဘူးဆိုတာ မင်းကို မကြာခဏ ပြောဖူးတယ်။ ဒီလိုချစ်တဲ့အတွက် ဖေဖေဟာ မင့်မှာရှိတဲ့ အပြစ်တွေကို မမြင်ပဲ မနေရုံတင်မကဘူး၊ပိုပြီးတောင် မြန်မြန်ဆန်ဆန် မြင်လွယ်သေးတယ်။ မြင်တဲ့ ပြစ်ချက်ကိုမင့်ကို ပြောပြဖို့ ကိစ္စဟာ ဖေဖေရဲ့ လုပ်ပိုင်ခွင့်လည်း ဖြစ်တယ်။ ဝတ္တရားလည်း ဖြစ်တယ်။ ဒီပြစ်ချက်တွေကို ပြင်ဖို့ကတော့ မင့်ဝတ္တရားပေ့ါ။ မင့်ကိစ္စပေ့ါ။ မင်းကို ဖေဖေတစ်လျှောက်လုံး စောင့်ကြည့်လေ့လာခဲ့ရာမှာ ခုအချိန်အထိမင့်စိတ်နှလုံးမှာ မကောင်းမှုရယ်လို့မတွေ့ခဲ့သေးဘူး။ မင့်ဦးနှောက်မှာလည်း အားနည်းချက်ဆိုလို့ မတွေ့ခဲ့သေးဘူး။ (ဒီလိုမတွေ့တဲ့ အတွက်လည်းဘုရားသခင်ကိုဖေဖေ ကျေးဇူးတင်ရတယ်။) ဒါပေမယ့် မင့်မှာ ပျင်းရိတာ၊ အာရုံဝင်စားမှု မရှိတာ၊ မေ့လျော့ပေ့ါဆတာတွေကိုတော့ တွေ့နေရတယ်။ ဒီပြစ်ချက်တွေဟာ လူအိုကြီးတွေမှာဆိုရင်တော့ ခွင့်လွှတ်သင့်တာပေ့ါ။ သူတို့မှာ နေဝင်ချိန်ရောက်လို့ ကိုယ်ခန္ဓာအားဖြင့်ရော စိတ်ဓာတ်အရပါ အကျပိုင်းကို ရောက်နေကြပြီကိုး။ သူတို့အဖို့ အဲဒီလို ငြိမ်ငြိမ်ဆိတ်ဆိတ်၊ အေးအေးဆေးဆေးဘဝမျိုးကို နေပိုင်ခွင့်ရှိတာပေ့ါ။ ဒါပေမယ့် လူငယ်တစ်ယောက်အဖို့တော့ ဒီလို မဖြစ်သင့်ပေဘူး။လူငယ်တစ်ယောက်မှာ တော်ရမယ်၊ ချွန်ရမယ်ဆိုတဲ့ ရည်မှန်းချက်မျိုးရှိရမယ်။ ဒီလိုတော်အောင်၊ချွန်အောင်ကြိုးစားရာမှာ ဖျတ်လတ်ရမယ်၊ တက်ကြွရမယ်၊ ဇွဲရှိရမယ်။ မင်းမှာ လူငယ်တွေမှာ ရှိအပ်တဲ့ တော်အောင်၊ ချွန်အောင်၊ တစ်ဖက်သားကျေနပ်အောင် လုပ်ချင်စိတ် နည်းပါးနေတယ်လို့ ဖေဖေထင်တယ်။ အောင်မြင်ကြီးပွားလိုတဲ့ ဆန္ဒလည်း မရှိ၊ အောင်မြင်ကြီးပွားအောင်လည်း ကြိုးစားအားထုတ်ခြင်းမပြုဘဲ ရေသာခိုလိုက်နေမယ်ဆိုရင် အောင်မြင်ကြီးပွားမှုကို ဘယ်တော့မှ ရနိုင်မှာ မဟုတ်ဘူး။ ဒီအတိုင်းပဲ။ လူအများကျေနပ်အောင်လုပ်ဖို့ကိစ္စမှာလည်း လုပ်ချင်စိတ်မရှိ၊ လုပ်ဖို့လည်း မကြိုးစားဘူးဆိုရင် မင်းဟာဘယ်တော့မှ အများချစ်ခင်ခြင်းကိုခံရမှာ မဟုတ်ဘူး။ ကြိုးစားလျှင် အောင်မြင်ရာ၏ ဆိုတဲ့ စကားဟာ ကဗျာလင်္ကာ ကိစ္စက လွဲရင် နေရာတကာမှာမှန်တယ်လို့ ဖေဖေထင်တယ်။ သာမန်အသိဉာဏ်ရှိသူတစ်ယောက်ဟာ သင့်လျော်တဲ့ ပြုစုပျိုးထောင်မှု၊ ဂရုစိုက်မှု၊အာရုံဝင်စားမှုနဲ့ ကြိုးစားအားထုတ်မှု ရှိခဲ့ရင် ကဗျာဆရာ တစ်ယောက်ကလွဲလို့ ကျန်တာအားလုံးဖြစ်နိုင်တယ်လို့ဖေဖေထင်တယ်။

မင်းသွားရမယ့် ခရီးပန်းတိုင်ဟာ အပြောကျယ်ပြီး ရှုပ်ထွေးတဲ့ ကမ္ဘာလောကကြီးဖြစ်တယ်။ မင်းရဲ့ လောလောဆယ်ရည်မှန်းချက်ကတော့ ဥရောပတိုက်တစ်ဝှမ်းမှာ ဖြစ်ပေါ်နေတဲ့ အရေးကိစ္စတွေ၊ ပြဿနာတွေ၊ ဥရောပတိုက်ရဲ့ သမိုင်းတွေ၊ ဖွဲ့စည်းအုပ်ချုပ်ပုံတွေ၊ ဓလေ့ထုံးစံတွေနဲ့ နေထိုင်ပြုမူပုံကို လေ့လာဖို့ ဖြစ်တယ်။ ဒီလိုကိစ္စတွေမှာတော့ သာမန်စဉ်းစားဉာဏ်ရှိတဲ့ လူတစ်ယောက် သာမန်ကြိုးစားလိုက်ရုံနဲ့ကို ချွန်နိုင်ပါတယ်။ ရှေးခေတ်သမိုင်းနဲ့ ခေတ်သစ်သမိုင်းဆိုတာ အာရုံစိုက်လိုက်ရင် အလွယ်တကူ နားလည်နိုင်တယ်။ ပထဝီဝင်နဲ့သက္ကရာဇ်ဗေဒတို့ဟာလည်း ဒီအတိုင်းပါပဲ။ အလွန်ထူးခြားတဲ့ ပါရမီဉာဏ်၊ အလွန်ထူးခြားတဲ့ ထိုးထွင်းဉာဏ်ရှိဖို့မလိုပါဘူး။ ကြည်လင်ပြတ်သားစွာ၊ မှန်ကန်စွာ၊ လွယ်ကူချောမောစွာ၊ လှပပြေပြစ်စွာ စကားပြောတတ်ဖို့၊ စာရေးတတ်ဖို့ဆိုတဲ့ ကိစ္စတွေဟာလည်း သင်ယူလို့ရနိုင်တဲ့အရာတွေပါပဲ။ အတော်ဆုံး အကောင်းဆုံးသောစာရေးဆရာတွေရဲ့ စာတွေကို ဂရုတစိုက်ဖတ်ရင်၊ သက်ရှိထင်ရှားရှိနေတဲ့ အကောင်းဆုံးသော နမူနာများကိုအာရုံစိုက်ပြီး လေ့လာရင်ဖြစ်နိုင်ပါတယ်။ ဒီအရည်ချင်းတွေဟာ မင်းတို့ကျောင်းမှာ အထူးလိုအပ်တယ်။

ဒီအရည်အချင်းတွေ မင်းမှာရှိပြီးသားလို့လည်း ဖေဖေယူဆတယ်။ မင်းမှာ ရှိပြီးသားမဟုတ်ရင်တော့ ဖေဖေစိတ်ဆိုးရလိမ့်မယ်ဆိုတာ ပွင့်ပွင့်လင်းလင်းပဲ ပြောချင်တယ်။ မင်းလက်ထဲမှာ ဒါတွေကိုသိပြီးသားဖြစ်အောင် လုပ်နိုင်တဲ့ နည်းလမ်းတွေ ရှိထားလေတော့ ဒီလိုသိအောင် မလုပ်ခဲ့ရင် မင့်အပြစ်ပဲလို့ပြောရတော့မှာပဲ။ ဒီလို အရည်အချင်းတွေရှိလာအောင် လုပ်ဖို့အတွက် ဂရုစိုက်ဖို့နဲ့ လက်တွေ့လုပ်ဖို့ပဲလိုတယ်။ဒီအရည်အချင်းတွေလောက်မှ မရှိခဲ့ရင်တော့ မင်းဟာ ဘယ်တော့မှ လူရာဝင်နိုင်မှာ မဟုတ်ဘူး။လူပုံအလယ်မှာလည်း ဘယ်တော့မှ ပွဲလယ်တင့်နိုင်မှာ မဟုတ်ဘူး။

ဒီအရာတွေဟာ သေးငယ်တဲ့ အောင်မြင်မှုကလေးတွေကိုရဖို့ လိုအပ်တယ်။လူပုံအလယ်မှာ ကျေနပ်အောင်၊ နှစ်လိုဖွယ်ဖြစ်အောင်လုပ်ဖို့အတွက် သေးငယ်တဲ့ အောင်မြင်မှုကလေးတွေဟာလည်း လိုအပ်တာပဲ။ အမှန်ပြောရမယ်ဆိုရင်တော့ လုပ်သင့်လုပ်ထိုက်တာ မှန်သမျှကို ကောင်းစွာလုပ်သင့်တယ်။ ဘယ်အရာကိုပဲ လုပ်လုပ် ဂရုတစိုက်လုပ်ဖို့ လိုတယ်။ ဒါကြောင့်မို့ ဖေဖေ့အနေနဲ့ ပြောရရင်ဘယ်လောက်ပဲ သေးငယ်တဲ့ အလုပ်ကလေးတွေကို လုပ်သည်ဖြစ်စေ၊ ဂရုတစိုက်နဲ့ လုပ်တာချည်းပဲ ကုန်ကုန်ပြောရရင် ကပွဲသွားတာနဲ့ အဝတ်အစားဝတ်တာ ကအစ ဂရုစိုက်တယ်။ ဖေဖေတို့ ထုံးတမ်းစဉ်လာအရ ကပွဲကို သွားတာဟာလည်း လူငယ်တစ်ယောက်အတွက် တစ်ခါတစ်ရံလိုအပ်တယ်။ ဒါကြောင့် အကသင်တယ်ဆိုရင်လည်း ကောင်းကောင်းတတ်အောင်သင်ပါ။ ကတာဟာ ရယ်စရာကောင်းသည့်တိုင် ရယ်စရာကောင်းအောင် မသင်ပါလေနဲ့။ အဝတ်အစား ဝတ်ရာမှာ တုပြိုင်ဖို့ အတွက် မဝတ်ပါနဲ့။ ကြွားဝါဖို့အတွက် မဝတ်ပါနဲ့။ သူများထက် ထူးခြားအောင်ဆိုပြီး မဝတ်ပါနဲ့။လှောင်ပြောင်ရယ်မောခံရအောင် မဝတ်ပါနဲ့။ မင်းရောက်နေတဲ့ နေရာမှာ မင်းနဲ့ ရွယ်တူလူငယ်တွေ ဝတ်သလိုစဉ်းစားဉာဏ်ရှိတဲ့ လူတွေ ဝတ်သလိုဝတ်ပါ။ စဉ်းစားဆင်ခြင်ဉာဏ်ရှိတဲ့လူတွေဟာ အဝတ်အစားကိုလူပြောသူပြောခံရအောင် ဝတ်ဆင်ခြင်း မပြုဘူး။ ပေ့ါပေ့ါဆဆလည်း မဝတ်ကြဘူး။ အလွန်အကြူး ဂရုထားပြီးလည်းမဝတ်ကြပါဘူး။

လူကြောင်ဆိုတာ စိတ်ဓာတ်အင်အားနည်းတဲ့လူ၊ ဒါမှမဟုတ် ဟန်များတဲ့လူကို ခေါ်တာဖြစ်တယ်။ ဒီလို လူမျိုးဟာ အပေါင်းအသင်းတွေထဲမှာ တော်တော်စိတ်ပျက်စရာကောင်းမှာပဲလို့ ဖေဖေထင်တယ်။ ဟုတ်လည်းဟုတ်တယ်။ ဒီလိုလူမျိုးဟာ သာမန်ယဉ်ကျေးသိမ်မွေ့မှုဆိုတာကိုလည်း နားမလည်ဘူး။ ဒီနေ့ခေတ်လူတွေအကြောင်းကိုလည်း ကောင်းကောင်းမသိတော့ဘဲ ရှေးခေတ်အကြောင်းလောက်ကိုပဲ သိတော့တယ်။ အပေါင်းအသင်းတွေကြားထဲ ရောက်ရင်လည်း စကားဝိုင်းထဲမှာ မဝင်ဆန့်တော့ဘူး။ တစ်ခါတစ်ခါမှာသာ အိပ်မက်ကလန့်နိုးလာသူလို တစ်ခွန်းတစ်လေ ဝင်ပြောတတ်ပြီး ပြောရင်လည်းမဆီမဆိုင် အဆက်အစပ်မရှိ သူစိတ်ကူးပေါ်ရာတွေကို ပြောလားပြောတတ်တယ်။ ဒီလို လက္ခဏာချက်မျိုးဟာ အရာဝတ္ထုတစ်ခုအကြောင်းထက် ပိုမစဉ်းစားနိုင်တဲ့ စိတ်အားသတ္တိနည်းပါးမှုရဲ့ လက္ခဏာချက်တစ်ခုဖြစ်တယ်။ပြီးတော့လည်း ဟန်များတဲ့အတွက် သူ့ပုံပန်းသဏ္ဌာန်က အလွန်ကို စိတ်ဝင်စားနေတဲ့ပုံ၊ ဒါမှ မဟုတ်ရင်လည်းသိပ်ပြီးကြီးကျယ်လေးနက်တဲ့ ပြဿနာကြီးတွေကို စဉ်းစားနေတဲ့ပုံမျိုးဖြစ်နေတတ်တယ်။ လောကကြီးမှာဆာအိုင်းဇက်နယူတန်တို့လို၊ ဂျွန်လော့တို့လို တွေးခေါ်ရှင်တွေသာလျှင် ဒီလို ဟန်မျိုး လုပ်ခွင့်ရှိတယ်။ ဒီလို နေခွင့်ရှိတယ်။ သူတို့လို ပုဂ္ဂိုလ်တွေကတော့ သူတို့ စဉ်းစားတွေးခေါ်နေတဲ့ အကြောင်းအရာကိုက ဒီလိုနေဖို့လိုအပ်တဲ့ အကြောင်းအရာတွေဖြစ်နေတာကိုး။ ဒါပေမယ့် ဒီလိုအကြောင်းအရာမျိုးကို စဉ်းစားနေတယ်လို့ ပြောစရာမရှိတဲ့ လူငယ်တစ်ယောက်၊ လောကကြီးထဲမှာ လှုပ်ရှားသွားလာနေရတဲ့ လူတစ်ယောက်က အသိုက်အဝန်းအလယ်မှာအထီးတည်း နေခွင့်ရှိတယ်လို့ ပြောလာရင်၊ ဒီလိုနေခွင့်ကိုလည်း လက်တွေ့ကျင့်သုံးလာတယ်ဆိုရင်တော့မတန်မရာ တောင်းဆိုလာတဲ့ အခွင့်အရေးဖြစ်တဲ့အတွက် ဒီလူဟာ အသိုက်အဝန်းက တစ်ခါတည်း ပစ်ပယ်လိုက်ပြီးတစ်သက်လုံး အထီးတည်း ဖြစ်သွားတော့မှာ သေချာတယ်။ အသိုက်အဝန်းတစ်ခုဟာ ဘယ်လောက်ပဲ ဟန်များပြီးဘယ်လောက်ပဲ ပေ့ါပေ့ါတန်တန်နေသည် ဖြစ်စေ၊ သူတို့အထဲကို ရောက်သွားခဲ့ရင် သူတို့ကို ပေ့ါပေ့ါတန်တန်သမားတွေလို့ ထင်ကြောင်းကို မပြပါလေနဲ့။ သူတို့နဲ့ အလိုက်အထိုက်နေပြီး သူတို့ရဲ့ အားနည်းချက်ကလေးတွေကို တစ်စုံတစ်ခုသော အတိုင်းအတာအထိ လိုက်လျောသည်းခံပါ။ သူတို့ကိုအထင်သေးဟန် မပြပါနဲ့။ လောကမှာ အထင်သေး၊ အမြင်သေး ဖြစ်တာလောက် လူတွေခံပြင်းတဲ့အရာရယ်လို့ မရှိဘူး။ အထင်သေးအမြင်သေးဖြစ်တာကို ခွင့်လည်း မလွှတ်ကြဘူး။ နာကျင်အောင်လုပ်တာကိုမကြာခင် မေ့ချင်မေ့ပစ်လိုက်မယ်။ စော်ကားတာကိုတော့ တော်တော်နဲ့ မမေ့တတ်ကြဘူး။ ဒါကြောင့် တစ်ဖက်သားကို အခံရခက်အောင် မလုပ်ပါနဲ့။ ကျေနပ်အောင် လုပ်ပါ။ ကွယ်ရာမှာ မကောင်းပြောခံရအောင် မနေပါနဲ့။ အကောင်းပြောခံရအောင်နေပါ။ အမုန်းခံရအောင် မလုပ်ပါနဲ့။ အချစ်ခံရအောင် လုပ်ပါ။ မိမိပတ်ဝန်းကျင်က လူများကို အလေးထားပါ။ ဒီလို အလေးထားခြင်းဟာ လူရဲ့သေးငယ်တဲ့မာနကို အသိအမှတ်ပြုရာရောက်တယ်။ အလေးမထားမှုဟာ သူ့ရဲ့မာနကို ထိခိုက်စေတဲ့အတွက် မင့်အပေါ်မှာ ရန်ငြိုးဖွဲ့တတ်တယ်။ အနည်းဆုံးမကောင်းတဲ့ စိတ်ထားတတ်တယ်။

ဥပမာဆိုပါတော့။ လူတော်တော်များများမှာ အားနည်းချက်တွေရှိကြတယ်။ သူတို့မှာ သူတို့မကြိုက်တာတွေရှိကြတယ်။ ဥပမာအားဖြင့် လူတစ်ယောက်ဟာကြောင်ကို မုန်းတယ်။ ဒိန်ခဲကို မုန်းတယ်ဆိုပါတော့။ (ဒီနှစ်ခုကတော့ အများကြိုက်တတ်တဲ့ အရာတွေ မဟုတ်လား) ဒါကြောင့် မင်းကသူ့ကို ကြည့်ပြီးရယ်တယ်။ ဒါမှမဟုတ်သူလာမယ့် လမ်းမှာ မင်းက တမင်သော်လည်းကောင်း၊ မတော်တဆသော်လည်းကောင်း ချထားမိတယ်ဆိုပါတော့။ ဒီအခါမှာ မင်းဟာ သူ့ကို စော်ကားတယ်လို့ ပထမဆုံးထင်မယ်။ ဒါမှမဟုတ်ရင်လည်း သူ့ကို လှောင်တယ်လို့အနည်းဆုံး ထင်သွားမယ်။ အဲဒီအချက်ကို သူတစ်သက်လုံး မေ့တော့မှာ မဟုတ်ဘူး။ ဒါပေမယ့် မင်းကသူကြိုက်တတ်တာ ကလေးတွေကို သူ့အတွက် ယူလာမယ်။ ဒါမှမဟုတ် သူမကြိုက်တတ်တာကို ဖယ်ရှားပေးမယ်ဆိုပါတော့။ သူ့ကို မင်းအလေးဂရုပြုတယ်ဆိုတာကို ပြမယ်ဆိုပါတော့။ ဒီလိုဆိုရင် သူ့ရဲ့မာနကို ချီးမြှောက်ရာရောက်မယ်။ သူဟာ မင့်အတွက် မိတ်ဆွေကောင်းဖြစ်လာမယ်။ ဒီလို လုပ်ပေးလိုက်တာဟာ ဒီထက်အရေးကြီးတဲ့ အလုပ်ကြီးတစ်ခုကို လုပ်ပေးလိုက်တာထက်တောင် သာသွားနိုင်သေးတယ်။

မိန်းမတွေနဲ့ ပတ်သက်လာရင်တော့ ဒီထက်သေးငယ်တဲ့ ဂရုစိုက်မှုမျိုးကလေးတွေကိုတောင်လုပ်ပေးသင့်တယ်။ တကယ်တော့ ဒါဟာမွန်ရည်ယဉ်ကျေးတဲ့ ထုံးတမ်းစဉ်လာပဲ မဟုတ်လား။ မင်းဆီကို ဖေဖေပေးတဲ့စာတွေဟာ ရှည်လျားပြီး ခဏခဏ ဖြစ်နေတယ်။ ဒီစာတွေဟာ ဖေဖေမှန်းထားတဲ့ ရည်မှန်းချက်အောင်မြင်အောင် လုပ်ပေးနိုင်ပ့ါမလား ဆိုတာကိုတော့ ဖေဖေ အခုထိသံသယရှိနေတုန်းပဲ။

ဒီစာတွေကို ရေးရင်း ဟိုတုန်းက ဖေဖေကစားခဲ့ပြီး မကြာခင်တုန်းက အထိ မင်းကစားခဲ့တဲ့ စက္ကူစွန်တွေကို သွားပြီးအမှတ်ရမိသေးတယ်။ ဖေဖေဟာ ဖေဖေရဲ့ စွန်တွေကို စာပို့သမားဆိုတဲ့ ကြိုးနဲ့တော့ လွှတ်တင်လိုက်တာပဲ။ တစ်ချို့စွန်တွေက လေတိုက်ရာကို လွင့်ပါးသွားကြတယ်။ တစ်ချို့စွန်တွေကတော့ ကြိုးမပြတ်သေးပဲ တန်းလန်းပဲရှိပါသေးတယ်။ ဖေဖေအနေနဲ့ အချို့သော စွန်များဟာ ကြိုးမပြတ်လေမလွင့်ပဲ မင်းဆီကို အကောင်းပကတိ ရောက်တယ်ဆိုရင်ပဲ ဖေဖေကျေနပ်ပါပြီ။ **အာဒီးယူး။**

**(ဆရာမြသန်းတင့်၏ လူကလေးသို့ ပေးစာများ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။)**


ပါးလ်မားစ်

အသားအရည်ကိုတစ်နေကုန် ကြည်လင်
ဝင်းပ စိုပြေစေသော ပါးလ်မား ကိုယ်လိမ်းဆီ

U.S.A




- အသားအရည်ကိုကြည်လင်ဝင်းပစိုပြေစေသော၍ကိုယ်လိမ်းဆီသည်အသားအရည်ကို စေးကပ်ခြင်းမဖြစ်စေပါ။
- အရေပြားတွင်လုံးထားသောဆီများကိုလျှင်မြန်စွာစုပ်ယူသောနည်းပညာဖြင့် ဖော်စပ်ထားသည်။
- ရေချိုးပြီးသည့်အခါတိုင်းလိမ်းပေးပါကအသားအရည် တစ်နေကုန်လင်းဝင်းစိုပြေစေပြီးသင်းပျံ့သောရနံ့ ဖြင့် လန်းဆန်းမွှေးကြိုင်စေပါသည်။
- Cocoa Butter နှင့် Vitamin E တို့ကအသားအရည်ကို ခြောက်သွေ့ ကြမ်းတမ်းခြင်းမှနူးညံ့ချောမွေ့ခြင်းသို့ ပြောင်းလဲပေးသည်။

အသုံးပြုပုံ – ရေချိုးပြီးအသားအရေစိုထိုင်းစရှိနေစဉ်အတွင်း Body Oil ကို သုတ်လိမ်းပေးပါ။ စက္ကူနှ့်အနည်းငယ်ထားပြီးနောက်တဘက်ဖြင့် သုတ်လိုက်ပါ။ နူးညံ့ချောမွေ့စိုပြေသောအသားအရည်ကိုပိုင်ဆိုင်လာပါလိမ့်မည်။

အမေရိကန်နိုင်ငံမှထုတ်လုပ်သည်။

Ph:09974069688,09798112176,01205450,09972114848



**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၊ မြေကွက်အမှတ်(၆၂၉/က)၊ မြေကွက်တည်နေရာအမှတ်(၆၂၉/က)၊ မဟာဝန်အထက်(၇)လမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်ညွန့်ရွှေ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ညွန့်ရွှေ(မိခင်)နှင့် ဦးစောနန်းစိန်(ဖခင်)တို့ ကွယ်လွန် သဖြင့် သားသမီးများဖြစ်သော ၁။ ဦးထိုင်ရုံ၁၂/လသန(နိုင်)၀၀၆၈၅၃၊ ၂။ ဦးတိုင်ဖော့၁၂/ပဘတ(နိုင်)၀၁၉၆၁၇၊ ၃။ ဦးတိုင်စုံ၁၂/ဥကမ(နိုင်)၁၀၇၁၉၁၊ ၄။ဒေါ်ဥမ္မာ(TKA-047693)၊ ၅။ ဦးတိုင်ဖုံ၁၂/သကတ(နိုင်)၀၅၃၃၉၄၊ ၆။ ဦးသန်းထွေး၁၂/သကတ(နိုင်)၀၀၀၃၅၀တို့အနက်မှ အမှတ်စဉ်(၁၊ ၂၊ ၃၊ ၄၊ ၅)ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၃၀၆၁၆/၂၀၁၄)ရသူ ဦးသန်းထွေးမှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံး လုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



**စက်မှုစွမ်းအားဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်တွင်**

(အောက်ဖော်ပြပါဝန်ထမ်းများအလိုရှိသည်)

| | | | |
|---|---|---|---|
| (၁) | မန်နေဂျာ | (၁) | ဦး(ဘွဲ့တစ်ခုရရှိပြီး စီမံခန့်ခွဲမှုကျွမ်းကျင်ရမည်) |
| (၂) | စာရင်းကိုင် | (၁) | ဦး( Bcom,LCCI Level III ) |
| (၃) | ရုံးဝန်ထမ်း | (၂) | ဦး ( ကျား/မ –၂ ဦး၊ဘွဲ့ရပြီးကွန်ပျူတာကျွမ်းကျင်ရမည်) |

ဆက်သွယ်ရန် အမှတ်(၁)က ၊ ကနောင်မင်းသားကြီးလမ်း ၊စက်မှုဇုန် အပိုင်း(၁) ၊ ဖုန်း –၀၉၇၃၂၀၃၅၁ ၊ ၀၉–၅၀၅၆၃၆၀ ၊ ၀၁–၆၈၅၅၀၁ ၊ ၀၁–၆၈၅၅၀၂ ၊ ၀၁–၆၈၅၅၀၃ ၊ ၀၁–၆၈၅၅၀၆

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာသိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ (စာတည်း)*



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*၁၆-၃-၂၀၁၅ ရက်မှအဆက်*

ဤဝတ္ထုရားများ ပြီးစီးသောအခါ ခိုင်သည် သူယူလာသော မဂ္ဂဇင်းထဲမှ ဝတ္ထုများကို ဖတ်ပြသည်။ ခိုင်သည် အရွယ်နှင့်မလိုက်အောင် မြန်မာစာတော်သည်။ မဂ္ဂဇင်းထဲမှာပါသော ဝတ္ထုများကို ပီပီသသ ပြတ်ပြတ်သားသား သံနေသံထားနှင့် ဖတ်ပြရုံမက မှတ်ဉာဏ်လည်းအလွန်ကောင်းကာ ဇာတ်လမ်းကို စီကာပတ်ကုံး ပြည့်ပြည့်စုံစုံ ပြန်ပြောနိုင်သည်။

ခိုင်ယူလာသော မဂ္ဂဇင်းမှာ ဒဂုံမဂ္ဂဇင်း ဖြစ်သည်။ ခိုင် အများဆုံးဖတ်ပြသော ဝတ္ထုများမှာ ကြောက်လန့်ဖွယ်ကောင်းသမျှ စိတ်ဝင်စားဖွယ်လည်းကောင်းလှသော မှော်ဆရာဇာတ်လမ်း၊ သရဲတစ္ဆေဝတ္ထုများ ဖြစ်သည်။

ကျွန်တော်၏ ဒေါ်စာဥကြီးထံမှ တစ္ဆေသရဲအကြောင်းများ မကြားရသည်မှာ ကြာပြီ။ သို့ရာတွင် ခိုင် ဖတ်ပြသော တစ္ဆေသရဲဝတ္ထုများမှာ ဒေါ်စာဥကြီးပြောပြသော ပုံများထက် အဆပေါင်းများစွာ ပိုမိုကောင်းမွန်သည်။

ကျွန်တော်မှတ်မိသမျှ ခိုင် ပထမဆုံးဖတ်ပြသော ဇာတ်လမ်းမှာ ကြောင်အမြုတေအကြောင်းဖြစ်သည်။

ဝတ္ထုတွင်းမှ ဇာတ်လိုက်၏ ဖခင်သည် တောကြောင်နက်ကြီးတစ်ကောင်၏ မျက်လုံးအတွင်းမှ အမြုတေရသည်။

အမြုတေအစွမ်းကြောင့် ဇာတ်လိုက်၏ ဖခင်သည် ဓားပြီး၊ တုတ်ပြီး၊ သေနတ်ပြီး၊ အားလုံးပြီးသည်ဆိုသည်။

ဇာတ်လိုက်၏ ဖခင် သေသောအခါ ဦးလေးဖြစ်သူက ကြောင်အမြုတေကို ခိုးဝှက်ယူလိုက်သည်။ များမကြာမီ

ယင်းဦးလေးပါ သေဆုံးလေရာ မသေဆုံးမီ သူသည် ကြောင်အမြုတေကို မျိုချလိုက်သည်ဟူ၏။ ဦးလေးကို မြေမြှုပ်ပြီး အတန်ကြာသောအခါ ဇာတ်လိုက်သည် ညဥ့်နက်သန်းခေါင်ယံ၌ သင်္ချိုင်းကုန်းသို့သွား၍ တစ်ယောက်တည်း အလောင်းကို ဖော်ယူသည်။ အခေါင်းကြီးပေါ်လာ၍ အဖုံးကို ဖွင့်လိုက်သောအခါ

အလောင်းကောင်ကြီးသည် ငုတ်တုတ်ထထိုင်သည်ဆို၏။ အလောင်းကောင်ကြီးမှာ ပုပ်ပွဖောင်းရောင်နေသည်။

သို့ရာတွင် မျက်လုံးကြီးတစ်ဖက်မှာ မသေသေးဘဲ ပြူးကြောင်ပွင့်လင်းနေသည်ဆို၏။ ပါးစပ်မှလည်း တဟီးဟီး ညည်းနေသည်ဆို၏။ ထိုပွင့်လင်းရှင်သန်နေသောမျက်လုံးထဲ၌ ကြောင်အမြုတေရှိနေသည်ဆို၏။

ဇာတ်လိုက်သည် ထိုမျက်လုံးကြီးကို ကော်ယူထိုးဖောက်ရန် ချဉ်းကပ်လိုက်သည်နှင့် တစ်ပြိုင်နက် အလောင်းကောင်ကြီးသည် ထ၍ထိုင်သည်ဆို၏။ ဇာတ်လိုက်မှာ ကြောက်အားလန့်အားနှင့် ထွက်ပြေးရာ သစ်ငုတ်တိုတစ်ခုနှင့် တိုက်မိပြီး လဲကျသွားခိုက် . . . အလောင်းကောင်ကြီးက ခွစီးလိုက်သဖြင့် မေ့မြောသွားသည်ဆို၏။

အလောင်းကောင်ကြီးသည် ရွာတွင်း၌ ဆက်လက်သောင်းကျန်းရာ ရွာသားများက ဖမ်း၍ ခဲဆွဲလျက် ရေထဲချလိုက်ရသည်ဟူ၏။ ဇာတ်လိုက်မှာမူ ကျေးဇူးရှင် အထက်လမ်းဆရာကြီးဆိုသူက ကယ်မ,လိုက်သဖြင့် ပြန်လည်အသက်ရှင်ရသည် ဟူသတည်း။

ဇာတ်လမ်းမှာ အလွန်ကြောက်မက်ဖွယ်ကောင်းသည်။ ကျွန်တော်ကလည်း ကြောက်သည်။ ဖတ်ပြရင်း ခိုင်ကလည်း ကြောက်သည်။ ကျွန်တော်တို့နှစ်ဦးသည် တစ်ဦးကိုတစ်ဦး ပူးကပ်ကြ၍ တုန်လှုပ်ချောက်ချားမိသည်။ သို့ရာတွင် ဇာတ်လမ်းကို ဆုံးအောင်ဖတ်ရုံမက ကြောက်စရာကောင်းသော ပန်းချီသင်္ချိုင်းကိုပါကြည့်ရင်း ကြက်သီးထဖြစ်အောင် ထကြသေးသည်။

"သိပ်ကြောက်စရာကောင်းတဲ့ပုံပဲ ခိုင်ရယ် . . .။ ဒါထက် . . . ခိုင် ဥစ္စာစောင့်အကြောင်းကော မသိဘူးလား . . ." ခိုင်၏ မျက်နှာလေးမှာ ဝင်းပသွားသည်။

"မောင် ဥစ္စာစောင့်အကြောင်း ကြားချင်သလား . . ."

" သိပ်ကြားချင်တာပေါ့၊ ဒေါ်စာဥကြီးက ပြောပြမယ်ဆိုပြီး စိတ်ကောက်ပြီးတော့ မပြောတော့ဘူး . . .။ ခိုင် မောင့်ကို ပြောပြပါ . . ."

ခိုင်သည် စဉ်းစားသယောင် ခေတ္တတွေတွေလေးဖြစ်သွားသည်။ အတန်ကြာမှ တိုးတိုးညင်သာဆိုသည်။

"ဥစ္စာစောင့်က ကြောက်ဖို့မကောင်းဘူး၊ သူက သိပ်လှတယ်၊ ခေါင်းမှာလည်း ပန်းတွေဝေအောင် ပန်ထားပြီး ဒန်းစီးရင်း သီချင်းလည်းဆိုတယ် . . . တဲ့။ ပြီးတော့ သိပ်သနားစရာကောင်းတယ် . . .။

ခိုင်ကြီးလာလို့ သေသွားရင် ဥစ္စာစောင့် သိပ်ဖြစ်ချင်တာပဲ . . ."

"အို . . . ဘာဖြစ်လို့ . . ."

"ဥစ္စာစောင့်က လှလည်းလှတယ်၊ သနားဖို့လည်းကောင်းတယ်၊ ပြောပြီးပါရောလား "

"အဲဒါနဲ့ ခိုင်က ဘာဖြစ်လို့ ဥစ္စာစောင့်ဖြစ်ချင်ရတာလဲ"

" ခိုင် ဥစ္စာစောင့်ဖြစ်ရင် ပန်းတွေဝေအောင် ပန်ပြီး မောင့်ကို လာခေါ်မှာပဲ၊ မောင် . . . ခိုင်နဲ့လိုက်မလား . . ."

"အို . . . မောင်က ဘယ်ကိုလိုက်ရမလဲ "

"သိုက်နန်းထဲကိုပေါ့ . . ."

"သိုက်နန်းထဲကို . . .။ သိုက်နန်းဆိုတာ ဘာလဲ"

"သြော် . . . နောက်တော့ ပြောမှာပေါ့။ ခိုင်မေးတာဖြေစမ်း . . . မောင့်ကို ခိုင်လာခေါ်ရင် မောင်လိုက်မလား"

"ခိုင်ကလည်း ခိုင်လာခေါ်ရင် မောင်လိုက်မှာပေါ့။ ကဲ . . . ကျေနပ်ပလား"

ထိုအခါမှ ခိုင်သည် ကျေနပ်သွားဟန် ပုံကို စ,ပြောရန်ပြင်သည်။ ခိုင့်အမူအယာလေးမှာ ပုံပြောသည်နှင့်မတူ။ ကိုယ်တွေ့ကြုံခဲ့ရသော ကြေကွဲဖွယ်အဖြစ်အပျက်တစ်ရပ်အား ဆွေးဆွေးမြေ့မြေ့ ပြန်လည်ပြောပြနေဟန်နှင့်တူသည်။

ခိုင်သည် သူ၏လက်ဖဝါးလေးနှစ်ခုကို ပူး၍ရင်၌အပ်ထားသည်။ နှုတ်ခမ်းနီနီပါးပါးလေးများက တလှုပ်လှုပ်ဖြင့် တတွတ်တွတ် ပြောနေသော်လည်း မျက်ရည်ဝိုင်းသော မျက်လုံးများက အဝေးသို့ ငေးစိုက်ကြည့်လျက်ရှိ၏။

ခိုင့်အမူအယာလေးကို ယခုတိုင် ကျွန်တော့်မျက်လုံးတွင် မြင်ယောင်နေပါသေးသည်။ ခိုင်ပြောပြသော

ဇာတ်လမ်းလေးကိုလည်း တစ်သက်တွင် ကျွန်တော် မေ့နိုင်တော့မည်မဟုတ်။ ခိုင်ပြောပြသော ပုံပြင်မှာ ပန်းဝေဝေဟု ခေါ်သည်။ လွမ်းမောဖွယ်ကောင်းသော ဥစ္စာစောင့်မလေး ခင်မြိုင်နှင့် ချစ်သူမောင်ညိုတို့၏ အကြောင်းတည်း။

မောင်ညိုသည် ရိုးသားချောမောသော တောရွာလုလင်ပျိုတစ်ဦးဖြစ်သည်။ မိခင်အိုကြီးကို လုပ်ကျွေးနေသူဖြစ်ရာ ဈေးနေ့ပတ်ကြုံတိုင်း မြို့တက်ရသည်။ မောင်ညို မြို့သွားသောအခါ အုံ့ဆိုင်းမှောင်ရီသော တောတန်းလေးတစ်ခုကို ဖြတ်သွားရ၏။

တစ်နေ့တွင် မောင်ညိုသည် ထိုတောတန်းလေးကို ဖြတ်သွားခိုက် အလွန်မွှေးကြိုင်သင်းပျံ့သော သဇင်ပန်းရနံ့များကို ရှူရှိုက်ရသည်။ သဇင်ပန်းရနံ့၏ ဆွဲဆောင်မှုကြောင့် လျှောက်မိလျှောက်ရာ လျှောက်ခဲ့ရှာသော မောင်ညိုသည် တောအတွင်း တစ်နေရာတွင် ခင်မြိုင်ကို တွေ့ခဲ့ရသည်။

ထိုစဉ်က ခင်မြိုင်၏ ခေါင်းတွင် သဇင်ပန်းများဝေအောင် ပန်ထားသည်။ သဇင်ပန်း ပန်လျက်နှင့် ခင်မြိုင်သည် ပန်းနွယ်ကြိုးဆင်အပ်သော ဒန်းကို စီးရင်း သာယာညှင်းတွဲစွာ သီချင်းဆိုနေသည်။ ခင်မြိုင်၏ ဒန်းဆင်ထားရာ တောတစ်ဝိုက်၌ သဇင်ပန်းနှင့်တကွ အခြားပန်းမျိုးစုံတို့ ရောင်စုံဖူးပွင့်နေကြသည်။

မြက်ခင်း၌လည်း ပန်းမွေ့ရာအလား ပန်းစုံကြဲဖြန့်လျက်ရှိနေသည်။ သဇင်သင်းသော ထိုတောတွင်း၌ ခင်မြိုင်နှင့် မောင်ညို သည် ချစ်ကြိုက်သွားသည်။

နေ့စဉ် မောင်ညိုသည် ဤတောလမ်းသို့လာ၏။ သဇင်ပန်းဝေအောင်ပန်လျက် ခင်မြိုင်ကလည်းဆီး ကြိုသည်။ မောင်ညိုက ဒန်းကို လွှဲပေးလျက် ချောမောလှပသော ခင်မြိုင်သည် ဒန်းစီးရင်း သီချင်းတဆိုဆိုဖြင့် အလွန်ပျော်ရွှင်ဖွယ်ကောင်းကြသည်။

တစ်နေ့တွင် ခင်မြိုင်က မောင်ညိုကို သူနှင့်အတူ သိုက်နန်းအတွင်း လိုက်နေရန် ခေါ်သည်။

ဆက်လက်ဖော်ပြပါမည်။

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


FLL Fully Light Travels & Tours Co.,LTD
B-801,Dagon Center I,Bargarya Road,Myaynigone
သင်္ကြန်အတွက်ကျန်ရှိသော ခရီးစဉ်များ
▶ ဟောင်ကောင် ၊ မကာအို (စိန်းကျိတ် ၊ ကွမ်ကျိုး ၊ ကျူးဟိုင်) 11.Apr.15
▶ ကိုရီးယား ၊ (ဂျေဂျူး ၊ ဖူဆန် ၊ ချောင်းဂျူး ၊ဆိုးလ် ခရီးစဉ် ) 11.Apr.15
▶ ပီကင်း ၊ ရှန်ဟဲ (နန်ကျင်း ၊ ဝူစည် ၊ ဟန်ကျိုး ခရီးစဉ် ) 12.Apr.15
▶ ဗီယက်နမ် (ဟိုချီမင်း ၊ ဟန္နိုင်း ၊ ဟာလောင်းဘေး ခရီးစဉ် ) 14.Apr.15
မော်(လ်)ဒိုက် ခရီးစဉ်ကို (၂) ဦးမှစ၍ ကြိုက်နှစ်သက်ရာရက်တွင် စီစဉ်ပေးနေပါပြီ
Tel: 01-503815 , 01-516932 , 01-516964 , 01-516985
09-32640826 , 09-421013085 , 09-421013086 , 09-420179519






**ပွဲစားကြီးအိမ်၊ခြံ၊မြေအကျိုးဆောင်လုပ်ငန်း**
မှလုံးချင်းအိမ်၊မြေကွက်၊Condo၊Hotelများရောင်း-ဝယ်-ငှားရမ်းခြင်းများကိုအကျိုးဆောင်ပေးပါသည်။
09-420134528,09-254203244,
0932331606,09-79380875


## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အလံပြဘုရားလမ်း၊ အမှတ်(၂၀/၂၂) တွင် Shine Construction မှ ဆောက်လုပ်ထားသော Asia Pacific Condo ၏ အခန်းအမှတ် (5-B) အပါအဝင် ၎င်းကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်အရပ်တို့အား တရားဝင် ဝယ်ယူပိုင်ဆိုင်ပြီး လက်ရှိဖြစ်သူ ဒေါ်အေးအေးကြည်[၁၂/ကမတ(နိုင်)၀၂၆၈၂၃]မှ ၎င်းတွင်ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အဆိုပါ Asia Pacific Condo တွင်၎င်းအမည်ဖြင့် မှတ်တမ်းတင် ထားရှိကြောင်းတို့အား စာချုပ်စာတမ်းမူရင်းများနှင့်အတူပြသ၍ ဝန်ခံကတိပြုပြောဆို ပြီး အဆိုပါကွန်ဒိုတိုက်ခန်းအား ရောင်းချရန်ကမ်းလှမ်းခဲ့သဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှလည်း ဝယ်ယူရန်သဘောတူညီပြီး ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသငွေကြေး(စရန်ငွေ)ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ Asia Pacific Condo ၏အခန်းအမှတ် (5-B)ကွန်ဒိုတိုက်ခန်းရောင်းဝယ်ခြင်းနှင့်ပတ်သက်၍ တစ်နည်းနည်းဖြင့် ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသောရက်ပြည့်မြောက်သည်အထိ ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးစောမျိုးစံ | ဒေါ်ဟန်စုကျော် |
| LL.B, D.B.L, D.I.L, D.M.L | LL.B, D.B.L, D.M.L, A.G.T.I(FC) |

တရားလွှတ်တော်ရှေ့နေများ

အမှတ်-၉/၁၁၊ အခန်း(၁၀၁-F)၊ ၃၆ လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၇၃၁၄၈၇၉၆၊ ၀၉-၅၀၉၅၈၀၀

## ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

| | |
|---|---|
| ၁။ စတိုဝန်ထမ်း (ဘွဲ့ရ) | မ (၂) ဦး |
| ၂။ မော်တာစက်ချုပ် | မ (၃) ဦး |

လျှောက်ထားလိုသူများသည် ဓါတ်ပုံ(၂)ပုံ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ ရဲစခန်းထောက်ခံစာ၊ ရပ်ကွက်ထောက်ခံစာ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်း မိတ္တူ၊ C.V Form တို့နှင့်အတူ အောက်ပါလိပ်စာသို့ ကြော်ငြာသည့်နေ့မှ (၂)ပတ်အတွင်း လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

**Golden Five Trading Co., Ltd.**

တတိယထပ်၊ ညာဘက်ခန်းမ၊ သီရိမင်္ဂလာဈေးဟောင်း၊ ကမ်းနားလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

**Ph: 212355, 212202**


AUTRON
နားကြားကိရိယာ

AUTRON (Siemens Audiology Group)မှနားလေးသူမိဘပြည်သူများအားနားလေးနှုန်းတိုင်းပေးပြီးမိမိနှင့်ကိုက်ညီသည့်(နားအတွင်းထည့်၊နားနောက်ချိတ်၊အိပ်ဆောင်)နားကြားကိရိယာအမျိုးမျိုးကိုမိမိနားလေးနှုန်းအတိုင်းFittingပြုလုပ် ဝယ်ယူနိုင်ပါသည်။ဝယ်ယူပြီးနားကြားကိရိယာများကိုပြန်လည်စစ်ဆေးပေးခြင်း၊နားကြားကိရိယာပြုပြင်ခြင်း၊နားကြားကိရိယာ နှင့် ပတ်သက်သည့် အပိုပစ္စည်းအမျိုးမျိုး တို့ကိုတစ်နေရာတည်းရရှိနိုင်ပါသည်။Siemens ၏နောက်ဆုံးပေါ်နားကြားကိရိယာမျိုးစုံကိုလည်း ဈေးနှုန်းချိုသာစွာဖြင့် တစ်နေရာတည်းတွင် ရရှိနိုင်ပါသည်။

# ကျေးလက်လူငယ်များစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဒက္ခိဏသီရိမြို့နယ်တွင်ဖွင့်လှစ်

**နေပြည်တော် မတ် ၁၇**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာအုပ်စု၊ ကျေးရွာ ၂၈ ရွာအတွင်းရှိ ဒေသခံများအတွက်ကျေးလက်လူငယ်များစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းအား မတ် ၁၆ရက် မွန်းလွဲ ၁ နာရီက ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးဦးညီညီမှ အဖွင့်အမှာစကားပြောကြားပြီး ဒက္ခိဏခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးမျိုးတင့်မှသင်တန်းဖွင့်လှစ်ရခြင်း သင်တန်းတွင်ပို့ချရမည့် ဘာသာရပ်များနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာနနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ ပို့ချသွားမည့် ဘာသာရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာတင်အောင်၊ ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဌေး၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးအောင်နိုင်နှင့်သင်တန်းသားသင်တန်းသူ ၅၀ဦး တက်ရောက်ခဲ့ပြီး ယခုဖွင့်လှစ်သည့်သင်တန်းအား မတ် ၁၆ ရက်မှ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်ကာ သင်တန်းသား၊ သင်တန်းသူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီမှ စာအုပ်များနှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့ကြောင်းသိရသည်။

**ကိုကိုရူပ(နေပြည်တော်)**

# ရေအေးချောင်းကူးတံတားပြီးစီး

**မော်လူး မတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးနှင့် လေးတန်းရိုးကျေးရွာသို့ ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ရေအေးချောင်းတံတားအား ကျောက်စီ သစ်သားခင်းတံတားအဖြစ် ဖေဖော်ဝါရီ ၁၅ ရက်မှ လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ မတ် ၁၅ ရက်တွင် ဆောက်လုပ်ပြီးစီးခဲ့ကြောင်းသိရသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းမပေါ်ရှိ ရေအေးချောင်းတံတားသည် အရှည်ပေ ၄၀၊ အကျယ် ၁၅ ပေ၊ အမြင့် ၁၅ ပေ၊ လက်ရန်းတိုင်အမြင့် သုံးပေခွဲရှိကာ အောက်ခံတိုင်အဖြစ် ကျောက်စီပြီး သစ်သားခင်းတံတားဖြစ်သည်။

ကုန်ကျငွေမှာ သိန်း ၅၀ခန့်ဖြစ်ပြီး တံတားဆောက်လုပ်ရာတွင် ဒေသခံကျေးရွာသူ၊ ကျေးရွာသားများ၏ လုပ်အားဒါနဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

ယင်းဆောက်လုပ်ပြီးစီးသွားသည့် ရေအေးချောင်းတံတားကို မတ် ၁၅ ရက်က အင်းတော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။ **(မြ၅)**

# မွန်ပြည်နယ်နေ့အခမ်းအနားကို မြို့နယ်သုံးမြို့နယ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

**မွန် မတ် ၁၇**

မတ်၁၉ ရက်တွင်ကျရောက်မည့်(၄၁) နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနားကို မြို့နယ်သုံး မြို့နယ်တွင်မတ် ၁၈ ရက်မှ ၂၁ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ပွဲတော်ကိုမတ်လ ၁၈ ရက်ကနေစပြီးတော့ ကျင်းပသွားမှာပါ။မနက်ပိုင်းမှာ မော်လမြိုင်သာသနဗိမာန်တော်ကြီးတွင် မွန်ပြည်နယ်နေ့အထိမ်းအမှတ်အနေနဲ့ ဆရာတော်၊ သံဃာတော်များကို ဆွမ်းဆက်ကပ်လှူဒါန်းပါမယ်။ ညနေပိုင်းမှာတော့ ကမ်းနားလမ်းမှာ ဆောက်ထားတဲ့ အဆင့်မြင့် ဖျော်ဖြေရေးစင်မြင့်နဲ့ ရေပေါ်စားသောက်ဆိုင်ဖွင့်ပွဲလုပ်ပါမယ်။

"မွန်ပြည်နယ်နေ့အထိမ်းအမှတ် လူထုအခမ်းအနားကိုတော့ ၁၉ ရက်နေ့မနက်မှာ မုဒုံကဘောလုံးကွင်းမှာ ကျင်းပမှာပါ။ နေ့လယ်ပိုင်းမှာတော့ သံဖြူဇရပ် စက်စဲကမ်းခြေမှာ ဌာနဆိုင်ရာပြခန်းတွေ၊ ကုန်စည်ပြပွဲတွေ အားကစားပြိုင်ပွဲတွေနဲ့ တေးဂီတဖျော်ဖြေပွဲ တွေကိုလုပ်ပေးသွားမှာဖြစ်ပါတယ်။

အဲဒီနေ့မှာပဲ သံဖြူဇရပ် ဝဲကလိကျေးရွာက 21 Paradise သဘာဝရေပူစမ်း အပန်းဖြေစခန်းဖွင့်ပွဲကိုလည်း တစ်ခါတည်း လုပ်ဆောင်သွားပါမယ်" ဟု မွန်ပြည်နယ်မှ တာဝန်ရှိသူဝန်ကြီးတစ်ဦး ကပြောသည်။

ယခုနှစ် မွန်ပြည်နယ်နေ့ အခမ်းအနားကို မော်လမြိုင်၊ မုဒုံနှင့် သံဖြူဇရပ်မြို့နယ်တို့တွင် စည်ကားစွာပြုလုပ်သွားမည်ဖြစ်ပြီး ပွဲတော်ရက်မှာ မတ် ၁၈ ရက်မှ ၂၁ ရက်အထိဖြစ်ကြောင်းသိရသည်။

**ဆက်နေမင်းအောင်**



မတ် ၂၇ ရက်တွင် ကျရောက်မည့် နှစ် ၇၀ ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပျဉ်းမနား–တောင်ညိုလမ်း၊ ဆင်ရုပ်မီးပွိုင့်အနီးတွင် ကြိုဆိုရေးဆိုင်းဘုတ်အား ဂုဏ်ပြုစိုက်ထူထားသည်ကို မတ် ၁၅ ရက်က တွေ့ရစဉ်။ **ဆုထက်လှိုင်**

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

**မော်လူး မတ် ၁၇**

အင်းတော်မြို့နယ် မော်လူးဒေသတွင် ပူပြင်းခြောက်သွေ့သည့် နွေရာသီသို့ ရောက်ရှိလာပြီ ဖြစ်သည့်အတွက် မီးလန့်မှုများ၊ မီးလောင်မှုများ မဖြစ်ပွားစေရန် မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေးအတွက် ကျေးရွာအတွင်းရှိ လူနေအိမ်များ၊ ဈေးဆိုင်ခန်းများ၊ အလုပ်ရုံများ၊ စားသောက်ဆိုင်များကို မတ် ၁၄ ရက်မှ စတင် စစ်ဆေးလျက်ရှိသည်။

ထိုသို့မော်လူးဒေသ အရန်မီးသတ်တပ်ဖွဲ့ တပ်ခွဲမှူးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များမှ ရပ်ကွက်အသီးသီးသို့ စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်နေသကဲ့သို့ ညပိုင်းတွင် မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေးအတွက် အသိပညာပေးလျက်ရှိသည်။

ထို့ပြင် မော်လူးဒေသအရန်မီးသတ်တပ်ဖွဲ့သည် မော်လူးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းကာဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **မြ၅**


**အလင်းရောင်** 09421061860,421099405,421129597
မဟာသကြၤန်အတွက်အဆင့်မြင့်ပို့ဆောင်ရေးလုပ်ငန်း
www.alinyaungtravels.com
Yutong, Kinglong, Japan ကားကြီးများဖြင့် Mar 20/26/27, Apr 3/12/17 ထွက်မည်

| | | | | | |
|---|---|---|---|---|---|
| ရွှေစက်တော်၊ အင်္ဂတောက်တောင် | (ငြိမ်း) | 45000 | | | |
| ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး | (ငြိမ်း) | 70000 | + မန္တလေး၊ မေမြို့၊ မုံရွာ၊ စစ်ကိုင်း | (ငြိမ်း) | 70000 |
| ရွှေစက်တော်၊ ပုဂံ၊ တောင်ကြီး | (ငြိမ်း) | 95000 | + တောင်ကြီး၊ အင်းလေး၊ ဝင်းတယ | (ငြိမ်း) | 70000 |
| ရွှေစက်တော်၊ အင်္ဂလောင်းတော် | (ငြိမ်း) | 70000 | + တောင်ကြီး၊ အင်းလေး၊ မန္တလေး၊ မေမြို့ | (ငြိမ်း) | 90000 |
| ရွှေစက်တော်၊ ပုဂံ၊ မန္တလေး၊ မေမြို့ | (ငြိမ်း) | 95000 | + ထားဝယ်၊ ရှင်ကိုးရှင်၊ ဖော်လမြိုင် | (ငြိမ်း) | 110000 |
| ရွှေစက်တော်၊ ပုဂံ၊ မန္တလေး၊ မုံရွာ | (ငြိမ်း) | 105000 | + ထားဝယ်၊ ရှင်ကိုးရှင်၊ ကန်ချနာပူရီ | (ငြိမ်း) | 250000 |
| ပုဂံ၊ ပုပ္ပါး၊ တောင်ကြီး၊ အင်းလေး | (ငြိမ်း) | 80000 | + မန္တလေး၊ လားရှိုး၊ မူဆယ်၊ ရွှေလီ | (ငြိမ်း) | 110000 |
| ပုဂံ၊ ပုပ္ပါး၊ မန္တလေး၊ မေမြို့ | (ငြိမ်း) | 80000 | | | |



## ကုမ္ပဏီဝန်ထမ်းအလိုရှိသည်

ဆေးပစ္စည်းများကို နိုင်ငံတစ်ဝန်းဖြန့်ချိရန်အတွက် စိတ်အားထက်သန်စွာ ရေရှည်တာဝန်ယူဆောင်ရွက်နိုင်သော ဝန်ထမ်းကောင်းများ အလိုရှိသည်။ လစာကောင်းမည်။

1. Medical Product Assistant - (M/F 5p)
   M.B.B.S,U-30y/o,
2. Medical Product Specialist - (M/F 5p)
   B.Med Tech (Lab) U-30y/o
3. Medical Representative - (M/F 5p)
   B Pharm U-30y/o
4. Sales and Marketing - (M/F 10p)
   ဘွဲ့ရအသက်(၃၀)နှစ်အောက်(B.N.Sc in preferred)
5. Computer Operator - (F 4p)
   ဘွဲ့ရအသက်(၃၀)နှစ်အောက်၊
   Computer(MS Word+Excel) ကျွမ်းကျင်သူ
6. Packing & Delivery - (M/F 5p)
   အထက်တန်းအောင်၊ အသက်(၃၀)နှစ်အောက်
7. Driver - (M/F 5p)
   အသက်(၃၅)နှစ်အောက်၊ လိုင်စင်သက်တမ်းအနည်းဆုံး(၃)နှစ်

စိတ်ဝင်စားသူများ ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ ရဲစခန်း ထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်တို့၏ မိတ္တူကို CV Form နှင့်အတူ တွဲ၍ အမှတ်-၉၉(ခ)၊ အခန်း(၃၀၆)၊ မြေနုလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့သို့ (တနင်္လာနေ့ မှ စနေ-နေ့) ရုံးချိန်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။








## ရောင်းမည်

သိန်း ၅၁၀ (ညှိနှိုင်း)
အသင့်ပြင်ဆင်ပြီး၊ တတိယအလွှာ (၁၃. ၅×၅၅)ပေ၊ 2 Bedroom, Korea ပါကေးနှင့် ကြွေပြားခင်းပြီး သစ္စာလမ်းနှင့် သံသုမာလမ်းဆုံအနီး။
Ph:09-73166680,09-5159822, 09-5141080

**မီးသတိပြု**



FAME **Nature-Q10®**
Coenzyme Q10-30mg
နှလုံးဆေး
TMR 011902(0516)
၂/၂၀၁၂ တဆထလ/(တိုး) ဝ၆၅၇
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME **Appletec®**
Quercetin 100 mg
ပန်းသီးဆေး
TMR 008206 (1115)
၂/၂၀၁၂ တဆထလ/(တိုး) ဝ၆၅၇
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

# အင်းတော်ကြီးဒေသ ငါးလုပ်ငန်းဦးစီးဌာနပိုင် ငါးသားဖောက် အဆောက်အအုံ ငါးမွှန်၊ ငါးသန်ပြုစုကန်များ တည်ဆောက်

**မိုးညှင်း မတ် ၁၇**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ မမုံကိုင်ကျေးရွာအုပ်စု မမုံကိုင်ကျေးရွာ ငါးလုပ်ငန်းဦးစီးဌာနပိုင် ငါးသားဖောက်စခန်းမြေနေရာတွင် သဘာဝငါးသယံဇာတ ပေါများကြွယ်ဝရေးအတွက် ငါးသားဖောက်အဆောက်အအုံ ငါးမွှန်၊ ငါးသန် ပြုစုရေးကန်များ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အင်းတော်ကြီးအင်းတွင် သဘာဝဒေသမျိုးရင်း ငါးမျိုးစိတ်များ ပေါများကြွယ်ဝလာစေရေး၊ ဒေသခံပြည်သူများကို ငါးရိက္ခာပိုမိုဖြည့်ဆည်းပေးနိုင်ရေးနှင့် ဒေသတွင်း ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပြီး ငါးသားဖောက်အဆောက်အအုံ၊ ငါးမွှန်၊ ငါးသန်အစရှိသည့် ငါးမျိုးစိတ် ၁၅ မျိုးခန့်ကို ပြုစုစောင့်ရှောက်ပြီး မွေးမြူနိုင်ရန်အတွက် ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ အင်းတော်ကြီးအင်းထဲမှာ သဘာဝငါးသယံဇာတတွေ ပိုမိုပေါများလာပြီးတော့ နှစ်စဉ်ငါးထုတ်လုပ်နိုင်မှုတွေ ပိုမိုတိုးတက်မြင့်မားလာအောင် ဆောင်ရွက်နေတာပါ။ ဒီလိုငါးထုတ်လုပ်နိုင်မှု ယခုထက် ပိုမိုတိုးတက်လာရင် ဒီအင်းကြီးကို အမှီပြုပြီး တံငါလုပ်ငန်းကို လုပ်ကိုင်နေကြသူတွေအတွက် ဝင်ငွေတိုးတက်လာမယ်။ နောက်ပြီးတော့ ဒီဒေသအနီးတစ်ဝိုက်က ငါးမွေးမြူတဲ့သူတွေ ဖားကန့်မြို့နယ်အထိပါမကျန် ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်လိုသူတွေကို လုပ်ကိုင်နိုင်အောင် ကျွန်တော်တို့ ငါးမွေးမြူရေးဌာနက ငါးသားပေါက်တွေကို စနစ်တကျ ဖြန့်ဖြူးရောင်းချသွားမှာပါ။ အင်းတော်ကြီးအင်းအတွက်ကတော့ ငါးသားပေါက်တွေကို အခမဲ့ နှစ်စဉ်လွှတ်ပေးနေပါတယ်။ အရင်နှစ်တွေက ငါးသားပေါက်တွေကို မီးရထား၊ မော်တော်ကားတွေနဲ့ သယ်ယူရတဲ့အတွက် ကုန်ကျစရိတ်လည်းများသလို ဆုံးရှုံးမှုလည်းများပါတယ်။ အခုလို ဒီဒေသ ဒီနေရာမှာ ကျွန်တော်တို့ ငါးမွေးမြူရေးလုပ်ငန်းက ငါးသားဖောက်အဆောက်အအုံနဲ့ ငါးမွှန်၊ ငါးသန် ပြုစုရေးကန်တွေကို တည်ဆောက်ပြီး ထုတ်လုပ်နိုင်မယ်ဆိုရင် ကုန်ကျစရိတ်လျော့နည်းပြီး ဆုံးရှုံးမှုလည်း နည်းပါးမယ်။ ဒေသတွင်း ငါးမွေးမြူရေးလုပ်ကိုင်နေသူတွေဆီကိုလည်း တိုက်ရိုက်ဖြန့်ဖြူးပေးနိုင်မှာဖြစ်တဲ့အတွက် ဒေသအကျိုးကိုလည်း များစွာဖြစ်ထွန်းစေမှာပါ" ဟု အင်းတော်ကြီးဒေသ ငါးလုပ်ငန်းဦးစီးဌာန တာဝန်ခံ ဦးပြည့်ဖြိုးဇော်က ပြောသည်။



ငါးသားဖောက်အဆောက်အအုံ ငါးမွှန်၊ ငါးသန်ပြုစုရေးကန်များအားတည်ဆောက်နေခြင်းကို အချိန်နှင့်တစ်ပြေးညီ ပြီးစီးနိုင်ရေးအတွက် အင်းတော်ကြီးဒေသ ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းအဆောက်အအုံပြီးစီးပါက ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း၊ ငါးခုံးမကြီး၊ မြက်စားငါးကြင်း၊ ငါးဒိန်းစသော ဒေသရင်းငါးမျိုးစိတ်ပေါင်း ၁၅ မျိုးတို့ကို သားဖောက်ထုတ်လုပ်ပြီး အင်းတော်ကြီးအင်းအပြင် ဒေသတွင်း ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်လိုသူများသို့ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(ဝ၅၈)**

# ဂန့်ဂေါမြို့နှင့် ကလေးမြို့နယ်စပ်ကျေးရွာများအတွက် ကျေးလက်လမ်းဖောက်လုပ်

**ဂန့်ဂေါ မတ် ၁၇**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်ရှိ ဟံသာဝတီကျေးရွာနှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် အင်းကျွန်း၊ ကျောက်ပြုတ်ကျေးရွာများသို့ ဆက်သွယ်သွားလာနိုင်သည့် ကျေးလက်ကျောက်ချောလမ်း ၃ မိုင် ၂ ဖာလုံကို နိုင်ငံတော်ခွင့်ပြုငွေကျပ် ၁၃၁ ဒသမ ၁၃၉ သန်းဖြင့် ဂန့်ဂေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် တင်ဒါအောင်မြင်သည့် ဟိုတယ်သီပေါကုမ္ပဏီက ဖောက်လုပ်နေကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်၊ ဂန့်ဂေါခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဇင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်တို့နှင့် တာဝန်ရှိသူများသည် ပြီးခဲ့သည့်ရက်သတ္တပတ်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ကလေးမြို့နယ် အင်းကျွန်း၊ ကျောက်ပြုတ်နှင့် ပတ်ဝန်းကျင်ရှိကျေးရွာဒေသများသည် စပါးအပြင် ပဲ၊ နှမ်းစသည်တို့ကို စိုက်ပျိုးကြရာ ကျေးလက်လမ်းဖောက်လုပ်ခြင်းဖြင့် ဒေသထွက်ကုန်သီးနှံများကို ဂန့်ဂေါ-ကလေး ရထားလမ်းနှင့် ကားလမ်းပေါ်တွင်ရှိသည့် ဟံသာဝတီကျေးရွာသို့ လွယ်လင့်တကူ ပို့ဆောင်နိုင်မည်ဖြစ်သည်။ယင်းအပြင် ဟံသာဝတီရွာသို့ ဆက်သွယ်သွားလာနိုင်သည့်အတွက် ပညာရေး၊ ကျန်းမာရေးတို့အတွက်ပါလွယ်ကူချောမွေ့စေမည်ဖြစ်သည်။ **(၄၆၅)**

# ကျေးရွာစာကြည့်တိုက်များအတွက် Sky Net ရုပ်သံဖမ်းစက်များထောက်ပံ့

**မြင်းမူ မတ် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေဖြင့် ကျေးရွာစာကြည့်တိုက်များအတွက် ထောက်ပံ့သော Sky Net ရုပ်မြင်သံကြားဖမ်းစက်များ ပေးအပ်ပွဲအခမ်းအနားကို မတ် ၁၄ ရက်က မြင်းမူမြို့ ရွှေပြည်သစ်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဇော်က ဂုံညင်းဆိပ်ကျေးရွာ၊ သမ္မတောကျေးရွာနှင့် ပဲတောင်း(တ)ကျေးရွာရှိ ကျေးရွာစာကြည့်တိုက်သုံးတိုက်အတွက် Sky Net ရုပ်မြင်သံကြားဖမ်းစက်သုံးစုံပေးအပ်ခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးရန်ပုံငွေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း မြင်းမူမြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်ငါးတိုက်အတွက် Sky Net ရုပ်မြင်သံကြားဖမ်းစက်ငါးစုံနှင့် ကျေးရွာစာကြည့်တိုက်နှစ်တိုက်အတွက် 32" SAMSUNG LED ရုပ်မြင်သံကြားပြစက်နှစ်လုံးကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြင်းမူမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က အမှာစကားပြောကြားပြီး မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဦးယဉ်မင်းအောင်က ကျေးလက်နေပြည်သူများ စာဖတ်ခြင်းအပြင် ရုပ်သံအစီအစဉ်များကြည့်ရှုခြင်းဖြင့် အသိပညာ၊ ဗဟုသုတများ တိုးပွားနိုင်ပြီး သတင်းအချက်အလက်များကိုလည်း သိရှိနိုင်စေရန် Sky Net ရုပ်မြင်သံကြားဖမ်းစက်များ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

**အောင်စိုးဖေ**

၂၀၁၅ သင်္ကြန် BALI + SINGAPORE တို့ ဒီ နဲ့ GO ပြီ
HAPPY TRIP...
April-13~17 Only $-1500
ကိုရီးယား (8D/7N) USD-1980 April-13~20
ပထားဒို - ဟောင်ကောင် (8D/7N) April-13~20 USD-1750
ဂျပန် (9D/8N) USD-2700 April-12~20
ဘာလီ + စင်ကာပူ (7D/6N) April-13~19 USD-1500
ကူပင်း - ပေကျင်း - ရှန်ဟိုင်း (8D/7N) April-12~19 USD-1700
စင်ကာပူ (5D/4N) April-13~17 USD-990
အမှတ် (၁၀၉)၊ (ပ) ထပ်၊ စဉ့်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်။ 01-378 503, 378 127, 250 734

ရွှေနဂါး
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
209077, 209388, 09-73167000

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

COHABO
ချောင်းသာ/ငွေဆောင်
စရိတ်ငြိမ်း-80000
Ph-09 731 61773
09 516 1773

B.L.T Travels
သင်္ကြန်အထူးခရီးစဉ် Apr12
140000
09-73163538, 09-31785622

Trumpet Travels & Tours
Pa(3) Padonmar Street, Sanchaung Township, Yangon.
"March လဆန်းပိုင်နှင့် April လ သင်္ကြန်အထူးခရီးစဉ်များ"
March 26/April 12
March 26/April 12
April 12
April 4
Hot Line- 09 250021676, 09-5182767,09 43089536

Myanmar El Dorado Paradise
(MEP) Travel & Tour
ဗန်ကောက် - ပတ္တရား(၃ည ၄ရက်) (13 ApriL) 360 USD
စင်ကာပူ (၃ည၄ရက်) (13 ApriL) 600 USD
March 25 နောက်ဆုံးထားပြီး စာရင်းပေးသွင်းပါနော်
Phone
01-505929 , 01-521963,
09254774773, 0973174886
အထူးဈေးနှုန်း

SAMPAR Oo
soft drink
"တစ်ကာဒ် ဝယ်လျှင် တစ်ကာဒ် လက်ဆောင်"
မြန်မာ့နှစ်သစ်အကြို အထူးပရိုမိုးရှင်း
စမ္ပာဦး အချိုရည်ကို အစဉ်အမြဲဝယ်ယူအားပေးခဲ့ကြသော မိတ်ပြည်သူများအား ကျေးဇူးတုံ့ပြန်သောအားဖြင့် ၂၀၁၅ ခုနှစ်၊ မတ်လ (၁) ရက်နေ့မှစ၍
"တစ်ကာဒ် ဝယ်လျှင်တစ်ကာဒ် လက်ဆောင်"
အထူး အစီအစဉ်ဖြင့် စတင်ရောင်းချပေးနေပြီ ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။
Mandalay Hotline-
09-421096037, 09-421096038

## ကြော်ငြာ

## UNIQUE STAR TRAVELS

ဥရောပ(အင်္ဂလန်) Apr:7,9,12,13 ($ 3900)
အမေရိကား Apr:8 ($4400)
ဩစတြေးလျ Apr:11,12 ($ 3400)
ဟောင်ကောင်၊မကာအို Apr:12 ($ 1900)
ပေကျင်း+ရှန်ဟိုင်း+ ဟောင်ကောင် Apr:11,12 ($ 1900)
ကိုရီးယား Apr:11,12 ($ 2300)
ဂျပန် Apr:9,10,11,12,13 ($ 2300)
ကမ္ဘောဒီးယား၊ဗီယက်နမ် Apr:11 ($ 1300)
စင်ကာပူ၊မလေးရှား Apr:13 ($ 1300)

ဗန်ကောက်၊ပတ္တရား (6)D[ Dream/Safari World, Emerald Buddha, Byoke Sky / Cruise Dinner, Tiger Zoo, Nong Nooch Garden, Alcaza Show, Ayutthaya]Mar:21,28/Apr:10,11,12,13,14,17,25 ($300)
ဗန်ကောက်၊ဖူးခက် (6)D [ PhiPhi / James Bond Island, Fantasy Show ] Mar : 28 / Apr : 11,12,13,14 ($500)
ဗန်ကောက်၊ချင်းမိုင် (6)D Mar: 21 / Apr: 11 ($500)
ဗန်ကောက်၊ဖူးခက်၊ချင်းမိုင် (8)D Mar: 21 / Apr: 11 ($700)
ဖူးခက် (4)D Mar: 28 / Apr: 10,11,12,13,18 ($300)
ချင်းမိုင် (4)D Mar: 28 / Apr: 13,14 ($300)
ကွမင်း၊သလီ၊လိကျန်း၊ရှန်ဂရီလာ (6) Mar:14,28/Apr:11,12 ($400)

70/A,Kabaaye Pagoda Rd,Bahan.8604964, 8604965, 8604966, 708353, 705723, 0973109133, 0973109144, 0973109155, 0973109166

## UNIQUE TRAVELS & TOURS CO.,LTD

| | | |
|---|---|---|
| တောင်ကြီး | Mar: 26 / Apr: 11,12,13,18 | (185,000) |
| ပုဂံ၊တောင်ကြီး | Apr: 12 | (250,000) |
| ပုဂံ(စွယ်တော်လေးဆူ) | Mar: 26 / Apr: 12,13 | (185,000) |
| ပုဂံ၊မန္တလေး | Mar: 26 / Apr: 12,13 | (185,000) |
| ပုဂံ၊ရွှေစက်တော် | Mar: 26 / Apr: 12,13 | (185,000) |
| ချောင်းသာ | Apr:8 (Hotel Max) | (90,000) |
| ငပလီ | Daily (Merciel Hotel & Resort) | (280,000) |
| ငွေဆောင် | Daily | (80,000) |

## ပညာနန္ဒာတော် နွေနေ့ကျောင်းကြီး

### နွေ ၃-လ အထူး မတ် ၉-ရက် ဖွင့်မည်။

**နွေနေ့ကျောင်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်** နွေကျောင်းပိတ်ရက် ၃-လအတွင်း ဘာသာစုံ ၆-ဘာသာစလုံး၏ ပြဋ္ဌာန်းချက်မှ ရွေးပိုင်းသင်ခန်းစာများကို ကြေညက်စွာ သင်ကြားလေ့ကျင့်ပေးပါမည်။ ဤသို့ ကြိုတင်ပြင်ဆင် သင်ယူထားခြင်းအားဖြင့် ဇွန်လတွင် ကျောင်းကြီးဖွင့်သည့်အခါ စာလိုက်နိုင်သော ကျောင်းသား/သူတစ်ယောက် ဖြစ်လာပါမည်။ ဤသို့ နှစ်စတွင် စာလိုက်နိုင်လျှင် တစ်နှစ်လုံးပင် စာလိုက်နိုင်ပြီး၊ စာပျော်၊ စာတော်သော ကလေးတစ်ဦး ဖြစ်လာပါမည်။ နှစ်စကတည်းက စာမလိုက်နိုင်ပါက လည်း တစ်နှစ်လုံးတွင် စာအခက် ကြုံတတ်ပါသည်။ ဂိမ်းခေတ်၊ အင်တာနက်ခေတ်၊ မော်ရုံတောကြီးခေတ်တွင် ကျောင်းသားနှင့်ကျောင်းစာသည် အဆက်မပြတ် ထိတွေ့ သင်ကြားနေမှသာ ပညာရေးကို အာရုံ စူးစိုက်နိုင်ပေလိမ့်မည်။ ဤအကြောင်းကြောင့် **ဘယ်ကျောင်းကြီးမှာပဲတက်တက် နွေရာသီမှာတော့ ပညာနန္ဒာတော် နွေနေ့ကျောင်းကို တက်ဖြစ်အောင် တက်သင့်ပြီ။**

**ဖွံ့ဖြိုးရေး** ကွန်ပျူတာ၊ ပန်းချီနှင့် ကရာတေးဒို (စနေ၊ တနင်္ဂနွေ)။
တတိယတန်းမှ အဋ္ဌမတန်းအထိ ကျောင်းသား/သူများအား တစ်ဦးလျှင် Laptop တစ်လုံးစီဖြင့် ကွန်ပျူတာ သင်ကြားရေးကို တစ်ပတ်လျှင်တစ်ချိန် ပုံမှန်အတန်းချိန်တွင် သင်ကြားပေးမည်။

**ပညာရည်ချွန်ဆု** ကျောင်းအသီးသီးတွင် နဝမတန်းနှစ်ဝက်စာမေးပွဲ၌ အဆင့် ၁ မှ ၅ အထိ ရရှိခဲ့သူများအား အခမဲ့ ပညာတော်သင်ဆု ချီးမြှင့်ပါမည်။

**ကျောင်းစည်းကမ်း** ကျောင်းဝတ်စုံ ဖြူစိမ်းကိုသာ ဝတ်ဆင်ရမည်။ ပြဋ္ဌာန်းထားသောကျောင်းစည်းကမ်းများကို တိကျစွာလိုက်နာရမည်။

ပညာရေးဝန်ကြီးဌာန မှတ်ပုံတင်နံပါတ် ကက-၁၃/၀၉/၀၁၀
စာရိတ္တ၊ စည်းကမ်း၊ ပညာ တွင် စံပြ
ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)
သမိုင်းတံခွန် ဦးထွန်းနွယ်
ပညာရွှေရောင်လင်း
နေမင်းတံဆိပ်တော်
ဦးစီးတည်ထောင်သော

# ပညာနန္ဒာတော်
## အ.ထ.က

### ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ

ဘော်ဒါ ၈တန်း၊ ၉တန်း၊ ၁၀တန်း
၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ဘော်ဒါဆောင်နေရာပြည့်ပါပြီ
**အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးဘော်ဒါ**
- အဆောင်မှူး (ဘွဲ့ရ) ဆရာ ဆရာမများ အလိုရှိပါသည်။

## ပညာနန္ဒာတော် နွေနေ့ကျောင်းကြီး

**ကျောင်းဖွင့်ရက်** တနင်္လာမှ သောကြာ ••• မတ် ၉-ရက်မှ မေ ၃၁-အထိ

| အတန်း | ကျောင်းချိန် | ကျောင်းလခ | ဝင်ကြေး |
|---|---|---|---|
| သူငယ်တန်း | နံနက် ၈း၃၀ မှ ၁၁း၄၅ နာရီ | ၃၅၀၀၀ ကျပ် | မရှိ |
| ၁-တန်း | ॥ | ၃၅၀၀၀ ကျပ် | ॥ |
| ၂-တန်း | ॥ | ၃၅၀၀၀ ကျပ် | ॥ |
| ၃-တန်း | ॥ | ၄၀၀၀၀ ကျပ် | ॥ |
| ၄-တန်း | ॥ | ၄၀၀၀၀ ကျပ် | ॥ |
| ၅-တန်း | ॥ | ၄၀၀၀၀ ကျပ် | ॥ |
| ၆-တန်း | ॥ | ၄၀၀၀၀ ကျပ် | ॥ |
| ၇-တန်း | ॥ | ၄၀၀၀၀ ကျပ် | ॥ |
| ၈-တန်း | ॥ | ၄၅၀၀၀ ကျပ် | ॥ |
| ၉-တန်း | ॥ | ၅၀၀၀၀ ကျပ် | ॥ |
| ၁၀-တန်း | ॥ | ၆၀၀၀၀ ကျပ် | ॥ |

- ကျောင်းလခကို လစဉ် လဆန်း (၅)ရက်အတွင်း ပေးသွင်းရပါမည်။
- ပုံမှန်နေ့ကျောင်းကြီးကိုလည်း ဤလခ အတိုင်းသာ ယူပါမည်။
- ပုံမှန် နေ့ကျောင်းကြီး၌ အချိန်ပြည့် စာသင်ချိန်မှာ တစ်နေ့ (၅) နာရီ ဖြစ်သည်။

**နွေနေ့ကျောင်းကို မတ် ၉ - ရက်ဖွင့်မည်။**
**ပုံမှန်နေ့ကျောင်းကြီးကို ဇွန် ၁ - ရက်တွင် ဖွင့်ပါမည်။**

ခြံအမှတ် 118 A/B ကျွန်းရွှေမြိုင်လမ်း၊ VIP-1 ရပ်ကွက်၊ ဗိုလ်ချုပ်ရွာ၊ သုဝဏ္ဏ၊ ဖုန်း 01-577 605 **ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိသည်** ကျောင်း - A-2, A-3 (တက်လမ်း)၊ သံသုမာလမ်း၊ သုဝဏ္ဏ၊ ဖုန်း 09 73036827, 09 47074649

ရန်ကုန်မြို့၏အစည်ကားဆုံး SHOPPING AREA တွင် ထူးခြားခမ်းနားစည်ကားစွာ ကျင်းပမည့် ပြပွဲကြီး

## သင်္ကြန်အကြို ကုန်စည်ပြပွဲကြီး

## Junction Square

ရေပန်းဇရိယာ

၂၇.၃.၂၀၁၅ မှ ၃၀.၃.၂၀၁၅
နံနက် (၉) မှ ည (၉)နာရီ

ပြခန်းစုံစမ်းရန်
**Smart Group**
Ph: 01-656875
01-667473
09-73014777

THE UNIVERSITY OF NORTHAMPTON

# DBA
Doctor of Business Administration

Top 50 UK Business School*

* Gurdian University Guide 2013-2014

MIC
Myanmar Imperial College

## Myanmar Imperial College

### မှ ဂုဏ်ယူလေးစားစွာအသိပေးအပ်ခြင်း

မြန်မာနိုင်ငံ၏အရှိန်အဟုန်မြင့် ဖွံ့ဖြိုးတိုးတက်လာမှုများအတွက် တစ်ဖက်တစ်လမ်းမှ စွမ်းစွမ်းတမံ ပါဝင်ထမ်းဆောင်ပေးလျက်ရှိသော အနာဂတ်ခေါင်းဆောင်များအတွက် အထူးရည်ရွယ်၍ The University of Northampton (UK) မှတိုက်ရိုက်ချီးမြှင့်မည့် Doctor of Business Administration - DBA ကို Northampton University နှင့် Myanmar Imperial College တို့ပူးပေါင်း၍ မြန်မာပြည်တွင်ပထမဆုံးစတင်ဖွင့်လှစ်တော့မည်ဖြစ်ပါကြောင်း ဂုဏ်ယူလေးစားစွာအသိပေးအပ်ပါသည်။

**April Intake!**




MIC Myanmar Imperial College
No. 62 (C), Inya Road, Kamayut Township, Yangon, Myanmar.
09 732 10001 / 09 4211 00222

မစ္စတာမြန်မာ ခရီးသွားဝန်ဆောင်မှုကုမ္ပဏီ
Mr. Myanmar
9D8N (11 - 19 April) Japan USD 3200
6D5N (12 - 17 April) Bangkok USD 760

TEL: 228828, 09799753144, 09799753155

သင်္ကြန်ခရီးစဉ်များ
APR 13 / APR 12 / APR 13 / APR 13
09-423 743 233
09-421 014 940
01-653575 (Ext:211)

420144148, 421153797

လူ့ဒါန်းရန်၊ လက်ကားဖြန့်ချိရန်နှင့်ကုန်ပစ္စည်း Promotion လက်ဆောင်ပေးရန် ဒီဇိုင်းစုံ၊ ရောင်စုံ အိတ်မျိုးစုံကို စက်ရုံတိုက်ရိုက်စျေးနှုန်းဖြင့်ရရှိနိုင်ပါသည်။
အမှတ် (10)A ၊ မြေညီထပ်၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ Ph-01-200133/392216

(၁)စုံ - 1500 Ks | (၁)လုံး- 1650 Ks | (၁)လုံး- 1350 Ks | (၁)လုံး- 600 Ks | (၁)လုံး- 1000 Ks
(၁)လုံး- 1500 Ks | (၁)လုံး- 2900 Ks | (၁)လုံး- 3500 Ks | (၁)လုံး- 3500 Ks | (၁)လုံး- 1500 Ks

# အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်အတွင်းရှိ မြို့နယ်များမှ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် အသုံးပြုရန် လိုအပ်သော လမ်းခင်းကျောက်ရွယ်စုံအား မြို့နယ်အလိုက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**အိတ်ဖွင့်တင်ဒါအမှတ် အမှတ်(၁) (၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်)**

၁။ တင်ဒါပိတ်မည့် ရက်/အချိန် - ၃၁-၃-၂၀၁၅ ရက်၊ ၁၆နာရီ
၂။ တင်ဒါဖွင့်မည့် ရက်/အချိန် - ၁-၄-၂၀၁၅ ရက်၊ ၉း၃၀နာရီ
၃။ တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တောင်ကြီးမြို့။ ဖုန်း-၀၈၁-၂၁၂၁၁၄၂
၄။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

ပိုင်ရှင်ကိုယ်တိုင်ငှားမည်။
- ဓမ္မစေတီလမ်းသွယ်၊ဗဟန်း၊ ( 70' x 90' ) ၊ 2RC ၊ MBR (1) ၊ BR(4)၊ Air Con (5)၊ Ph (1)၊ အဆင်မြင့်ပြင်ပြီး။ 5000$ / Month
Ph 09-254 808 667

FT Consulting
ခိုင်မာသော စီးပွားရေး တိုးချဲ့မှုအတွက်လမ်းစ

အာရှပစိဖိတ်သာမက နိုင်ငံတကာ Brand များနှင့် စီးပွားရေးစတင်တိုးချဲ့လုပ်ကိုင်ဖို့ စဉ်းစားနေတယ်ဆိုရင် FT Consulting (အကြံပေးကုမ္ပဏီ) အကူအညီဖြင့် အခုပဲစတင်လိုက်ပါ။

FT Consulting (အကြံပေးကုမ္ပဏီ)သည် -

- ၁၉၉၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး နိုင်ငံတကာနှင့် ချိတ်ဆက်လုပ်ကိုင်နေသော စီးပွားရေးမဟာဗျူဟာ အကြံပေးလုပ်ငန်း (Strategic Business Consulting Firm) ဖြစ်ပါသည်။
- စီးပွားရေးနယ်ပယ်စုံတွင် အတွေ့အကြုံရင့်ကျက်သော အကြံပေးအတိုင်ပင်ခံ ၂၀ ဦးနှင့် ဖွဲ့စည်းထားပါသည်။
- နိုင်ငံတကာ Brand များထံမှ လုပ်ငန်းလုပ်ကိုင်ခွင့်ရယူခြင်း (Franchising)၊ စီးပွားရေး ညှိနှိုင်းစေ့စပ်ပေးခြင်း (Business Matching) နှင့် အကြံပေးခြင်း (Consulting) ဝန်ဆောင်မှုများကို အထူးဆောင်ရွက်ပေးပါသည်။
- အစားအသောက်နှင့် ဖျော်ဖြေရေးလုပ်ငန်း၊ ပညာရေးနှင့် သင်တန်းများ၊ ဖက်ရှင်ဒီဇိုင်း ဖြန့်ချိမှုနှင့် အခြားလုပ်ငန်းများကိုလည်း ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

အသေးစိတ် စုံစမ်းမေးမြန်းလိုပါက အောက်ပါလိပ်စာသို့ ဆက်သွယ်နိုင်ပါသည်။

အမှတ် - H၊ ကန်ရိပ်မွန်အိမ်ရာ၊ လှိုင်မြင်းမိုရ်ကန်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့
Mobile: 09 253060670, 09 972603093
Email: sawkedopo@consultft.com
Website: www.consultft.com


apple® Ginseng Silky Hair Coat
FDA မှ အလှကုန် ထုတ်လုပ်ခြင်း
ထောက်ခံချက်အမှတ် - 1309 PC 0021

အဖိုးတန်ဂျင်ဆင်းမြစ်နှင့် ဗီတာမင်အီးတို့၏ အစွမ်းကြောင့် ဆံပင်နီခြင်း၊ ဆံပင်နှစ်ခွဖြစ်ခြင်း၊ ဆံသားပျက်စီးခြင်းများကို ပြန်လည်ကောင်းမွန်စေပါသည်။ နေ့စဉ်ပုံမှန် လိမ်းပေးခြင်းဖြင့် ဆံပင်သားကို ပိုးသားကဲ့သို့ နက်မှောင်တောက်ပစေပါသည်။

ရန်ကုန် (ရုံးချုပ်) - အမှတ် (A/၂၉) ၊ ဦးဝိစာရလမ်း၊ (၃၄) တိုးချဲ့ရပ်ကွက်၊ မြောက်ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့၊
ဖုန်း - (၀၁) ၅၈၁၃၉၃၁၊ ၅၈၁၈၈၆၊ ၅၈၁၈၄၄ (၀၉) ၈၆ ၁၈၀၈၁၊ ၄၉ ၃၁၆၄၀၈
မန္တလေး (ရုံးခွဲ) - အမှတ် (၅၀/၅၁)၊ တတ (၁၂)၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့၊
ဖုန်း - (၀၂)၅၁၅၂၃၂၀၊ ၅၁၅၂၃၂ (၀၉) ၅၀ ၂၀၄၈၉

ကျီးပေါင်းရောဂါဆိုလျှင် ကြို့ပင်ကောက်မြို့ သမားတော်ကြီး ဦးရဲမြင့် ၏
ရွှေသမင် ကျီးပေါင်းရောဂါ
အမှတ်တံဆိပ်
သောက်ဆေး၊ လိမ်းဆေး၊ အထူးအုံဆေး (ကြပ်ထုပ်ဆေး)ကို သတိရလိုက်ပါ။

ပင်ရင်း – အမှတ် (၇၆) ပန်းတင်လမ်း၊ ကြို့ပင်ကောက်မြို့။ ဖြန့်ချိရေး – အမှတ် (၂) ကန်သာယာလမ်း၊ ၃ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း ၀၁ ၆၆၄၆၃၆

သမားတော်ကြီး ဦးရဲမြင့် ၏
ခြင်္သေ့ညီနောင် အကြောအားတိုးဆေး

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR 011337(0115)
အမှတ် (၂) ကန်သာယာလမ်း၊ ၃ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း၊ ၀၁ ၆၆၄၆၃၆

**ရွှေပြည်ဟိန်း ကုသိုလ်ဖြစ် ဆေးရုံ ဧပြီလ၊ ၂၅-၂၆၊ (၄၆)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

ဧပြီလ (၂၅၊ ၂၆)ရက်တွင် ဦးရေ(၅၉၀၀)ပြည့် ၄၆-ကြိမ်မြောက် မျက်စိခွဲစိတ် အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀ိ/-ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူက ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - **သီတဂူ ရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း ပြည်သာယာ၊ ရန်ကင်း၊** (ကျိုက္ကဆံစုပါဝမ်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း- ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉ ရွှေဂုံတိုင်ကမ္ဘောဇဘဏ် အရှင်ခေမာသီရိလင်္ကာရ (AccountNo.00730200701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။



သင်္ကြန်ကျောင်းပိတ်ရက်ရှည်မှာ " သားသား၊မီးမီး " တို့ပျော်ရွှင်မှုနှင့် အတွေ့အကြုံ ဗဟုသုတသစ်များ ရရှိခံစားစေဖို့ ✓**Nice Fare Travel** IATA နှင့်ခရီးသွားကြစို့ ....

✓ **စင်ကာပူ – မလေး** **** Hotel (7Night / 8 Day) ခရီးစဉ်
✓ **စင်ကာပူ – ဘာလီ** **** Hotel (7Night / 8 Day) ခရီးစဉ်

စင်ကာပူမှာ ကလေးများအကြိုက် Universal Studio ကစားကွင်း၊ River Safari , Graden by the Bay ,မလေးတွင် Genting High land ကလေးကစားကွင်း ၊ Sunway Langon နှင့် ဘာလီတွင် Uluwatu Sun Set ၊ Kecak Dance ၊ Tanah Lot Temple ၊ ဈေးဝယ်ရန်အတွက် Kuta Are နှင့်အခြားနေရာများ

✓ **ဟောင်ကောင်** ခရီးစဉ် (7Night / 8 Day) **** Hotel

Ngong Ping 360 , *Disney Land* ကလေးကစားကွင်း၊ Repluse Bay, *Ocean Park* ကလေးကစားကွင်း နှင့်အခြားနေရာများ

✓ **ဘန်ကောက် - ပတ္တရား** ခရီးစဉ် (5 Night / 6 Day) **** Hotel

ဘန်ကောက်တွင် ကလေးများအကြိုက် Dream World , Safari World Madame Tussauds , Siam Ocean World နှင့် Shopping ပတ္တရားတွင် Alcazar Show ,Coral Island ,Art in Paradise 3D Noong Tropial Garden နှင့်အခြားနေရာများ

သတိပြုရန် - ခရီးစဉ်တွင် MD , GM နှင့်အတွေ့အကြုံရှိဝါရင့် ဝန်ထမ်းများမှ အနီးကပ် ပြုစုစောင့်ရှောက်ပေးလျက် ရှိပါသည်။ ပြင်ပမှ အငှား Tour Leader မခေါ်ပါ ။ အကြောင်း အမျိုးမျိုးပြပြီး အခြား အပိုကြေးများလုံးဝ (လုံးဝ) မကောက်ခံပါ ။

ဟောင်ကောင်ခရီးစဉ်တွင် SAMSONITE အိတ်များလက်ဆောင်ပေးပါမည်။

ခရီးစဉ် အသေးစိတ် သိရှိလိုပါက- ၀၉၅၁၃၉၂၄၃ ၊ ၀၉၂၅၅၉၂၇၆၁၈ ၊ ၀၉၇၃၂၄၀၃၆၆



**Konica ရွှေရောင်** WEDDING DRESS PHOTO STUDIO

အမှတ်(၁၃၄)၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်တိုင်း မီးသတ်ရှေ့၊ ကျောက်တံတားမြို့နယ်။
Tel:01 256251, 01 372292



**မင်္ဂလာ** ဓါတ်ပုံ ၊ ဝတ်စုံ ၊ မိတ်ကပ်
**ဘွဲ့** ဓါတ်ပုံ ၊ ဝတ်စုံ ၊ မိတ်ကပ်

( ကျွန်တော်တို့ကြိုးပမ်းအားထုတ်နေတာ သင်လှဖို့ )



**ချို သင်္ကြန်မှာ ချိုနဲ့အတူ ခရီးသွားရအောင်..** ချိုနဲ့ခရီးသွားရတာ အရမ်းအဆင်ပြေတောင်းဆိုတဲ့?
မိတ်ဆောင်း/ထစ် များအတွက် အထူးစေတနာထုတ်လိုက်တဲ့ *ပုဒ္ဓဂါယာအသပဲလိုက်ပါခွင့်ကံစမ်းမဲ*
Restaurant,Hotel,VIP Tour Express - SCANIA (2+1, 2+2) ကားသစ်ကြီးများဖြင့်
သင်္ကြန်ခရီးစဉ်များအားလုံး 50% Discounts အားလုံးစရိတ်ငြိမ်း → **Apr-12/13/17**

**တောင်ကြီး–အင်းလေး–ပင်းတယ–ကလော–မွေတော်ကက္ကူ–ထမ်စမ်း**
(ကုံလုံဆရာတော်၏ထူးခြားဖြစ်စဉ်ဖူးမျှော်ရန်) ၄ည/၅ရက် ယခင် ~~320000~~ ယခု 160000

**ပုဂံ–ညောင်ဦး–ပုပ္ပါး–ပခုက္ကူ** (စွယ်တော်လေးဆူပြည့်ငါးပြည့်) လဝ်ဘုရားစုံ
သင်္ကြန်သီးသန့်(၄)ည (၅)ရက် ခရီးစဉ် ရွှေဟောင်း၊ပုဂံမြို့ရှိ ရှေးဟောင်းလှော်များ၊ Dinner စားရင်း/ပျော်ဖြေမှုပါ VIP 2+1 Car 160000

**ပုဂံ–မန္တလေး–စစ်ကိုင်း–ပြင်ဦးလွင်** (စွယ်တော်လေးဆူပြည့်ငါးပြည့်အထူး)
(ညပိုင်း Dinner စားရင်း ဖျော်ဖြေမှုပါ။) ၄ည/၅ရက် ယခင် ~~320000~~ ယခု 160000

**အလောင်းတော်–မန္တလေး–စစ်ကိုင်း–မုံရွာ**
**ပုံရှာဝင်းသုန္ဒတီ တိုတယ်တွင် (၂)ညအိပ်** ၄ည/၅ရက် VIP 2+1 Car ယခင် ~~340000~~ ယခု 180000

၂၀၁၅ သင်္ကြန်အတွက် သီးသန့်အဆင့်မြင့် စရိတ်ငြိမ်း ခရီးစဉ်အားလုံး ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။
အမှတ်(၅၄)၊ Orange Center ဘေး၊ ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်း။ အိမ်တိုင်ရာရောက် လက်မှတ်ဝန်ဆောင်မှု
Ph: 09-420073607, 09-73211079, 09-49250637


ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ် စာပေ လေ့လာစို့


၂၀၁၅ နှစ်သစ်ကူး မဟာသင်္ကြန်တွင်
သင်္ကြန်မဏ္ဍာပ် တပ်ဆင်ဆောက်လုပ်လိုသူများအတွက်

**သတင်းကောင်း !!!**

အရည်အသွေးမြင့် ***Scaffolding*** များဖြင့်

- သေသပ်လှပသော ဒီဇိုင်းများဖြင့် အလှဆင်ဆောက်လုပ်နိုင်ခြင်း
- ပေါ့ပါးခိုင်ခံ့ခြင်း။
- တပ်ဆင်ရလွယ်ကူပြီး အချိန်ကုန်သက်သာစေခြင်း

**OUR SERVICES**

ကျွမ်းကျင်လုပ်သားများမှ လိုက်လံ တပ်ဆင်ပေးခြင်း

သင့်တင့်သော ဈေးနှုန်းများ သတ်မှတ်ပေးထားခြင်း

**09 73201130, 09 31070936, 09 33243360**




POLO CLUB (ASIA) RESIDENCE












* ရန်ကုန်မြို့၏ အထင်ကရဖြစ်လာမည့် ၃၄ထပ်အမြင့်ရှိသော ကမ္ဘာ့အဆင့်အိမ်ရာစီမံကိန်း
* ဆန်းသစ်သော စိတ်ကူးများဖြင့် ပုံဖော်ထားသည့် ရန်ကုန်မြို့တွင်းမှ ခေတ်မီလုပသော မြို့ပြငယ်လေး
* ဆက်သွယ်သွားလာရန် လွယ်ကူကောင်းမွန်သော ၆လမ်းသွားလမ်းမကြီး၂ခု၏ဆုံရာတွင် တည်ရှိခြင်း
* စင်ကာပူနိုင်ငံမှ ဗိသုကာပညာရှင်များ၏ လက်ရာမြောက် နောက်ဆုံးပေါ်ကွန်ဒိုအိမ်ရာဒီဇိုင်း
* ရွှေတိဂုံစေတီတော်မြတ်ကြီးအား မိမိ၏နေအိမ်မှ ဖူးမြော်နိုင်မည့်အခွင့်အရေး
* အင်းယားကန်ရေပြင် နှင့် ကန်တော်ကြီး တို့၏ စိတ်ကြည်နူးဖွယ်ကောင်းသော ရှုမြင်ကွင်း
* အချိန်ပြည့် လျှပ်စစ်ဝန်ဆောင်မှုစနစ် နှင့် မိသားစုတိုင်းအတွက်လုံခြုံစိတ်ချရသော ၂၄နာရီလုံခြုံရေးဝန်ဆောင်မှုစနစ်
* Olympic size ပေ(၁၅၀)ကျော်အရှည်ရှိမည့် infinity edge ရေကူးကန် နှင့် gym, jacuzzi, spa, sauna, steam rooms, cigar room, clubhouse, multi purpose rooms အစရှိသော ကွန်ဒိုဝန်ဆောင်မှုများ

WWW.POLOCLUBASIA.COM

HOTELINES: 09-795889588 | 09-796889688 | 09-797889788

Sales Gallery : No 51/A, Corner of East Race Course Road and Laydaungkan Road, Tamwe Township, Yangon, Myanmar.

ပြည်သူ့လွှတ်တော်အစည်းအဝေး

# စက်မှုဇုန်(၂၄)ခုတွင် မြေကွက်ဖော်ထုတ်ထားရှိမှုမှာ မြေကွက်ပေါင်း(၁၀၃၀၁)ကွက်ဖော်ထုတ်၍ မြေနေရာချထားပေးခဲ့

**နေပြည်တော် မတ် ၁၇**

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင်ကျင်းပရာ စက်ရုံတည်ဆောက်ခြင်းမရှိသည့် မြေကွက်များစီမံမှု၊ အမိန့်ချပြီးသော ယာဉ်များ လေလံတင်ရောင်းချမှု၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ မတည်ငွေရရှိရေး ဆောင်ရွက်မှုဆိုင်ရာ မေးခွန်းများမေးမြန်းဖြေကြားခဲ့ကြသည်။

သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၏ "ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်မှုဇုန်များတွင် မြေကွက်ပေါင်းမည်မျှဖော်ဆောင်ထားပြီး စက်ရုံများတည်ဆောက်ခြင်းမရှိသည့် မြေကွက်များနှင့်ပတ်သက်၍ မည်သို့စီမံထားသည်ကို သိရှိလိုကြောင်း" မေးခွန်းနှင့်စပ်လျဉ်း၍ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးမျိုးအောင်က ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်မှုဇုန်(၂၄)ခုတွင် မြေကွက်ဖော်ထုတ်ထားရှိမှုမှာ မြေကွက်ပေါင်း(၁၀၃၀၁)ကွက်ဖော်ထုတ်၍ မြေနေရာချထားပေးခဲ့ပါကြောင်း၊ ယင်းမြေကွက်များအနက် စက်ရုံ၊ အလုပ်ရုံတည်ထောင်ပြီး လုပ်ငန်းလည်ပတ်

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

အမျိုးသားလွှတ်တော်အစည်းအဝေး

# အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာနနှင့် ပူးပေါင်းပြီး ကုန်ပစ္စည်း(၅)မျိုးအတွက် (၅)နှစ်စီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၇**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၂၂)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပရာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစောမော်ထွန်း၏ **"ရွှေသိုပေါ် ဆန်းမွှေးကို ဈေးကွက် ပိုမိုချဲ့ထွင်နိုင်ခြင်း ရှိမရှိနှင့် ဖျာပုံပေါ် ဆန်းမွှေးကို ဈေးကွက်တွင်း ထိပ်ဆုံးနေရာ ပြန်လည်ရောက်ရှိရေးအတွက် ဆောင်ရွက်ပေးမည့် အစီအစဉ်တို့ကို သိရှိလို ခြင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ပြန်လည်ရှင်းလင်းဖြေကြားရာတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာနနှင့်ပူးပေါင်းပြီး အမျိုးသားပို့ကုန် မဟာဗျူဟာရေးဆွဲဆောင်ရွက်လျက်ရှိရာတွင် ဆန်စပါး၊ ပဲမျိုးစုံ၊ ရေထွက်ပစ္စည်း၊ အထည်ချုပ် ပစ္စည်းနှင့် ရော်ဘာအစရှိသည့် ကုန်ပစ္စည်း (၅)မျိုးအတွက် (၅) နှစ်စီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆန်စပါးကဏ္ဍ တိုးတက်စေရန်ဆောင်ရွက်မည့် အစီအမံများတွင် မိမိနိုင်ငံမှ ထွက်ရှိသည့် ဖျာပုံပေါ် ဆန်းနှင့်

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

# ပွိုင့် - ၁၄၆၈ တောင်ကုန်းအား တိုက်ခိုက်သိမ်းပိုက်၊ ကိုးကန့်သောင်းကျန်းသူများထံမှ လက်နက်ခဲယမ်းများနှင့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁၇**

ပါစင်ကျော်ကျေးရွာနှင့် နယ်နိမိတ်မှတ်တိုင်အမှတ် ၁၃၇ ဆက်သွယ်ထားသော ကားလမ်းအား စိုးမိုးထားသည့် ပွိုင့်-၁၄၆၈ တောင်ကုန်းနှင့် ပတ်ဝန်းကျင်ရှိ စစ်ဗျူဟာအရ အရေးကြီးသော တောင်ကုန်းအချို့အား တပ်မတော်စစ်ကြောင်းများက မတ် ၁၆ ရက်နေ့ ညပိုင်းတွင် တိုက်ခိုက်သိမ်းပိုက်ရရှိခဲ့သည်။

လောက်ကိုင်ဒေသအတွင်း ပါစင်ကျော်ကျေးရွာမှ နယ်နိမိတ်မှတ်တိုင်အမှတ် ၁၃၇ သို့သွားသော ကားလမ်းမြောက်ဘက်ရှိ ကိုးကန့်သောင်းကျန်းသူအင်အားစုများ အခိုင်အမာ ခြေကုပ်ယူ ခံစစ်ပြင်ဆင်ထားသည့် ပွိုင့်-၁၄၆၈ တောင်ကုန်းနှင့် ပတ်ဝန်းကျင်ရှိ တောင်ကုန်းများအား တပ်မတော်စစ်ကြောင်းများက မတ် ၁၆ ရက် မွန်းလွဲပိုင်းမှစတင်၍ လက်နက်ကြီးပစ်ကူရယူပြီး တိုက်ခိုက်ချေမှုန်းခဲ့ရာ တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားခဲ့သည်။ ကိုးကန့်သောင်းကျန်းသူအင်အားစုများက မြေအနေအထား အသာစီးရယူ၍ ခံစစ်ကျင်းများတူးကာ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပြန်လည်ခုခံတိုက်ခိုက်ခဲ့သော်လည်း တပ်မတော်သားများ၏ ရွပ်ရွပ်ချွံချွံတိုက်ခိုက်မှုကြောင့် ည ၇ နာရီခန့်တွင် သောင်းကျန်းသူများ တောင့်ခံနိုင်ခြင်းမရှိဘဲ မြောက်ဘက်နှင့် အရှေ့မြောက်ဘက်သို့ ဆုတ်ခွာသွားခဲ့ပြီး တပ်မတော်စစ်ကြောင်းများက ပွိုင့်-၁၄၆၈ တောင်ကုန်းနှင့် ပတ်ဝန်းကျင်ရှိ တောင်ကုန်းအချို့အား သိမ်းပိုက်နိုင်ခဲ့သည်။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့**

# မြန်မာယူ -၂၂ နှင့် ထိုင်းယူ -၂၂တို့ ယနေ့ခြေစမ်းမည်

*ရှိုင်း ထက် ဇော်*

အာရှယူ-၂၃ ခြေစစ်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာယူ-၂၂ အသင်းနှင့် ထိုင်းယူ-၂၂ အသင်းတို့သည် မတ် ၁၈ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ဗန်ကောက်မြို့၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာယူ-၂၂ အသင်းသည် ထိုင်းနိုင်ငံတွင် မတ် ၁၃ ရက်ကတည်းက လေ့ကျင့်လျက်ရှိပြီး ခြေစမ်းပွဲနှစ်ပွဲကစားရန် စီစဉ်ထားသော်လည်း လာအိုအသင်းနှင့်ပွဲမှာ ပျက်ပြယ်ခဲ့သောကြောင့် ထိုင်းနှင့်ပွဲသာ ကစားရခြင်းဖြစ်သည်။ မြန်မာယူ-၂၂ အသင်းသည် ထိုင်းခြေစမ်းခရီးစဉ်မတိုင်မီက ဂျပန်နိုင်ငံတွင် လေ့ကျင့်မှုများပြုလုပ်ပြီး မတ် ၁၁ ရက်က ဂျပန်ယူ-၂၂ အသင်းနှင့် ခြေစမ်းကစားခဲ့ရာ

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့**



မြန်မာယူ - ၂၂ အသင်းနှင့် ဂျပန်ယူ - ၂၂ အသင်းတို့ မတ် ၁၁ ရက်က ခြေစမ်းကစားခဲ့စဉ်။

ယနေ့

**မာတိကာ**

စာဖတ်ရှိန်မြင့်မားရေး ပိုင်းဝန်းပေး
စာမျက်နှာ - ၂

ရွေးကောက်ပွဲ၏ ပွင့်လင်းမြင်သာ သမာသမတ်ကျမှုကို မှတ်ကျောက်တင်ရန် အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်းပါဝင်ရန်လို
စာမျက်နှာ - ၅









themirror.npt@gmail.com
www.facebook.com/themirrordaily